
www.burmeseclassic.com

GOLDEN HEART
BOOK HOUSE
ရွှေနှလုံးသားစာအုပ်တိုက်

ရွှေနှလုံးသားစာအုပ်အမှတ်(၃၁)




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၄၇၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၄၆၁၂၁၀

•

မျက်နှာဖုံး
မိုးကြီး

•

အုပ်ရေ
၅၀၀

•

ပုံနှိပ်ခြင်း
ပထမအကြိမ်

•

ထုတ်ဝေခြင်း
ဇန်နဝါရီလ၊ ၂၀၁၁

•

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊
၃/၂၆၇၊ ခရေပင်လမ်း၊
ဝေဘာဂီသစ်၊ မြောက်ဥက္ကလာပ။

•

အတွင်းပုံနှိပ်သူ
ဒေါ်ခင်အေးသွင် (၁၀၀၈၉)၊ စာလုပ်ငန်းပုံနှိပ်တိုက်၊
၁၉၄ (မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

•

မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြ၊ ဝဿန်ပုံနှိပ်တိုက်၊
၁၇၅(မြေညီထပ်)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်။

•

တန်ဖိုး - ၁၆၀၀

မင်းလူ ၈၉၅ .၈၃
မျောက်လက်/ မင်းလူ။ – ရန်ကုန်၊
မိုးစန္ဒာစာပေ၊ ၂၀၁၀။
၁၅၂-စာ၊ ၁၃ .၄ × ၁၉ .၃ စင်တီ
(၁) မျောက်လက်



သူမျှားကို ပကောင်းကြီးစည်ဖို့ဆိုတာ
ထင်သလောက် မလွယ်လှကြောင်း
သူတို့သိဖို့ကောင်းပါသည်။
ဒီလိုကိစ္စမျိုးမှာ
ပါရမီတတ်ခံကလည်းလိုသေးသည်။
ဥပမာ-သူခိုးလုပ်မယ့်လူဟာ
သူခိုးအင်္ဂါရပ်နဲ့တော့
ညီညွတ်ဖို့လိုပါသည်။
ကိုယ်ခန္ဓာတည်ဆောက်ပုံကအစ

(တိုင်းချစ်မင်းလူနှင့်
ယိုးအယားပြန်ခင်မြင့်တို့၏
စာပေစင်တင်တိုက်ပွဲကြီး)


www.burmeseclassic.com

www.burmeseclassic.com



စာပေလောကသားတွေကို
ကလောက်ကိုစွဲထားသည့်
ဝတ္ထုမျိုးဆိုလျှင်ကား
‘သားဘက်ထရီအိုးထမ်းလာတာမြင်လိုက်ရသလို’
ချက်ချင်းအားပြည့်
လန်းဆန်းလာမှာပဲဟုမျှော်လင့်မိသည်။

(ဓာတ်စာမူ)




www.burmeseclassic.com

www.burmeseclassic.com




သားမိုးလာမယ်ဆိုတော့
စိတ်ဝင်တစားစောင့်ကြည့်သူတွေရှိလာသည်။
ရိုးရိုးတန်းတန်းတော့လာမှာမဟုတ်။
သူ့ထုံးစံအတိုင်း
တစ်ခုခုထူးခြားအောင်တော့
လုပ်လာမှာပဲ။
သူငယ်တော်လိုပဲဝတ်စားလာမလား။
ဦးရွှေရိုးလိုပဲဆင်မြန်းလာမလား။
ဇော်ဂျီလိုပဲ တောင်ဝှေးထမ်းလာမလား။
လာမယ့်လာတော့

(တပေငွေပေါ်အရင်းပြုတ်ဈေးပွဲတော်ကြီး)

BURMESE CLASSIC .com



အခမ်းအနားကို
ကိုယ်တိုင်မတက်ရောက်နိုင်တဲ့
အပြည်ပြည်ဆိုင်ရာ
ဟာသစာရေးဆရာများအသင်း
ဥက္ကဋ္ဌဆရာကြီးမင်းလူက
ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့ကနေ
ဗွီဒီယိုဖုန်းနဲ့ တိုက်ရိုက်
နှုတ်ခွန်းဆက်သပါတော့မယ်ခင်ဗျား

(ရွှေအမြုရုံ့ငွေရတု)

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ရာတစ်ကြောတွင်
ပင်းပုနေကြသူတွေကတော့
ညာတုရင်များဖြစ်ကြသော
လပ်းမတော်မြတ်နိုင်၊
ပုဏ္ဏားဟိန်းလတ်၊
ပန်ကာမောင်မှိုးတို့ဖြစ်ကြ၏။
ထို့အတူ
ရန်ကုန်အရှေ့ပိုင်းမှာလည်း
ညောင်တန်းလှမိုက်
သံလက်သီးမိုးမြင့်ညိုပြီးတို့ညီအစ်ကိုတွေ
ကပ်းနားတစ်ပိုက်မှာကျတော့
တးချစ်ဝင်းမောင် စသည်ဖြင့်
သူ့အပိုင်းနှင့်သူ
ကြီးစိုးနေကြသည်။
ဒီလိုကာလမျိုးမှာပင်
သူတို့နှင့်အပြိုင်
နာမည်တစ်ခုက
ထင်ပေါ်ကျော်ကြားလာခဲ့လေသည်။

(ဘိုလ်မှောက်အင်)

မှောက်လက် =

၁။ မှောက်သတ္တဝါခေါ်လက်
၂။ တံခါးချက်၊ သေတ္တာဖုံး စသည်တွင် သော့ခတ်ရန်တပ်ထားသောပစ္စည်း
၃။ လက်သော့တတ်သူ
၄။ လက်အငြိမ်မနေနိုင်၊ ဟိုခြစ်ဒီခြစ် ပေါက်ကရလျှောက်ရေးတတ်သူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| တိုင်းချစ်မင်းလူနှင့်ယိုးဒယားပြန်ခင်မြဇင်တို့၏<br>စာပေ စင်တင် တိုက်ပွဲကြီး... | ၁၃ |
| ဓာတ်စာမှု | ၂၅ |
| မျောက်နေကိုင်း | ၄၁ |
| စာပေငွေပေါ်အရင်းပြုတ်ဈေးပွဲတော်ကြီး | ၆၁ |
| ရွှေအမြုံရဲ့ငွေရတု | ၈၅ |
| ဘိုလ်မျောက်ဒင် | ၁၁၁ |





www.burmeseclassic.com

www.burmeseclassic.com

## တိုင်းချစ်မင်းလှူနင့်ယိုးဒယားပြန်ခင်မြဇင် တို့၏စာပေစင်တင်တိုက်ပွဲကြီး

ဟားဟား၊ ဘဲဥမလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်။

စာဖတ်ပရိသတ်များ သိပြီးဖြစ်တဲ့အတိုင်း ၂၀၀၅၊ အောင်တိုဘာထုတ် သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းမှာ 'မူပိုင်ခွင့်များ ဖောက်ဖျက်ခြင်း (သို့) ဆရာမျောက်လှူ'*ဆိုသော ခေါင်းစဉ်ဖြင့် ခင်မြဇင်က ကျွန်တော့်ကို တုံ့ပြန်ရေးသားထားသည်။

ကျွန်တော့်ဝတ္ထုတွေထဲမှာ သူ့ကို ဇာတ်ကောင်လုပ်ပြီး ပေါက်ကရလျှောက်နှောက်ထားတာကို မကျေနပ်လို့ ပြန်ပြီး နှိပ်ကွပ်ဖို့ ကြိုးစားတာလေ။ ဘယ်လောက်များ ကက်ကက်လန်အောင်ရေးထားမလဲဟု စိတ်ဝင်တစားဖတ်ကြည့်သည်။ တော်တော်တော့ ကြိုးစားပြီး ရန်တွေထားတာပါပဲ။ သို့ရာတွင် ကျွန်တော့်မှာ ဖတ်ရင်း ဖတ်ရင်းက စိတ်မဆိုးနိုင်တဲ့အပြင် သူ့ကို သနားတောင် သနားလာမိပါသည်။

တချို့နေရာများမှာ ငါသာဆို ပိုထိအောင် ဒီလိုရေးလိုက်မှာပဲဟု ကိုယ့်ပေါင်ကိုယ်လှန်ထောင်းဖို့ စိတ်ကူးလေးတွေတောင် ထွက်လာလိုက်သေးသည်။ တကယ်လို့ သူသာ ကျွန်တော်နှင့်တိုင်ပင်

* ခင်မြဇင်၏ ယောင်တောင်တောင် တစ်ရာကိုးဇင်၏ ကြောင်တောင်တောင် ဖွင့်ဟဝန်ခံချက်များ စာအုပ်တွင်ရှု။



ပြီးရေးလျှင် ကျွန်တော်၏ ငယ်ကျိုးငယ်နာများနှင့်ပတ်သက်ပြီး ထိရောက်သော အကြံဉာဏ်တွေတောင် ပေးလို့ရပါသေးသည်။

ခုတော့ ခင်မြဇင်ရေးပုံက ပျော့စိစိနိုင်လွန်းလှသည်။ 'ငါကသာ သူများကို ဆော်မယ်နက်မယ်။ ငါ့ကိုတော့ နည်းနည်းလေးမှ ပြန်ကျောဖို့ စိတ်မကူးနဲ့' ဆိုတဲ့လူမျိုးဆိုလျှင်တော့ နာကောင်းနာမည်။ ကျွန်တော့်လို မျက်နှာပြောင်တဲ့လူအဖို့တော့ သူရေးလိုက်တဲ့အတွက် ဝဲစွဲနေတဲ့လူကို ခြင်ကိုက်ခံရသလောက်သာ ရှိလေသည်။

❖

တကယ်တော့ ခင်မြဇင်သည် ရန်စွယ်ငေါငေါ လုပ်တတ်သူမျိုးမဟုတ်။ ဒေါသမဖြစ်တတ်တဲ့သူ၊ လောဘမရှိသူ၊ မာန်မာနကင်းစင်သူ၊ အညာကနေ တက္ကသိုလ်လာတက်တဲ့ တောသူရိုးရိုး အအလေးတစ်ယောက်အဖြစ် စတင် သိကျွမ်းခင်မင်ခဲ့ရသည်။ ကဗျာတွေလည်း ရေးသဖြင့် ပေါင်းမိကြခြင်းဖြစ်၏။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်က ပေါက်တတ်ကရတွေ လျှောက်ရေးနေတဲ့အချိန်မှာ သူ့ကဗျာတွေက အဆင့် မီသလောက်ဖြစ်နေပြီ။

ကဗျာတွေကောင်းသော်လည်း လူက အူတူတူ အတတဆိုတော့ အမြဲနှပ်ချတာခံရတတ်သည်။

တက္ကသိုလ်မှာ လက်ရေးကဗျာစာအုပ်ကလေးတွေ စုပြီးထုတ်မယ်စီစဉ်ကြတော့–

"ခင်ဗျား ငါးဆယ်ပဲထည့်၊ ကျန်တာ ကျွန်တော်တို့ အကုန်စိုက်မယ်"

ဟု ကျွန်တော်တို့က ပြောသောအခါ ခင်မြဇင်က ဘာမှမသိရှာဘဲ မရှိမဲ့ ရှိမဲ့ထဲက ငွေငါးဆယ်ထုတ်ပေးရှာပါသည်။ အမှန်က ဖယောင်းစက္ကူပေါ်မှာ လက်နဲ့ရေး၊ စာကူးစက်နှင့်လှည့်ထုတ်ရ

www.burmeseclassic.com



သော ကဗျာဟာအုပ်ကလေး၏ ကုန်ကျစရိတ်မှာ အားလုံးပေါင်းမှ လေးဆယ့်ငါးကျပ်လောက်သာ ကျသည်။ သူ့ဆီကရတဲ့ ငါးဆယ်က လက်ဖက်ရည်ဖိုး ငါးကျပ်လောက် ပိုထွက်လာသေးသည်။

စာအုပ်တွေကို သူငယ်ချင်းတွေဆီ တွန်းထိုးရောင်းရလို့ ငွေလေးနည်းနည်းပါးပါး ရတော့လည်း သူ့ပိုက်ဆံတွေ ပြန်ပေးတာမဟုတ်။ လက်ဖက်ရည်ဆိုင် ထိုင်ချင်ထိုင်၊ သံလမ်းမှာသွားမှော့ချင်မှော့နဲ့ ကုန်တာပဲ။

ဒီအခါမှာ သူက ပြစ်တင်ကြိမ်းမောင်းပြီး အတင်းပြန်တောင်းတာမျိုး မရှိ။

"အင်း–ဒုက္ခပါပဲ၊ ပိုက်ဆံက သိပ်မရှိရတဲ့ကြားထဲမှာ အဆောင်ကြေးသွင်းဖို့ ဖယ်ထားတဲ့ထဲက ပေးလိုက်ရတာ။ အဆောင်က ထမင်းဖြတ်တာ ခံရတော့မှာပဲ"

ဟု သနားစဖွယ် ညည်းညူခြင်းကိုသာ ပြုရှာသည်။

အနုပညာအသင်း ပန်းချီသင်တန်းက ကောင်တွေကလည်း သူ့ဆီက ပိုက်ဆံမကြာခဏ ချေးတတ်ပြီး ဘယ်တော့မှ ပြန်မပေးကြ။

(မောင်မောင်စနေဟာ အဆိုးဆုံးပေါ့၊ သူ့ကောင်မလေး ဖက်တီးပုတ် ခင်စောဦးကို ဖားချင်တာနဲ့ပဲ ကြားက ခင်မြဇင်ခမျာ ပိုက်ဆံထုတ်ချေးရသည်။ ခင်စောဦးကလည်း နှစ်ပွဲလောက်စားရမှ ကျေနပ်တာ။)

ခင်မြဇင်ကတော့ ခံဘက်ကချည်းပဲ။ သူ့ကိုဆိုလျှင် အနိုင်ကျင့်ချင်တဲ့ လူက များသည်။ ဒီလိုအခါမျိုးမှာလည်း ထမိန်စွန်တောင်ဆွဲပြီး တုံ့ပြန်တိုက်ခိုက်ဖို့ စိတ်မကူး။ 'ဒုက္ခပါပဲ' ဟူ၍ ညည်းညူရုံသာ တတ်စွမ်းရှာသည်။ ဒါကြောင့်လည်း သူ့ကို 'ခိုမြဇင်'လို့ခေါ်ကြတာပေါ့။ ခုလည်း သူ ကျွန်တော့်ကို တုံ့ပြန်ရေးသားတဲ့ လေးသံ





မှာ 'ခို'သံပါနေလေသည်။

ခင်မြဇင်ဟာ

လင်မရခင်အခါ

ဆင်မ. . . အဲ ....

ဆင်မယဉ်သာကလေးပါ။

သူသည် သူငယ်ချင်းတွေကြားမှာ အမြဲတမ်းအနိုင်ကျင့်ခံရပြီး ဘာမှလည်း ပြန်မလုပ်တတ်သူဖြစ်၏။ ထို့ကြောင့် သူ့ရှေ့က မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးမည့် သူရဲကောင်းကိုရှာသော အခါ ဆရာကိုသန်းအုံးကို တွေ့ခြင်းဖြစ်ဖြစ်၏။

သို့ရာတွင် 'သူရာပုလင်း'ကို 'စူပါမင်း'လို့ မှတ်ပြီး 'ယမကာအိုး'ကို 'အာနိုး' ထင်မိတာ ခင်မြဇင်ရဲ့ အမှားပါပဲလေ။

သူ့လူကြီးက ဘယ်လောက် အားကိုးရသလဲဆိုတော့ ခင်မြဇင်က ကျွန်တော့်ကို တုံ့ပြန်တိုက်ခိုက်မယ်လို့ ကြုံးဝါးတဲ့အခါ သူက

www.burmeseclassic.com

www.burmeseclassic.com



အားပေးအားမြှောက်မလုပ်တဲ့အပြင်–

"မင်းကွာ လျှောက်မရေးပါနဲ့။ ဟိုကောင့်ကို အားနာစရာကြီး"

လို့ ပြောသတဲ့။ တကယ်ရေးတဲ့အခါကျတော့လည်း ဟိုစကားလုံးက ကြမ်းပါတယ်၊ ဒီဟာတော့ ပြင်းထန်လွန်းတယ်ဆိုပြီး လိုက်တားမြစ်နေသေးသည်ဆို၏။ ဒီသတင်းကြားတော့–

"အစ်ကိုရာ၊ ရေးချင်တာရေးပါစေ၊ လွှတ်ပေးလိုက်ပါ။ သူစိတ်ချမ်းသာရင် ပြီးတာပါပဲ"

ဟု ခံရမယ့် ကျွန်တော်ကိုယ်တိုင်ကတောင် ဝင်ပြီး ကူပြောပေးခဲ့ရသေးသည်။

အမှန်တော့ ဆရာကိုသန်းအုံးသည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ ကျွန်တော်တို့ စာရေးဆရာ ပေါက်စဘဝက အနားတောင် မသီရဲလောက်အောင် ဩဇာ အရှိန်အဝါ ကြီးမားသော မိုးဝေစာပေမဂ္ဂဇင်းကြီးမှာ အယ်ဒီတာလုပ်ခဲ့သူ ဖြစ်၏။

သူသာ တည်တည်တံ့တံ့ ဆက်နေခဲ့လျှင် ဆရာတစ်ဆူအဖြစ် တလေးတစား ရှိနေပေလိမ့်မည်။ ခုတော့ သူက ကျွန်တော်တို့ ငယ်နိုင်ငယ်သူငယ်ချင်းခင်မြဇင်နဲ့ လက်ထပ်လိုက်တော့ သူ့ကိုပါ သူငယ်ချင်းအရာသွင်းပြီး အရိုသေတန်ကုန်ကြတာပေ့ါ။

သူ့လူကြီးကို မျက်စိမှန်တယ်ပြောလို့ဆိုပြီး ခင်မြဇင်က မကျေမနပ် ဖြစ်ချင်သေးသည်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ မငြင်းနိုင်တဲ့ သက်သေအထောက်အထားရှိ၏။ ဆရာကိုသန်းအုံးအနေဖြင့် ခင်မြဇင်ကို ကြိုက်မိတယ်ဆိုတာကိုက မျက်စိမှန်နေလို့ပဲ မဟုတ်လား။

❖

ဒီနေရာမှာ 'စာကြို့'တုန်း တင်ပြစရာလေးတစ်ခု ရှိပါသေးသည်။ ခင်မြဇင်လိုပဲ ကျွန်တော့်ကို တုံ့ပြန်တိုက်ခိုက်ရေးသားဖို့



ကြိုးစားနေသူတစ်ယောက် ရှိနေတဲ့အကြောင်းပင်ဖြစ်၏။ ထိုသူကတော့ နာရေးဆရာမ(အဲ...ဆောရီး) စာရေးဆရာမ သန်းမြင့်အောင်ပင် ဖြစ်၏။

သူက ခင်မြဇင်ထက်စာလျှင် မဆိုစလောက်ကလေးတော့ ပိုပြီး လည်လည်ဝယ်ဝယ်ရှိတယ် ဆိုနိုင်သည်။ သူတစ်ယောက်တည်းဆိုလျှင် ကျွန်တော့်ကို မနိုင်မှာစိုးသဖြင့် တပ်ပေါင်းစုဖွဲ့ပြီး ရင်ဆိုင်ဖို့ ကြံစည်သည်။ သူ့စိတ်ကူးက ကျွန်တော်၏ ကလောင်ဖြင့် နှိပ်စက်သောဒဏ်ခံခဲ့ရသော စာပေသမားများကို လိုက်ပြီး အင်တာဗျူးမည်။ ထိုသူများ၏အကြံဉာဏ်ကိုပါရယူပြီး ဝိုင်းဝန်းထိုးနှက် တိုက်ခိုက်မည်။

သူကတော့ သူ့ဘာသာ လုံလုပြီထင်နေတာ။ သူတို့အထဲမှာ သစ္စာဖောက်တစ်ယောက်က ရှိနေသည်။ ရန်ကုန်မြို့ ရေကျော်လမ်းနေ (ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၊ ဒေါ်နီနီခင်တို့၏ ချွေးမ၊ ကိုကျော်ဇင်ခေါ်ဘုန်းတင့်ကျော်၏ဇနီး၊ ပြည့်ပြည့်နှင့် ပုလုကွေးတို့၏ အမေ)ကုံကော်ဝတ်ရည်စာပေတိုက်ပိုင်ရှင် အမျိုးသမီးက အထက်ပါ လျှို့ဝှက်ချက်ကို ကျွန်တော့်အား လာရောက်သတင်းပေးလေသည်။ (စာနယ်ဇင်း ကျင့်ဝတ်အရ သတင်းပေးသူ၏အမည်ကိုတော့ ဖော်ပြခြင်းမပြုဘဲ လျှို့ဝှက်ထားပါသည်။)

သူကလည်း စေတနာနဲ့ လာသတိပေးတာတော့ မဟုတ်။ ခုလိုလာပြီး လက်ထောက်ချသဖြင့် သူ့စာအုပ်တိုက်အတွက် ဝတ္ထုစာအုပ်များ ရေးပေးမလားဆိုသော မျှော်လင့်ချက်ကြောင့်သာ ဖြစ်၏။ ထုတ်ဝေသူတွေ အဲဒီအတိုင်းပဲ၊ မယုံရဘူး။

ကျွန်တော်ကလည်း သူပြောတဲ့အတိုင်း ဟုတ်သလားလို့ အစ်မကြီးသန်းမြင့်အောင်ကို သွားမေးတော့–

"အေး...ဟုတ်တယ်။ နင့်ကို လက်စားချေချင်နေတဲ့လူတွေက

www.burmeseclassic.com

www.burmeseclassic.com



တော့ အများကြီးပဲ။ ဒါပေမဲ့ တကယ်ရေးမယ်လုပ်တော့ ထိထိမိမိ ရှိမယ့်အချက်အလက်တွေ ရှာရခက်နေကြတယ်"

"ဒါမျိုးက အရူးလက်မှတ်ရှိတဲ့လူမှ ရေးနိုင်တာဗျ။ ဒီလိုလုပ်လေ။ တစ်ရက်လောက် ကျွန်တော့်အိမ်ကို လာခဲ့။ အစ်မကြီးတို့ မသိသေးတဲ့ ငယ်ကျိုးငယ်နာလေးတွေကို ကျွန်တော့်ဘာသာပဲ ဖော်ကောင်လုပ်ပြီး ဖြောင့်ချက်ပေးပါ့မယ်"

"အေးဟယ်–ကျေးဇူးပါပဲ"

ကဲ–ဘယ်လောက် အူတူတူနိုင်တဲ့ ဆရာမလဲလို့။ သဖန်းသီးမှည့်ကို မျောက်ရဲ့ အသည်းနှလုံးပါလို့ ယုံစားမိတဲ့ မိကျောင်းမိုက်လိုပါပဲလား။

အမှန်အားဖြင့် ဆရာမသန်းမြင့်အောင်သည် ပရဟိတလုပ်ငန်းတွေကို အားကြိုးမာန်တက် ဆောင်ရွက်နေသော စေတနာရှင်တစ်





ဦးသာဖြစ်၏။ လူမှုရေးလုပ်ငန်းတွေ ဆိုရာမှာလည်း အပျံစားဝတ်စားပြင်ဆင်၊ စိန်ထည်တွေ ပြိုးပြိုးပြက်ပြက် ဆင်ယင်လို့ရသောနေရာမျိုးမဟုတ်။ ရေဝေးတို့ ထိန်ပင်တို့လို သုသာန်တွေမှာ ဘယ်လိုလုပ် ဟန်ရေးပြမလဲ။

သူ လုပ်နေတာတွေက နာရေးကူညီမှုအသင်း၊ အနာကြီးဝေဒနာသည်တွေ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေ၊ မိဘမဲ့ကလေးတွေ၊ ခိုကိုးရာမဲ့ကလေးငယ်လေးတွေအတွက် ထောက်ပံ့ကူညီရသော လုပ်ငန်းများ ဖြစ်၏။

ဒါတွေဆောင်ရွက်နိုင်ဖို့အတွက် သူ့ကိုယ်ပိုင် စီးပွားရေးကိုတောင် လှည့်မကြည့်နိုင်။ ဈေးထဲမှာ ဆိုင်လေးတစ်ဆိုင်ရှိတာကို ပစ်ထားလို့ ဝယ်သူလာတဲ့အခါ အမြင်မတော်သော ဘေးဆိုင်တွေက ဝင်ကူရောင်းပေးထားရသတဲ့။

ခုလို ကုသိုလ်ရေးတွေကို အိုးပစ်အိမ်ပစ်လုပ်နေတဲ့အတွက် သူ့မိဘအပါအဝင် မိသားစုက မငြိုငြင်တဲ့အပြင် နောက်ဆံမငင်ရအောင် ချက်ရေးပြုတ်ရေး၊ လျှော်ဖွပ်ရေးကအစ အိမ်မှုကိစ္စတွေ တာဝန်ယူပေးထားရသည်ဟု ကြားဖူးသည်။

သူ့လိုလူမျိုးကို 'မာသာသန်းမြင့်အောင်' လို့တောင် ခေါ်ဖို့ကောင်းပါသည်။

❖

တကယ်တော့ အစ်မကြီး သန်းမြင့်အောင်တို့၊ သူငယ်ချင်းခင်မြဇင်တို့ဆိုတာ သူတော်ကောင်းတွေပါ။ သူတို့ရေးတဲ့ စာတွေကလည်း ဘဝသရုပ်မှန် အကျိုးပြုစာပေတွေပဲ။ ဒီလိုလူတွေက ကျွန်တော့်လိုကောင်မျိုးနဲ့ အံတုယှဉ်ပြိုင်ဖို့ ကြိုးစားတာဟာ ဖဲလိမ်ရိုက်တတ်တဲ့လူနဲ့ တစ်ဝိုင်းတည်းထိုင်မိတဲ့ ကျောင်းတကာလိုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပေါ့။

သူများကို မကောင်းကြံစည်ဖို့ဆိုတာ ထင်သလောက် မလွယ်လှကြောင်း သူတို့သိဖို့ကောင်းပါသည်။ ဒီလိုကိစ္စမျိုးမှာ ပါရမီဓာတ်ခံကလည်း လိုသေးသည်။ ဥပမာ သူခိုးလုပ်မယ့်လူဟာ သူခိုးအင်္ဂါရပ်နဲ့တော့ ညီညွတ်ဖို့လိုပါသည်။ ကိုယ်ခန္ဓာ တည်ဆောက်ပုံကအစ ဒါရိုက်တာအောင်မင်းသိမ်းတို့၊ မောင်မြေကြီး(ပန်းတောင်း)တို့၊ ကျွန်တော်တို့လို ပါးပါးလျားလျား ရှိရပါမည်။ နီကိုရဲဆိုလျှင် သူခိုးလုပ်လို့ အကောင်းဆုံးပေါ့။ တော်ရုံအပေါက်လောက်ဆိုလျှောခနဲ ဝင်နိုင်ထွက်နိုင်သည်။ တကောင်းစာပေက နေမျိုးသူရတို့၊ နွမ်ဂျာသိုင်းတို့လို ဘုတ်ထိုင်းကြီးတွေက သူခိုးလုပ်လို့ ဘယ်ရပါ့မလဲ။ ဓားပြလုပ်လျှင်တော့ အောင်မြင်နိုင်သည်။

ပြီးတော့ ခါးပိုက်နှိုက်ဆိုလျှင်လည်း ပန်းချီမြင့်မောင်ကျော်တို့ ဇေယျာမြတ်ခိုင်တို့လို လက်သွက်တဲ့လူတွေမှ ဖြစ်မှာ။ သီဟရတနာ သိမ်းစိုးတို့၊ ဆရာလေး ဒေါက်တာတင်စံဦးတို့လို၊ ငေးငေးငိုင်ငိုင် လေးတိသေးကန်လူမျိုးတွေဆိုလျှင် လက်နှေးနေတာနဲ့ ကွိခနဲ မိမှာပဲ။

ဒီသဘောမျိုးပေါ့။ သူများကို ပေါက်ကရ လုပ်ကြံဖန်တီးထားတဲ့ စာမျိုးဆိုတာ ကျွန်တော်တို့လို ဦးနှောက်ပုံမှန်မဟုတ်တဲ့ လူမျိုးတွေသာ ရေးနိုင်တာ။

ကျွန်တော့်အနေဖြင့်လည်း စာပေလောကသားတွေကို ဇာတ်ကောင်လုပ်ပြီး မဟုတ်ကဟုတ်ကတွေ ရေးရတာ လွယ်တယ်များမှတ်နေသလား။ ခေါင်းထဲက လျှောလျှောရှူရှူ ထွက်လာခြင်းမဟုတ်။ တချို့ဝတ္ထုတွေဆို နှစ်နဲ့ချီပြီး ကြာတဲ့အထိ အောင်းထားရသည်။ ဒီကြားထဲမှာ အချက်အလက်တွေ စုရသည်။ ဇာတ်ကောင်တွေ နေရာချရတာကိုက တော်တော် ဦးနှောက်စားသည်။ တ



ကယ်ချရေးတဲ့ အခါကျတော့လည်း ဝတ္ထုတိုတစ်ပုဒ်ကို တစ်လလောက်ကြာအောင် ပင်ပင်ပန်းပန်း ရေးရတာနော်။ (ဒီစာကို ရေးနေတာတောင် ဆယ်ရက်လောက်ရှိပြီ။)

လောကကြီးမှာ တစ်ခါတရံကျတော့လည်း မကောင်းကြံစည်ရတာက ကုသိုလ်လုပ်ရတာထက် ပိုခက်ချင် ခက်နေတတ်သည်။

အလှူခံပုံးထဲကို ပိုက်ဆံထည့်ရတာ လွယ်သလောက် ပုံးထဲကပြန်ပြီး နှိုက်ထုတ်ခိုးယူဖို့ကျတော့ အလွန် ခဲယဉ်းတယ် မဟုတ်လား။

❖

ဒီသဘောအတိုင်းပါပဲ။ ဆရာမသန်းမြင့်အောင်တို့ ခင်မြဇင်တို့က ကျွန်တော့်ကို တုံ့ပြန်နှိပ်ကွပ်ဖို့ ကြိုးစားတဲ့အတွက်‘မျောက်တုလို့ ဝက်ခုန်ရင် ရွံ့စင်ရုံသာ ရှိတော့မပေါ့’လို့သာ ဆိုရတော့မှာပဲ။

ဒီအကြောင်းတွေ စဉ်းစားရင်းက သူတို့အဖြစ်နှင့်ဆင်သော ကြားဖူးဖတ်ဖူးသည့် မြန်မာ့ရိုးရာ ဟာသပုံပြင်လေးတစ်ပုဒ်ကို သွားသတိရမိ၏။

တစ်ခါက ဘုန်းကြီးလူထွက်တစ်ယောက်သည် တစ်ကိုယ်တည်းနေရတာ ငြီးငွေ့လာသဖြင့် အိမ်ထောင်ပြုလိုက်သည်။ ဘုန်းကြီးလူထွက်ဆိုတော့လည်း ထုံးစံအတိုင်း အပျိုကြီးနဲ့ပဲ ရတာပေါ့။

သူ့စိတ်ကူးထဲမှာတုံးကတော့ မိန်းမရရင် အပြုအစု အယုအယခံပြီး ဇိမ်နဲ့နေရလိမ့်မယ်ထင်ခဲ့တာ။ တကယ်တမ်းကျတော့ အပျိုကြီးက (ဟိုစာရေးဆရာမအပျိုကြီးတွေလိုပဲ) ဘာမှမလုပ်တတ်၊ မကိုင်တတ်။ လမင်းဟင်းတောင် ဖြောင့်အောင်မချက်တတ်သဖြင့် အချိုးမပြေတာ တွေက များနေသည်။ ဘုန်းကြီးလူထွက်ကလည်း ရဟန်းဘဝက လာတာဆိုတော့ တတ်နိုင်သမျှ သည်းခံပြီး နေနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ ထမင်းက အရမ်းဆာနေတဲ့အချိန်မှာ ချက်လို့ ပြုတ်လို့က မပြီးသေး။ စောင့်ရင်းက အချိန်တွေကြာလာတော့ စိတ်တိုစပြုလာပြီ။ တော်တော်ကြီးကြာမှ ကျက်ပြီဆိုပြီး ခူးခပ်ကျွေးသည်။ ထမင်းက ပျော့ပြဲနေသည်။ ဟင်းတွေက တူးခြစ်နေသည်။ ဟင်းချိုက ငန်ကျုက်နေ၏။ ဒီမှာ ဒေါသက ပေါက်ကွဲတော့သည်။ သို့ရာတွင် ဘုန်းကြီးလူထွက်ဆိုတော့ ဌာန်ကရိုဏ်းကျအောင်လည်း မဆဲတတ်။ စာသံ၊ ပေသံနဲ့ ဟောတာပြောတာကလည်း အကျင့်ကြီးပါနေတော့ –

'နင့်အမေကလွှားကြလေကုန်တော့သတည်း'

လို့ ထအော်ဆဲလိုက်ပါသတဲ့။

ခုလည်း မျက်စောင်းတောင် အချိုးကျအောင် မထိုးတတ်ရှာကြတဲ့ အစ်မကြီး သန်းမြင့်အောင်တို့၊ သူငယ်ချင်း ခင်မြဇင်တို့က ကျွန်တော့်ကို ရန်တွေ့ဖို့ ကြိုးစားကြတာဟာ သီလရှင်လူထွက်က ကျိန်ဆဲသလို–

'သေနာကောင်များရှင်...'

ဆိုသော လေသံမျိုးသာ ဖြစ်ရှာလေကုန်တော့သတည်း။

မင်းလူ

*(ကျွန်တော့်ရဲ့ စာပေဇာတ်ဆောင် စာရေးဆရာများအနေနဲ့ တုံ့ပြန်ပြီး ကလူကြည်စယ်လိုတယ်ဆိုရင် အားမနာတမ်း ရေးကြပါ။ စိတ်မဆိုးပါဘူး။ ပျော်စရာတောင် ကောင်းသေးဗျာ)*

( ရယ်စရာမဂ္ဂဇင်း အမှတ်–၁၊ ဒီဇင်ဘာ၊ ၂၀၀၅ )



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်စာမှု

တစ်လောက တုပ်ကွေးဝင်ချင်သလိုလို ဖြစ်သည်။ ကျောထဲက စိမ့်ခနဲ စိမ့်ခနဲ ချမ်းသည်။ ခေါင်းတွေကအုံပြီး လူက မလန်းဆန်း ကိုယ်တွေလက်တွေ ကိုက်ခဲချင်သည်။ ဒါဟာ ပရိတုပ်ကွေးပဲဆိုတာ အတွေ့အကြုံအရ သိနေ၏။

ဖျားလို့ မဖြစ်သေး။ စာရေးစရာတွေ အများကြီး ရှိနေလို့ဆိုသောကိစ္စက ဒီလောက်မဟုတ်။ ကမ္ဘာ့ဖလား ဘောလုံးပွဲစဖို့ ငါးရက်လောက်သာ လိုတော့တဲ့အကြောင်းက အဓိကဖြစ်၏။ တစ်နေ့နှစ်ပွဲ၊ ညဥ့်နက်ပိုင်းတွေချည်းပဲ။ မလွတ်တမ်းကြည့်ဖို့ အားခဲထားတာ။ ဖျားလို့မဖြစ်။ ထို့ကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆေးတွေ သောက်ထားလိုက်သည်။

တုပ်ကွေးက ဝင်တော့ဝင်လာသည်။ ဆေးက ဦးသွားလို့လားတော့မသိ။ သိပ်မပြင်းထန်လှ။ တစ်ခုရှိတာက တုပ်ကွေးနှင့်ဆေးပြင်းတွေ ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ကြရာမှာ ကြားထဲမှ ကျွန်တော်က တော်တော်ခံလိုက်ရသည်။ ကတုန်ကယင်ကြီးဖြစ်ပြီး တလှုပ်လှုပ်မောသည်။ ခြေလက်တွေတောင် မသယ်ချင်။ အိပ်ရာထဲမှာပဲ ခွေနေချင်သည်။ ဘာမှလည်း စားချင်သောက်ချင်စိတ်မရှိ၊ လက်ဖက်ရည်တစ်မျိုးထဲသာ ခံတွင်းတွေ့သည်။ ဘောလုံးပွဲတောင်မှ မကြည့်ဘဲ မနေနိုင်လွန်းလို့သာ လန်းဆန်းသွားအောင် ရေဆူအား



ဆေးတွေသောက်၊ လက်ဖက်ရည်တွေဖျော်၊ စောင်ပါးလေးခြုံပြီး ကြည့်ရသည်။

ဒီလို အခြေအနေမျိုးမှာ ဆရာမကလျာကြီး ဆေးရုံတက်ရလို့တဲ့ဆိုသော သတင်းကိုကြားရသည်။ သွားကြည့်ချင်သော်လည်း ကိုယ်ကိုယ်တိုင်က ခေါင်းမထူနိုင်သဖြင့် မရောက်ဖြစ်။သတင်းသွားမေးတဲ့လူက ညောင်နာနာ လူမမာရုပ်၊ ချောင်းလေးက တဟွပ်ဟွပ်နဲ့ဆိုတော့လည်း ဘယ်သင့်တော်ပါ့မလဲ၊ ပြီးတော့ ကျွန်တော့်မှာ တုပ်ကွေးပိုးလက်ကျန် ရှိချင်ရှိနေမှာ၊ အားနည်းနေတဲ့ လူမမာဆီကူးသွားရင် ဘယ်လိုလုပ်မလဲ။

ဆရာမကလျာကြီးမှာ နှလုံးခုန်မြန်တဲ့ရောဂါရှိတယ်လို့လည်း သိရ၏။ တချို့ကလည်း တုပ်ကွေးမိပြီး အပြင်းဖျားလို့ ဆေးရုံတက်ရတာဟု ဆိုကြသည်။ ထိုတုပ်ကွေးမှာ ဆရာဦးစိန်ကြီးဆီကတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်သည်ဟု စာနယ်ဇင်းအသိုင်းအဝိုင်းကြားမှာ ဝေဖန်ပြောဆိုနေကြကြောင်း သိရ၏။ 'စိန်ကွန်နရီ'ကတော့ အစွပ်ခွဲခံရတာပါဟု ငြင်းဆိုလေသည်။

ဆရာမသည် ဘယ်သူ့ကိုမဆို အကူအညီပေးဖို့ ဝန်မလေးတတ်သူဖြစ်၏။ ထို့ကြောင့် ဆရာမ နေမကောင်းဘူးကြားတော့ သတင်းမေးမယ့်သူတွေက များလွန်းလို့ ရက်ချိန်းတောင်း၊ တိုကင်ယူရမလိုတောင် ဖြစ်နေ၏။ စားစရာ သောက်စရာတွေ၊ အားဆေးတွေဆိုတာကလည်း မြန်မာပြည်တဝှမ်းသာမက နိုင်ငံခြားကပါ ပေးပို့လာကြသည်။

(တချို့လည်း သီသီကြီးနဲ့ ခေါက်ဆွဲကြော်တွေ တမင်တကာဝယ်လာပြီး လူမမာက မတည့်ဘူးဆိုတော့မှ 'ဒါဆိုလည်း ကျွန်မတို့ပဲ စားလိုက်တော့မယ်နော်' ဆိုပြီး ကိုယ်ဝယ်လာတာ ကိုယ်ပြန်စား၊ သူများပို့ထားတဲ့ ကော်ဖီမစ်တွေ ဖျော်သောက်ကြတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



တော့ရှိသည်။)

ဆရာမကလျာတို့များ လူချစ်လူခင်ပေါလိုက်တာ။ အားကျစရာတောင် ကောင်းသည်။ ကျွန်တော်ကျတော့ ဒါမျိုးမဟုတ်။ တစ်ခါက ဗိုက်မကောင်းလို့ မစားနိုင်မသောက်နိုင်ဘဲ တပိန်ပိန်တလိန်လိန်ဖြစ်နေတာ ဘယ်သူမှလာပြီး သတင်းမေးဖော်မရ။ ဘာစားသောက်စရာမှလည်း မပို့ကြ။ 'ဆရာမသန်းမြင့်အောင်'တစ်ယောက်သာ လမ်းကြုံလို့ မသိမသာ အကဲခတ်သွားတာပဲ ရှိ၏။

အမှန်တော့ ဆရာမကလျာအနေဖြင့် ဘယ်သူက ဘာစားစရာမှ မပေးလည်း အရေးတော့မကြီး။ သူ့ဘာသာ ဝယ်စားနိုင်သည်။ ပစ္စည်းထက် သူ့အပေါ်ထားကြသော စေတနာကို ပို၍ တန်ဖိုးထားသူဖြစ်၏။(ထို့ကြောင့် ကျွန်တော်လည်း စေတနာကိုသာပေး၏)

ဆရာမနှလုံးခုန်မြန်တဲ့ ရောဂါဖြစ်တာကလည်း သိပ်တော့ မဆန်း။ စာနယ်ဇင်း အယ်ဒီတာတိုင်းလိုလို အနည်းနဲ့အများ ဖြစ်တတ်ကြတာပါပဲ။ စာမူကောင်းကောင်း မရမှာ ပူရ၊ စာအုပ်အချိန်မီ မထွက်နိုင်မှာ ပူရ၊ စက္ကူပြတ်သွားမှာ ပူရ၊ နာမည်ကြီး ဆရာဆရာမတွေ စိတ်ကောက်မှာကို ပူရနဲ့ အမြဲလိုလို ရင်တုန်နေကြရတာ မဟုတ်လား။

ထို့ကြောင့် ခုချိန်မှာ ဆရာမကလျာအတွက် လိုအပ်နေသော ဓာတ်စာက စားကောင်းသောက်ဖွယ်တွေ၊ ဖြည့်စွက်အာဟာရတွေ၊ အားဆေးတွေမဟုတ်။ သူ့မဂ္ဂဇင်းအတွက်စာမူတစ်ပုဒ်သာ ဖြစ်၏။ ထို့ကြောင့်လည်း ဒီဝတ္ထုကို 'ဓာတ်စာမူ'ဟု ခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်၏။

ဝတ္ထုဆိုတာတောင်မှ ဟာသလေးတွေပါလျှင် နာလန်ထလူမမာအတွက် ပိုပြီး သင့်တော်မည်။ သူ၏သည်းခြေကြိုက်ဖြစ်သော စာပေလောကသားတွေကို ဇာတ်ဆောင်လုပ်ပြီး ကလူကျီစယ်



ထားသည့် ဝတ္ထုမျိုးဆိုလျှင်ကား 'သားဘက်ထရီအိုး ထမ်းလာ၀..
မြင်လိုက်ရသလို' ချက်ချင်းအားပြည့်လန်းဆန်းလာမှာပဲဟု မျှော်လင့်မိသည်။ ထို့ကြောင့် အောက်ပါဝတ္ထုလေးကို လုပ်ကြံဖန်တီးရေးသားလိုက်ရခြင်း ဖြစ်ပါ၏။

❖

ပါဝင်သောဇာတ်ဆောင်များ

မင်းကြီးစိန်–ဆရာဦးစိန်ကြီး (ပန်းချီ၊ ကာတွန်း)၊

မိဖုရားကြီး–ဆရာမကလျာ(ဝိဇ္ဇာ–သိပ္ပံ)၊

မယ်မယ်ဦး–ဆရာမကြီးခင်ဆွေဦး(ကန်တော့နော်ဒေါ်လေး)၊

မွေးရှန့်ကုန်း–ပန်းချီမမွေး၊

ဂင်စံဦး–ဒေါက်တာတင်စံဦး၊

ကျော်ဇင်အိုး–ကိုကျော်ဇင်(ဘုန်းတင့်ကျော်)၊

သီဟာဂျွန်စော–သီဟလတ်။

မင်းကြီးစိန်သည် ခုတလော ခံတွင်းပျက်ပြီး မစားနိုင်မသောက်နိုင် ဖြစ်နေ၏။ အရိပ်တကြည့်ကြည့်နေသော မိဖုရားကြီးမှာလည်း အတော် စိုးရိမ်သောကရောက်နေရ၏။ မင်းကြီးစိန်ကား ကိုရီးယား ဘုရင်တွေလိုပဲ) ဟင်းမြည်းတာကို တော်တော် ဝါသနာပါသူ ဖြစ်၏။ ဒီလိုပုဂ္ဂိုလ်မျိုးက အစားအသောက်ပျက်တော့ လူတွင်မက နှုတ်ခမ်းမွေးပါ ပိန်သွားသည်ဟု ထင်ရသည်။

နန်းတွင်းသမားတော် 'ဂင်စံဦး'ကို စစ်ဆေး ကြည့်ရှုနိုင်းရသည်။ ဂင်စံဦးမှာ ရောဂါရှာလို့မရ။ ဘာမှမဖြစ်ပါဘူးပြောလို့လည်း မဖြစ်။ ထို့ကြောင့် ကန့်ဓာတ်ပါသော ဘဲသားစားလို့ဖြစ်တာဟု ကောက်ချက်ချလိုက်သည်။ ထိုအခါ ဘဲသားရောင်းသော 'နှမ်ဂျာသိုင်း'ဆိုသူမှာ အချောင်သက်သက် ဘုမသိဘမသိ အချုပ်ထဲ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးစိန်ရဲ့ ရောဂါ ကတော့ ဘဲသား မစားပေမယ့်လည်း ထူးခြားမှုမရှိ။ ထိုအခါ 'ဂင်စံဦး'က မက်ခရုပေါက်နေတာဟု ဆိုလာပြန်သည်။ ထို့နောက် လျှာကို ငရုပ်ကောင်းမှုန့်တွေနှင့် ပွတ်ခိုင်းသည်။ မသက်သာတဲ့အပြင် အပူလောင်ပြီး လျှာကြီးပါယောင်လာသဖြင့် 'ဂင်စံဦး'မှာလည်း သုံးရက်တိတိ ထိပ်တုံးခတ် ခံရပြန်သည်။

ထိုကိစ္စတွေကို ဖြေရှင်းဖို့ တာဝန်သည် နန်းတော်ဆောင် အုပ်ချုပ်ရေးမှူး'မယ်မယ်ဦး'၏ ခေါင်းပေါ် ကျလာသည်။ သူက စားဖိုဆောင်ထဲကို ဝင်ရောက်စစ်ဆေးကြည့်သည်။ ထိုအခါမှ အဖြေကို တွေ့ရ၏။

စားတော်ကဲကြီး မွေးရှန်ကုန်းသည် ဟင်းလျာတွေချက်တဲ့ဘက်မှာ စိတ်ဝင်စားမှု လျော့နည်းနေသည်။ သူ့အာရုံက နန်းတော်ဆောင်မှ လူပျိုတော်သားလေး 'သီဟဂျွန်စောဆီ' ရောက်နေသည်။ ဒါတွင်မက ဂျင်စင်း၊ ငှက်သိုက်၊ ကုံကုမံစသော အဖိုးတန်ပစ္စည်းများကို ပွဲတော်ဟင်းလျာထဲ မထည့်ဘဲ သီဟဂျွန်စောကို ခိုးခိုး ကျွေးနေခဲ့သည်။ ထို့ကြောင့် ပွဲတော်ဟင်းလျာများမှာ အရသာမရှိတော့သဖြင့် မင်းကြီးစိန် ခံတွင်းမလိုက်ဘဲ ဖြစ်နေရတာ။

ထိုကိစ္စအတွက် ပြစ်ဒဏ်ကြီးကြီးမားမား ပေးရမည် ဖြစ်သော်လည်း 'မွေးရှန်ကုန်း'သည် မိဖုရားကြီး၏အချစ်တော်ဖြစ်နေသဖြင့် သက်ညှာသောအားဖြင့် ကတုံးရိတ်ပြီး သီလရှင်ကျောင်းမှာ ငါးနှစ်သွားနေရန်သာ အမိန့်ချလိုက်သည်။

'သီဟဂျွန်စော'ကိုတော့ ကုန်းကုန်းအဖြစ် ဘဝပြောင်းရန် ပြစ်ဒဏ်ပေးသည်။ စီရင်ခါနီးဆဲဆဲကျမှ မင်းကြီးစိန်က သနားသွားပြီး လျှော့ပေါ့ပေးလိုက်သည်။ ဘုန်းတော်ကြီးကျောင်းမှာ ကုဋီသန့်ရှင်းရေးတာဝန်ကို ထမ်းဆောင်ပေးရန်။

ဒီနောက်မှာတော့ ပွဲတော်ဟင်းလျာချက်ဖို့ကို မယ်မယ်ဦးက



သာ ယာယီတာဝန်ယူနေရသည်။ မယ်မယ်ဦးသည် ဟင်းချက်ကောင်းတာတော့ မှန်သည်။ သို့ရာတွင် အသက်က ကြီးလာတော့ မျက်စိက မှုံလာပြီ။ ထိုအခါ ဆားနဲ့သကြားများထည့်တာတို့၊ ငရုတ်သီး အရောင်တင်မှုန့်နဲ့ နနွင်း ကွဲကွဲပြားပြား မမြင်ရတာတို့ ဖြစ်နေ၏။ တစ်ခါတော့ မင်းကြီးစိန်စားမယ့် ထမင်းထဲမှာ ဆံပင်ဖြူတစ်ချောင်းတောင် ပါလာခဲ့သေးသည်။

(ထိုကိစ္စကို အမှတ်တရရှိစိမ့်သောငှာ နောင်အခါတွင် 'မယ်မယ်ဦး'သည် 'ဆံပင်ဖြူမဂ္ဂဇင်း' ကို ထုတ်ဝေခဲ့ပါသေးသည်။)

အထက်ပါအကြောင်းများကြောင့် နန်းတွင်းစားဖိုဆောင်အတွက် စားတော်ကဲကြီးတစ်ဦး ရွေးချယ်ခန့်အပ်ဖို့ လိုအပ်လာလေသည်။ ဝါရင့်တဲ့သူတွေထဲမှာ 'ချွဲချန်ကုန်း'၊ 'သလိပ်ရှန်ကုန်း'၊'နှပ်ရှန်ကုန်း' တို့ရှိသည်။ သို့ရာတွင် သူတို့က ညစ်ပတ်သည်။ တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိ။ စားတော်ကဲကြီးဆိုတာက သန့်ပြန့်ရမည်။ ရုပ်ရည်လည်း ပြေပြစ်မှုရှိရမည်။

ထိုအခါ သင့်တော်သူနှစ်ယောက် ပေါ်လာသည်။

တစ်ယောက်က 'ဝိုင်းရှန်ကုန်း' သူက သွက်လက်ချက်ချာသည်။ စကားအပြောအဆိုတတ်သည်။ မိဖုရားကြီး သဘောကျသူဖြစ်၏။

နောက်တစ်ယောက်ကတော့ 'ဂျူးရှန်ကုန်း'ဖြစ်၏။ သူက ဂျစ်ကန်ကန် ပေကပ်ကပ်နိုင်သည်။ သို့ရာတွင် ဉာဏ်ရည်ထက်မြက်သောကြောင့် မယ်မယ်ဦးက ထောက်ခံချက်ပေးထားသည်။

ထိုသူနှစ်ယောက် အကြိတ်အနယ် ပြိုင်ရတော့မည်။

❖

ပထမအဆင့်ကတော့ ထမင်းချက်ပြိုင်ရခြင်း ဖြစ်၏။ ထမင်းချက်တာကတော့ သိပ်မခက်လှ။ သို့ရာတွင် ထူးခြားမှုရှိဖို့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com





သတ်မှတ်ထားသောအချိန်တွင် ထမင်းအိုးနှစ်အိုးကိုယူလာပြီး ယှဉ်လျက်ချထားသည်။ ဂျူးရှန်ကုန်း၏အိုးကို အရင်ဖွင့်သည်။

"ဒီထမင်းအိုးက ဘာထူးခြားလို့လဲ"

မင်းကြီးစိန်က မေးလိုက်သည်။ ဂျူးရှန်ကုန်းက–

"သုံးရောင်ခြယ်ထမင်း ဖြစ်ပါတယ်"

ဟုပြောရင်း ထမင်းစောက်နက်နက်ခူးပြီး ပန်းကန်ထဲထည့်ပြလိုက်၏။ မှန်သည် ထမင်းရဲ့ အောက်ပိုင်းက တူးနေသောကြောင့် အမည်းရောင်ဖြစ်နေ၏။ အလယ်ပိုင်းက အညိုရောင်၊ အပေါ်ပိုင်းက ဖြူဖွေးနေသည်။

"အင်း…ဟုတ်ပေသားပဲ"

မင်းကြီးစိန်က မိန့်သည်။ မယ်မယ်ဦး၏ မျက်နှာ ပြုံးယောင်သမ်းသွားသည်။ မိဖုရားကြီးက–

"ဝိုင်းရှန်ကုန်းရဲ့ ထမင်းအိုးကိုလည်း ကြည့်ရအောင်"



ဝိုင်းရှန်ကုန်းက ထမင်းအိုးကို ဖွင့်ပြပြီး–

"ဒါဟာ အဆာသွပ်ထမင်းဖြစ်ပါတယ်"

ဟုဆို၍ ထမင်းအိုး၏အလယ်ပိုင်းကို ယောက်မနှင့်ကော်ပြီး ခပ်လိုက်သည်။ အထဲက ကြက်ဥပြုတ်တစ်လုံးထွက်လာ၏။

"တော်တော် ထူးခြားတဲ့ စိတ်ကူးပဲ၊ ထမင်းရော၊ ဟင်းပါ တစ်ပြိုင်တည်းချက်နိုင်တာပဲ"

မင်းကြီးစိန်က ချီးကျူးစကားဆိုသည်။ ထို့ကြောင့် ပထမပွဲစဉ်တွင် ဝိုင်းရှန်ကုန်းက အနိုင်ရရှိသွားသည်။

❖

အမှန်တော့ သူတို့နှစ်ယောက်စလုံးသည် ထမင်းဟင်းကို သိပ်ကောင်းကောင်းကန်းကန်း ချက်တတ်ကြသူများမဟုတ်။ ကျောထောက်နောက်ခံ အကူအညီလေးတွေ ကိုယ်စီရှိနေကြသောကြောင့်သာ ခပ်တည်တည်နဲ့ ဝင်ပြိုင်နေကြခြင်း ဖြစ်၏။

'ဂျူးရှန်ကုန်း'ကို 'မယ်မယ်ဦး'က နောက်ကွယ်မှ အကြံဉာဏ်တွေပေးနေခဲ့သည်။ လိုအပ်လျှင် အလစ်မှာ ရောက်ရှိလာပြီး ကူညီချက်ပြုတ်ပေးတတ်သည်။

"ဝိုင်းရှန်ကုန်း"ကတော့တစ်မျိုး။ သောင်းစုမှူး'ကျော်ဇင်အိုး'နှင့် ငြိတိတိ ချိတ်တိတ်တိတ် ဖြစ်နေသည်။ 'ကျော်ဇင်အိုး'မှာ နန်းတွင်းရိက္ခာတော်ဌာန တာဝန်ခံဖြစ်၏။ ထို့ကြောင့် 'ဝိုင်းရှန်ကုန်း' အနေဖြင့် ရှားပါးပြီး အဖိုးတန်သော စားဖိုဆောင်သုံးပစ္စည်းတွေ 'ကျော်ဇင်အိုး'ဆီက အထောက်အပံ့ရနိုင်သည်။

(နန်းတွင်းရိက္ခာတော်တိုက်သို့ သားငါး၊ ဟင်းသီးဟင်းရွက်၊ ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းလိုသော ကုန်သည်များအနေဖြင့် 'ကျော်ဇင်အိုး'ကို အသပြာတစ်သောင်းစီ ပေးကြရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ကို သောင်းစုမှူးဟု ခေါ်ကြခြင်းဖြစ်၏။)

❖

ဒုတိယပွဲစဉ်ကတော့ သက်သတ်လွတ်ဟင်းလျာပြိုင်ပွဲ ဖြစ်၏။

ထိုကိစ္စအတွက် "ဝိုင်းရှန်ကုံး"မှာ ပြဿနာတစ်ခုဖြစ်ခဲ့ရသည်။ သက်သတ်လွတ်ဟင်းလျာကို ချက်နေရင်းက ဟိုအရင် နှင်းမှုန်မှုန်ကျနေတဲ့ ညတစ်ညမှာ 'ကျော်ဇင်အိုး'က သူ့လက်ကလေးကို ဆုပ်ကိုင်ထားခဲ့ပုံအကြောင်း စိတ်ကူးယဉ်နေမိသဖြင့် ဟင်းအိုးတူးခြစ်သွားခဲ့သည်။ ပြိုင်ပွဲချိန်က ကပ်နေပြီဖြစ်သဖြင့် ပြန်ချက်ဖို့လည်း မမီတော့။ ထို့ကြောင့် နန်းတွင်းသူကလေးတစ်ယောက်ကို ချစ်တီးဆိုင်က ပဲကုလားဟင်းပြေးဝယ်ခိုင်းပြီး သူချက်သလိုလိုနဲ့ ယူလာခဲ့ရ၏။

"ကိုင်း...ဝိုင်းရှန်ကုန်းရဲ့ ဟင်းလျာကို အရင်ဖွင့်ပြစမ်း"

ဟင်းအိုးအဖုံးကို ဖွင့်လိုက်သည်။

"အင်း...အနံ့ကတော့ စားချင်စရာပဲ၊ ဒီဟင်းထဲမှာ ဘာတွေပါသလဲ"

ဟု မင်းကြီးစိန်က မေးသည်။

"အသီးအရွက်တွေ ပါပါတယ်"

"ဒါတော့ သိတာပေါ့၊ ဟင်းခတ်အမွှေးအကြိုင်တွေကို ပြောတာ"

'ဝိုင်းရှန်ကုန်း ခဏမျှတွေသွားသည်။ ပြီးမှ ကြားဖူးတာတွေကို ပြောလိုက်သည်။

"ဘုတ်ဆုံမ ငရုတ်သီးအရောင်တင်မှုန့်ရယ်၊ အောင်မောင်းတံဆိပ် နနွင်းရယ်၊ လွင်မဆလာရယ်..."

"ဩ...ဒါကြောင့် မွှေးတာကိုး"

'ဂျူးရှန်ကုန်း၏ဟင်းအိုးကို ဖွင့်ပြရပြန်သည်။ ထူးဆန်းသော



ရနံ့တစ်မျိုး ထွက်ပေါ်လာသည်။ ဖြစ်ပုံကတော့...

'ဂျူးရှန်ကုန်း'သည် စားတော်ကဲအရွေးခံမယ်သာဆိုတယ် ဟင်းသီးဟင်းရွက်တွေကို ပြည့်ပြည့်စုံစုံ ခွဲခြားသိလှတာ မဟုတ်။ ခုရာသီမှာ ရှားရှားပါးပါးဖြစ်နေသော ကညွတ်ကို ကြော်ချက်ချက်မည်ဟု စိတ်ကူးခဲ့သည်။ သို့ရာတွင် ဇရစ်ရိုးတွေကို ကညွတ်နဲ့မှားပြီး ချက်မိသည်။ ဒီကြားထဲမှာ တိတ်တဆိတ်လာကူညီသော 'မယ်မယ်ဦး'ကလည်း မျက်စိမှုံနေသဖြင့် နံနံပင်အစပ်ရမယ့်အစား ဒေါနပန်းခက်တွေ ထည့်သွားသည်။

သို့တိုင်အောင် ဘယ်လိုကဘယ်လို အစပ်အဟပ်တည့်သွားမှန်းမသိ။ ဟင်းနံ့က အထူးမွှေးကြိုင်ပြီး အရသာကလည်း ထူးခြားနေသည်။

ထို့ကြောင့် ဒီတစ်ပွဲမှာတော့ ဂျူးရှန်ကုန်းက နိုင်သွားလေသည်။

❖

တတိယနှင့်နောက်ဆုံးပွဲစဉ်။ တစ်ယောက်တစ်ပွဲစီနိုင်ခဲ့ကြပြီးဖြစ်သောကြောင့် ဒီပွဲက ဗိုလ်လုပွဲဖြစ်၏။ နိုင်တဲ့လူက စားတော်ကဲကြီး ဖြစ်ပြီ။

ပြိုင်ပွဲခေါင်းစဉ်က အသားဟင်းတစ်မျိုးကို အရသာထူးကဲအောင် ချက်ရမည်ဖြစ်၏။ အရေးကြီးသော ပွဲစဉ်ဖြစ်သဖြင့် 'မယ်မယ်ဦး'က 'ဂျူးရှန်ကုန်း'ကို တိတ်တဆိတ် အကြံဉာဏ်တွေပေးသည်။ 'ကျော်ဇင်အိုး'ကလည်း 'ဝိုင်းရှန်ကုန်း'အတွက် လိုအပ်သော ပစ္စည်းတွေ ပံ့ပိုးပေးသည်။ ပွဲကြီးပွဲကောင်းပါပဲ။

ဂျူးရှန်ကုန်း၏ဟင်းကို အရင်စစ်ဆေးသည်။

"ဘာဟင်းချက်လာခဲ့သလဲ"

"ဝက်လေးမျိုးဟင်း ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝက်လေးမျိုးဟုတ်လား၊ နာမည်ကိုက ထူးခြားနေပြီ"

"မှန်ပါတယ်၊ ဝက်သားရယ်၊ ဝက်မြေစာဥရယ်၊ ဝက်မလွတ်ငှက်ပျောသီးရယ်ကို ရောပေါင်းပြီး ချက်ထားပါတယ်"

"ဝက်သုံးမျိုးပဲ ရှိပါသေးလား၊ တစ်မျိုးကျန်သေးတယ်"

ဟုမိဖုရားကြီးက စကားထောက်လိုက်တော့ ဂျူးရှန်ကုန်းက–

"ဒီဟင်းကို ဝက်သစ်ချသားထင်းနဲ့ ချက်ထားတာပါ"

'မယ်မယ်ဦး'က ကျေနပ်စွာ ပြုံးလိုက်၏။ မင်းကြီးစိန်က ခေါင်းတညိတ်ညိတ် လုပ်ရင်း–

"ထူးခြားပြောင်မြောက်ပါပေတယ်"

"ဂျူးရှန်ကုန်းက 'ဝိုင်းရှန်ကုန်း'ကို အထက်စီးက ပြုံးပြီး ငုံ့ကြည့်လိုက်သည်။ 'ဝိုင်းရှန်ကုန်း'၏မျက်နှာထားက တည်ငြိမ်ပြီး လျှို့ဝှက်လွန်းလှသည်။

"ကဲ...."

ဝိုင်းရှန်ကုန်းအလှည့်။

ကာယကံရှင်တွေသာမက စောင့်ကြည့်နေသော ပရိသတ်တွေပါ ရင်တထိတ်ထိတ် ဖြစ်နေကြ၏။ မင်းကြီးစိန်နှင့် မိဖုရားကြီးတောင် စိတ်ဝင်စားမှုကို မဖုံးကွယ်နိုင်ဘဲ ဟင်းအိုးကို စိုက်ကြည့်နေကြသည်။

'ဝိုင်းရှန်ကုန်း'က ဟင်းအိုးပေါ်မှာ ဖုံးအုပ်ထားသော ဇာပဝါကိုလှပ်လိုက်သည်။ ဟင်းအိုးအဖုံးကို တဖြည်းဖြည်းဖွင့်လိုက်သည်။ အငွေ့များ ဝေ့ဝဲထွက်လာသည်။

"ဒါကတော့ ကြက်သားကို ကြက်ဟင်းခါးသီး၊ ကြက်သဟင်းရွက်၊ ကြက်လည်ဆံရွက်၊ ကြက်ပေါင်သီး၊ ကြက်မောက်သီး၊ ကြက်သွန်ဥတွေနဲ့ရောပြီး ကြက်ဆူဆီမီးဖိုနဲ့ ချက်ထားတဲ့ ကြက်ရှစ်မျိုးဟင်းလျာပဲ ဖြစ်ပါတယ်"



'ဟင်ခနဲ'၊ 'ဟာခနဲ' တအံ့တသြရေရွတ်သံတွေ တစ်ပြိုင်နက်ထွက်ပေါ်လာသည်။ ခဏအကြာတွင် မင်းကြီးစိန်က လက်ခုပ်တီးလိုက်၏။ မိဖုရားကြီးက အားပါးတရ ပြုံးလိုက်သည်။

ပြိုင်ပွဲရလဒ်ထွက်ပေါ်လာခဲ့ပြီ။

❖

'ဝိုင်းရှန်ကုန်း'က နှစ်ပွဲတစ်ပွဲနဲ့ အနိုင်ရရှိပြီး စားတော်ကဲကြီးအဖြစ် ခန့်အပ်ခံရသည်။ 'ဂျူးရှန်ကုန်း'ကတော့ ရှုံးနိမ့်သူတို့ ထုံးစံအတိုင်း တရုတ်ဆေးခါးကြီး တစ်အိုးလုံးကုန်အောင် သောက်ရပြီးနောက် 'မျောက်ကျွန်း'သို့ နယ်နှင်ဒဏ်ပေးခြင်း ခံရလေသည်။

သို့တိုင်အောင် ဂျူးရှန်ကုန်းသည် စိတ်ဓာတ်ခိုင်မာသူဖြစ်သောကြောင့် ဘဝကို အရှုံးပေးလက်မြှောက်ခြင်းမရှိ၊မျောက်ကျွန်းတွင် ဆေးပညာကို လိုက်စားသည်။ သစ်ဥသစ်ဖုများ၏ အစွမ်းသတ္တိကို လေ့လာသည်။

ထိုအချိန်တွင် မျောက်ကျွန်းမှ ပညာရှိကြီးမျောက်လူခေါ် လီယောင်ဂျေးခေါ် 'ရိန်း'သည် ထူးဆန်းသောရောဂါတစ်ခုကို ခံစားနေရသည်။ ရှိရှိသမျှ သမားတော်တွေလည်း မကုသနိုင်သဖြင့် လက်လျှော့ထားရသည်။ အခြေအနေက စိုးရိမ်စရာတောင် ဖြစ်နေ၏။

'ဂျူးရှန်ကုန်း'က သူစမ်းကြည့်ပါရစေဟု ခွင့်တောင်းသည်။ အစကတော့ ဆေးပညာဆရာပေါက်စမို့ အထင်သေးပြီး ခွင့်မပြုကြ။ နောက်ဆုံးတော့ မတတ်သာတော့သဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ကြည့်ရှုခိုင်းသည်။

ထိုအခါကျမှ မျောက်ဖလူးခေါ် မျောက်တုတ်ကွေးဖြစ်နေကြောင်း ဖော်ထုတ်တွေ့ရှိရလေသည်။ 'ဂျူးရှန်ကုန်း'က သူ ရှာဖွေလေ့လာစုဆောင်းထားသော သစ်ဥသစ်ဖုများဖြင့် ကုသပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာ အချိန်တိုအတွင်းမှာပင် လုံး၀ပျောက်ကင်းသက်သာသွားသည်။

ဆရာကြီးမျောက်လူလည်း ကျေးဇူးတင်လွန်းသဖြင့် ဂျူးရှန်ကုန်းကို တပည့်ရင်းအဖြစ် လက်ခံပြီး စာပေပညာများ သင်ကြားပေးသည်။ ဂျူးရှန်ကုန်းမှာ ဉာဏ်ရည်ဉာဏ်သွေး အလွန်ထက်မြက်သဖြင့် မကြာခင်ကာလမှာပင် ဆရာထက်တောင်ပိုပြီး ထူးချွန်တတ်မြောက်သွား၏။

ထို့နောက် ဂျူးရှန်ကုန်း၏ ပထမဆုံးလုံးချင်း စာအုပ်ဖြစ်သော…

'မျောက်တို့၏မာယာ'

အမည်ရှိဝတ္ထု ထွက်လာသည်။ ပရိသတ်လက်ခံအားပေးမှုကို




ရရှိသည်။ ဆက်လက်၍…

'ရာဝင်အိုးထဲမှာ မောင့်ကို ထားရစ်ခဲ့'

ဆိုသောဝတ္ထု ထွက်လာပြန်သည်။ ပို၍ နာမည်ကြီးလာသည်။



တတိယမြောက်စာအုပ်ဖြစ်သော…

'ကြာတော့သည်လည်း ဘတ်စကား'

ဝတ္ထုကြီးထွက်လာသောအခါမှာ တခဲနက်အားပေးကြပြီး စူပါစရေးဆရာ ဖြစ်သွားလေတော့သည်။

နာမည်ကြီး ဒါရိုက်တာများဖြစ်ကြသော 'မျောက်ပွား'၊ 'မောင်မျောက်မင်း'၊ 'မျောက်တီး'တို့ကလည်း သူ့ဝတ္ထုများကို အလုအယက် ဝယ်ယူပြီး ပြဇာတ်များ တင်ဆက်ကြသည်။ လူကြိုက်အလွန်များပြီး နန်းတွင်းထဲမှာ ကပြအသုံးတော်ခံရတဲ့ထိ အောင်မြင်သည်။

ထို့ကြောင့် ဂျူးရှန်ကုန်းကို နန်းတွင်းသို့ ပြန်ခေါ်ပြီး စာဆိုတော်အဖြစ် ဂုဏ်ပြုမြှောက်စားရသည်။ ဒါတွင်မက သူက ဆေးပညာလည်း ကျွမ်းကျင်ထက်မြက်သောကြောင့် မိဖုရားကြီးခံစားနေရသော နှလုံးတုန်ရင်ခုန်မြန်နေသော ဝေဒနာကိုလည်း လုံး၀ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သည်။

သူက ဆေးဝါးတွေ ဓာတ်စာတွေမသုံးဘဲ စိတ်ပညာနည်းဖြင့် ကုသပေးခဲ့သည်။ ထိုကုထုံးကား မိဖုရားကြီးအနေဖြင့် မင်းကြီးစိန်ကို ဝေးဝေးရှောင်နေရန်ပင် ဖြစ်ပေသည်။

မင်းလူ

(ကလျာမဂ္ဂဇင်း အမှတ် ၂၆၃၊ ဇန်နဝါရီ၊ ၂၀၀၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မျှော့ကပ်နေကိုင်း

ဆရာမကလျာကြီးအနေဖြင့် မဂ္ဂဇင်းအတွက် စာမူအမြန်ရဖို့ အကြံအဖန်လုပ်ရာမှာ နည်းလမ်းအသစ်တွေ ထပ်ထွင်ရန် လိုအပ်နေပြီဟု အကြံပြုလိုပါသည်။ အခု သူ ကျင့်သုံးနေသော ထဲက် ခဏိတ် (တက်ကနစ်ကို အတ္တကျော်မှုနဲ့ရေးတာ)ကြီးက ရိုးစင်းလွန်းအားကြီးနေပြီ။

နှလုံးအားနည်းတယ်၊ ညည အိပ်မပျော်ဘူး၊ လူက မောမောနေတယ်၊ ခြေတွေလက်တွေတောင် မသယ်ချင်ဘူး၊ စာမူတွေ အချိန်မီမရမှာ စိုးရိမ်ပူပန်နေရတော့ ပိုဆိုးတယ် စသည်ဖြင့် လူတွေ လျှင် ငိုပြတတ်သည်။ သနားပြီးတော့ စာမူပေးအောင် ကြံတာလေ။ လွန်ခဲ့တဲ့တစ်နှစ်လောက်ကတောင် ဆေးရုံတက်ချင်ယောင်ဆောင်ပြီး စာမူချူခဲ့သေးသည်။

ဟိုတစ်လောကလည်း အလှူပွဲတစ်ခုမှာ ဆုံတော့ ကျွန်တော်က…

"ဆရာမ နေကောင်းလား"

ဟု မေးရိုးမေးစဉ်အတိုင်း နှုတ်ဆက်သည်။ သူက အကွက်တော့ ဝင်လာပြီဆိုပြီး…

"မကောင်းလှပါဘူး၊ ခြေထောက်တွေလေးပြီး လမ်းလျှောက်ရတာ အဆင်မပြေဘူး၊ ခြေသည်းကျိုးပေါင်းတက်တာလို့ အမရာ




(ဆေးတစ်)ကတော့ ပြောတာပဲ။ အဲဒါ ခြေသည်းကို စိတ်စိစကင် ရိုက်ရမည်ပြောတယ်၊ ဗိုက်ပူသူတော်ကလည်း သူနဲ့တူတူ ဘန်ကောက်မှာ ဆေးစစ်ဖို့ ခေါ်နေတယ်"

ဟု တစ်ခါမှမကြားဖူးတဲ့ ရောဂါကို အကြောင်းပြပြီး

"အဲဒါ စာမူတစ်ပုဒ်လိုချင်တယ်"

ဘာမှလည်း မဆိုင်ဘူး။ ကျွန်တော်ကလည်း ထိုကာလမှာ စိတ်ကို စုစည်းလို့မရဘဲ အာရုံတွေပျံ့လွင့်နေသည်။ စာမကုံးချင်ဘူး'ဆိုသော အခြေအနေမျိုး ဖြစ်နေ၏။ သူ့မဂ္ဂဇီးန်(မဂ္ဂဇင်း) အတွက် ရေးမပေးနိုင်သေး။ ထို့ကြောင့် စာမူတော့ မပေးနိုင်သေးဘူး ဆရာမ နေမကောင်းတဲ့အတွက် ဆေးတွေတော့ ပေးနိုင်တယ်ဟု ပြောလိုက်၏။




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပေးတဲ့ဆေးတွေက နိုင်ငံခြားဖြစ်တွေတော့ မဟုတ်။ တိုင်းရင်းဆေးများသာ ဖြစ်၏။ သူက မသောက်ဘဲနေသည်။ တိုင်းရင်းဆေးတွေကို မယုံသောကြောင့်တော့ မဟုတ်။ ကျွန်တော့်ကို မယုံခြင်းသာ ဖြစ်၏။ ကျွန်တော်ကလည်း ကျွန်တော် ပါပဲ။ ပေါက်ကရတွေ လျှောက်ရေးတာကိုး။ ဒီတော့ ကျွန်တော်ပေးတဲ့ဆေးကလည်း ပေါက်ကရတွေ ဖြစ်နေမှာကို လန့်နေသလား မသိ။ ကျွန်တော်က တွေ့တဲ့အခါတိုင်း ဆေးတွေ မသောက်ဘူးလား မေးမေးနေတော့ ပိုပြီး သက်ာမကင်း ဖြစ်ဟန်တူသည်။ သောက်ဖြစ်အောင် သောက်ပါဆရာမရယ်ဟု အတင်းတိုက်တွန်းတော့မှ–

"အင်း...အခုလောလောဆယ်မှာတော့ အိမ်ကကိုစိန်ကြီး နှုတ်ခမ်းမွေး အတက်ပေါက်နေလို့ သူ့ကို အဲဒီဆေးတွေ စမ်းသောက်နိုင်းထားတယ်။သူ့ဘာမှ ပြဿနာမဖြစ်ဘူးဆိုမှ တို့များလည်း သောက် ကြည့်မယ်"

❖

ကျွန်တော်က အခုလို နောက်တီးနောက်တောက်တွေ လျှောက်ရေးတော့ စာရေးခံရတဲ့ စာရေးဆရာတချို့က လက်စားချေတဲ့ပြန်ဖို့ ကြိုးစားကြည့်ကြသေးသည်။ ကျွန်တော်ကလည်း အားပေးသည်။ စာပေဝေဖန်ရေးလုပ်ရာမှာတောင် တစ်ယောက်နဲ့ တစ်ယောက် အသေအကြေဆော်ကြသေးတာပဲ။ ခုဟာက စာပေသမားချင်း ချစ်လို့ခင်လို့ ကလူကျီစယ်ကြတာ။ ပျော်စရာတောင် ကောင်းသေး။

ပြန်ရေးမယ်။ ပြန်ရေးမယ်နဲ့ ကြုံးဝါးကြသော်လည်း တကယ်တမ်းကျတော့ လက်တွန့်နေကြသည်။ ကိုယ်ကပဲ ဘယ်လိုလဲ မရေးသေးဘူးလား၊ မြန်မြန်ပြန်ရေးကြလေဗျာ၊ တော်ကြာ သွေး



အေးသွားဦးမယ်ဟု လောဆော်ရသည်။

ကိုကြီးညို(ဆရာချစ်ဦးညို)ကတော့ ပြန်ရေးမည်ဟု ဆိုလာသည်။

"ကိုယ်က ရေးချင်လှလို့တော့ မဟုတ်ပါဘူး၊ အိမ်ကမိန်းမက ရေးခိုင်းလို့"

"ဘာလဲ၊ သူ့ကို ရွှေအတုတွေ ဝတ်တယ်ပြောတာကို မကျေနပ်လို့လား"

"မဟုတ်ဘူး၊ မောင်ရင်ရေးတဲ့ ဝတ္ထုမျိုးတွေရေးရင် ကလျာမဂ္ဂဇင်းက စာမူခနှစ်ဆပေးတယ်ကြားလို့...တဲ့"

"သူ့ကို ဘယ်သူက ပြောတာလဲ"

"အောင်ကျော်တိုး ပြောတာတဲ့"

ကျွန်တော့်ကိုလည်း လက်စားချေပြီးသားဖြစ်၊ ချစ်ဦးညိုကိုလည်း ဒုက္ခပေးပြီးသားဖြစ်အောင် ချွန်လိုက်ခြင်းဖြစ်၏။

"အင်း ... ဟုတ်တော့လည်း ဟုတ်တာပဲ၊ အောင်ကျော်တိုးစကားကို ယုံမိတယ်ဆိုတာကိုက စပြီးတော့ မှားတာပဲ၊ တော်ပါပြီလေ၊ အခုအခန်းဆက်ရေးနေတဲ့ ပန်းစကြာမှန်ပြောင်းကိုပဲ စာအုပ်တစ်အုပ်စာရအောင် တတ်နိုင်သလောက် ဆွဲဆန့်ပြီး ရေးတာကမှ ကိုက်ဦးမယ်"

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်၊ နိုင်ငံခြား တစ်ပတ်လောက်သွားတဲ့အကြောင်းကို မဂ္ဂဇင်းမှာ တစ်နှစ်စာလောက်ချဲ့ရေးတာ ခုချိန်မှာ ခေတ်စားနေတာပဲ၊ စာမျက်နှာနည်းနေရင်လည်း အိမ်သာတက်တဲ့အကြောင်းတွေ ဘာတွေ ဖြည့်ထည့်လိုက်ပေါ့"

ခုတစ်လောမှာ ကိုကြီးညိုသည် ဟောပြောပွဲတွေ ဆွေးနွေးပွဲတွေတက်၊ လူမှုရေးကိစ္စတွေ လျှောက်လုပ်နေသဖြင့် စာသိပ်မရေးနိုင်ဘဲ ဖြစ်နေသည်။ စာမူခဝင်ငွေ လျော့လာသဖြင့် သူ့လေဒီက

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြည့်ချင်။ ဒီကြားထဲမှာ သူတို့သားက ‘လက်ာညို’ဆိုသော ကလောင်အမည်ဖြင့် ဝတ္ထု၊ ဇာတ်ညွှန်းတွေရေးနေတာ အတော် အောင်မြင်စ ပြုလာပြီ။

ထိုအခါ ကိုကြီးညိုရဲ့လေဒီကြီးကလည်း အားကျမခံ အပိုဝင်ငွေရအောင် စာရေးမည်ဟု ဆိုလာသည်။ ဒီကိစ္စ ကျွန်တော့်ဆီဖုန်းဆက်ပြီး တိုင်ပင်တော့ ကျွန်တော်ကလည်း သူများကို ချောက်တွန်းရမယ်ဆိုရင် တမင်တကာတောင် အကွက်ဆင်ပြီး လုပ်တတ်တဲ့ကောင်ဆိုတော့

“ဟာ…သိပ်ကောင်းတာပေါ့။ အန်တီမေသာ စာရေးမယ် ဆိုလို့ကတော့ ဂျူးတို့၊ နုနုရည်(အင်းဝ)တို့ ဘယ်လိုက်လို့မီမလဲ၊ အခုတောင် ဒီသတင်းကိုကြားလို့ ဆရာမကြီးကလျာတောင် ကြောက်လန့်ပြီး လုံးချင်းဝတ္ထုတွေ ဆက်မရေးတော့ပါဘူးလို့ ပြောလာရပြီ မဟုတ်လား”

ဟု ချွန်ပေးလိုက်သည်။ သူ အားတက်သွားပြီး

“အေး၊ ဟုတ်တယ်၊ အဲဒါကလောင်နာမည် ဘယ်လိုပေးရင်ကောင်းမလဲ”

“ဒီလိုရှိတယ်လေ၊ အန်တီမေတို့သားက ‘လက်ာညို’လို့ ကလောင်နာမည်ယူတာက ကိုကြီးညိုရဲ့လက်ရာအမြောက်ဆုံးဖြစ်တဲ့ ‘လက်ာဒီပချစ်သူ’ကို ဂုဏ်ပြုတဲ့သဘော မဟုတ်လား၊ အန်တီမေလည်း ကိုကြီးညိုရဲ့ နာမည်ကြီးဝတ္ထုဖြစ်တဲ့ ‘ဥပက္ကာဒေဝီ’ကို ဂုဏ်ပြုတဲ့အနေနဲ့ ကလောင်နာမည်ကို ‘ဥပက္ကာညို’လို့ပေးလိုက်ပေါ့”

“မျောက်စုတ်မျောက်နာ”

ဟု ပြောပြီး ဖုန်းချသွားလေ၏။

❖



ခင်မြဇင်ကတော့ ကျွန်တော့်ကို တုံ့ပြန်နှိပ်ကွပ်ဖို့ ကြိုးစားခဲ့ဖူးသည်။ သူက တက္ကသိုလ်မှာတုန်းက ကဗျာရေးဖက်သူငယ်ချင်းဆိုတော့ ကျွန်တော့် ငယ်ကျိုးငယ်နာတွေကို သိနေသည်။ သို့ရာတွင် သူသည် မျက်စောင်းကိုတောင် ဌာန်ကရိုဏ်းကျအောင် ထိုးတတ်ရှာသူမဟုတ်။ ကျွန်တော့်အကြောင်း ရေးရင်းရေးရင်းနဲ့ အားနာလာသည်။ ထို့ကြောင့် သူ့လူကြီးကိုသန်းအုံးကို တိုင်ပင်ကြည့်သည်။ ဒီတော့မှ ပိုဆိုးလေသည်။

ဆရာသန်းအုံးမှာ ဝါရင့်အယ်ဒီတာတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် ခင်မြဇင်ရဲ့ စာမူကြမ်းကို ဖတ်ကြည့်ပြီးနောက် ‘ဟိုစကားလုံးက ကြမ်းလွန်းတယ်၊ ဒီစကားက တစ်ဘက်လူရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ ဟိုက ပုဂ္ဂိုလ်ရေးထိခိုက်မှုဖြစ်စေတယ်။ ဒီဟာက စာနယ်ဇင်းကျင့်ဝတ်နဲ့ မညီဘူး’ ဆိုပြီး တည်းဖြတ်သုတ်သင်လိုက်တာ နောက်ဆုံးတော့ ခင်မြဇင်၏ တုံ့ပြန်တိုက်ခိုက်မှုမှာ သီလရှင်လူထွက် ကျိန်ဆဲသလို

“သေနာကောင်များရှင်”

ဆိုသောလေသံမျိုး ဖြစ်သွားရကြောင်း ကျွန်တော် ရေးခဲ့ဖူးသည်။

အစ်မကြီးသန်းမြင့်အောင်ကတော့ သူတစ်ယောက်တည်းနဲ့ မနိုင်ဘူးဆိုတာ သဘောပေါက်သည်။ ထို့ကြောင့် မဟာမိတ်ဖွဲ့ပြီး တိုက်ခိုက်ဖို့ ကြံစည်သည်။ ကျွန်တော့်စနစ်ကြောင့် အထိနာခဲ့ဖူးသူတွေကို စည်းရုံးသည်။ ပန်းချီ မမြွေး၊ ဖွန်ပွင့်၊ ရာသက်ပန်(တောင်ငူဆောင်)၊ ဝိုင်းဝိုင်း (ကုံကော်ဝတ်ရည်စာပေ)၊ ဂျူးစသည်တို့ကို အင်တာဗျူးတဲ့ ပုံစံမျိုးရေးဖို့ တစ်ယောက်ချင်းစီက ကျွန်တော့် ငယ်ကျိုးငယ်နာတွေဖော်ပြီး ပယ်ပယ်နယ်နယ် ဝိုင်းသမကြဖို့။

သူတို့ကလည်း ထုံးစံအတိုင်း စစချင်းတော့ ဆင်ဖမ်းမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျားဖမ်းမယ်ပေါ့။ တကယ်တမ်းလည်း ကျရော...

"ဒီလိုလူမျိုးကို သွားပြောနေလို့ နာမှာမဟုတ်ပါဘူး၊ ဝဲစွဲနေတဲ့လူကို ခြင်ကိုက်သလို ဖြစ်နေမှာပေါ့၊ မထူးပါဘူး"

"သွားမစမ်းနဲ့နော်၊ ဟိုက ဒီကိစ္စမျိုးမှာ လက်ယဉ်နေတာ၊ တော်ကြာ ပြန်ပက်ထည့်လိုက်ရင် စားသာမှာ မဟုတ်ဘူး"

သူနဲ့သွားယှဉ်ရင် ကိုယ်ပါ သိက္ခာကျပါတယ်၊ မျောက်တုလို့ ဝက်ခုန်ရင် ရွှံ့စင်ရုံရှိတော့မပေါ့"

စသည်ဖြင့် ရောင်ဖယ်ဖယ် ဖြစ်ကုန်ကြလေတော့သည်။

သူတို့ထဲမှာ ကဲ့ကော်ဝတ်ရည်စာပေမှ ဝိုင်းဝိုင်းတစ်ယောက်သာ ရန်စွယ်နှင့်ငေါငေါရှိသည်။ ဒါကလည်း အကြောင်းရှိသည်။ သူ့ခင်ပွန်းကိုကျော်ဇင်(ဆရာဘုန်းတင့်ကျော်)သည် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ သားဖြစ်၏။ ထိုအချက်ကို ကျွန်တော်က ဝတ္ထုထဲ ထည့်ရေးပြီး နောက်သည်။ 'ဝိုင်းဝိုင်းသည် ကိုကျော်ဇင်ကို တကယ်ချစ်လို့ လက်ထပ်ခဲ့ခြင်းမဟုတ်၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်တွေကို သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်ပြီး ထုတ်ဝေချင်လို့ လက်ထပ်ခဲ့ခြင်းဖြစ်သည်'ဟု ရေးလိုက်သည်။

ဒါကို သူက အတော်မခံမရပ်နိုင် ဖြစ်သွားပြီး ကျွန်တော့်ကို တုံ့ပြန်ရာမှာ–

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အစတုန်းကတော့ ဆရာသာခုရဲ့စာအုပ်တွေ ထုတ်ရကောင်းမလားလို့ စဉ်းစားခဲ့သေးတယ်၊ ဒါပေမယ့် ဆရာသာခုရဲ့သားတွေကို မြင်ပြီးတဲ့ နောက်မှာတော့ အဲဒီစိတ်ကူးကို ပယ်ဖျက်ပြီး တက္ကသိုလ်ဘုန်းနိုင်စာအုပ်တွေပဲ ထုတ်တော့မယ်လို့ ဆုံးဖြတ်လိုက်ရတာပဲ"

ဟု ကျည်ဆံတစ်တောင့်တည်းနဲ့ မျောက်လေးကောင်မှန်အောင် ပစ်ထည့်လိုက်လေသည်။



သူကတော့ ကိုယ့်ဟာကိုယ် ဟုတ်လှပြီထင်ပြီး ကျေနပ်နေသည်။ 'ဝိုင်းဝိုင်းကို ဒီလိုစမ်းလို့ ဘယ်ရမလဲ' ဆိုပြီးတော့လည်း လူတကာကို လျှောက်ပြောသည်။ ကျွန်တော်က အသာလေးငြိမ်ပြီး ချက်ကောင်းကို စောင့်နေလိုက်၏။ မေ့သလောက်ရှိတော့မှ တစ်ရက်မှာ–

"ဝိုင်းဝိုင်း အခု ဘာစာအုပ်ထုတ်ဖို့ စီစဉ်နေသလဲ"

ဟု အလစ်မှာ မေးလိုက်၏။ သူအငိုက်မိသွားပြီး–

"ဆရာကြီးကာတွန်းဦးဖေသိန်းရဲ့ စာအုပ်တစ်အုပ် ဖြန့်မလို့ စီစဉ်နေတယ်"

(ကဲ... ဘယ်လိုများ နားလည်ရမှာလဲ ရေကျော်က သူငယ်ချင်းမိဝိုင်းရေဟု ဆရာမောင်ဝံသလေသံဖြင့် မေးလိုက်ဖို့သာ ရှိတော့သည်။)

❖

အစ်မကြီးမစန္ဒာကျတော့ တစ်မျိုး။ ကျွန်တော့်ကိုတွေ့လျှင်

"နင် ငါ့ကို ရေးလို့ အားမရနိုင်သေးဘူးလား"

ဟု မေးတတ်သည်။

ကျွန်တော်က စေတနာနဲ့ပါ။ ဟိုတစ်ချိန်က စာပေနယ်မှာ 'သူရဲကောင်းသုံးယောက်'ဆိုပြီး နာမည်ကြီးခဲ့ဖူးတာရှိသည်။ မိုးမိုး(အင်းလျား)၊ မစန္ဒာ၊ စမ်းစမ်းနွဲ့(သာယာဝတီ)။ တစ်ယောက်တစ်မျိုးစီ ကလောင်စွမ်းထက်ကြသည်။ ခုတော့ အစ်မကြီး မိုးမိုး(အင်းလျား)က ဆုံးရှာပြီ။ ကျန်နှစ်ယောက်ကလည်း စာတွေ သိပ်မရေးဖြစ်တော့။ သူတို့ဝတ္ထုတွေ ထွက်မလာတာ စာပေလောကအတွက်ရော စာဖတ်ပရိသတ်တွေအတွက်ပါ နစ်နာသည်။

(အစ်မကြီးမိုးမိုးအင်းလျားကတော့ ခုချိန်ထိ စာပေလောကအတွက် အကျိုးပြုနေတုန်းပဲ။ ဟုတ်တယ်လေ။ စာပေလောက

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တိုက်က သူ့စာအုပ်တွေ ပြန်ပြန်ရိုက်နေတာကိုး။)

ဘာပဲဖြစ်ဖြစ် ကျွန်နှစ်ယောက်ကိုတော့ စာများများ ရေးစေချင်သည်။ ဒီတော့ သူတို့အကြောင်းတွေ ရေးပြီး ဆွပေးလိုက်လျှင် မခံချင်စိတ်နဲ့ ရေးလာကြမှာပဲဆိုပြီး မျှော်လင့်ခဲ့တာ။ ဒါနဲ့တောင် သူတို့က မတုန်မလှုပ်။ အစ်မကြီး စမ်းစမ်းနွဲ့ဆိုလျှင် မသိသလိုလုပ်နေသည်။ ထို့ကြောင့် ကိုယ်က မနေနိုင်တော့ဘဲ စကားစမိသည်။

"အစ်မအကြောင်းကို ကျွန်တော်ဝတ္ထုထဲထည့်ရေးတာ ဖတ်ပြီးပြီလား"

"ဟုတ်လား၊ အေးဟယ်၊ ငါလည်း ပေါက်ကရ စာတွေ မဖတ်ဖြစ်တာကြာတော့ မသိလိုက်ဘူး"

ဟု ပြန်ပြောသည်။

အစ်မကြီး မစန္ဒာကတော့ စာထဲကနေ ပြန်မသိပ်သော်လည်း ကျွန်တော့်ကို သူရေးသောစာအုပ်တစ်အုပ် လက်ဆောင်ပေးရာမှာ 'သေနာကောင်လေးအတွက်' ဟု ရေးပေးလိုက်သည်။ ဘယ်ရမလဲ 'သေနာ'ရဲ့နောက်မှာ 'ပတိ'ဆိုတဲ့ စကားလုံးကို ဖြည့်လိုက်တာပေါ့။

❖

စာနဲ့မနိုင်ရင် လူကိုမဲတော့မယ်ဆိုတာ ကြိုတင်ခန့်မှန်းမိသည်။ ဒီနေရာမှာ လူကောင်းနှင့်လူဆိုး ကွာခြားမှုရှိ၏။ လူကောင်းက သူ့မှာ ရန်သူမရှိမှန်း သိသဖြင့် အမှတ်တမဲ့ ပေါ့ပေါ့ဆဆပဲ နေတတ်သည်။ လူဆိုးကတော့ ဥပဒေဘက်တော်သားကိုလည်း ကြောက်၊ အချင်းချင်းကိုလည်း စိတ်မချရသဖြင့် အမြဲ သတိဝီရိယနဲ့ နေရသည်။ ကျွန်တော်လည်း ဒီအတိုင်းပဲ။

တစ်ရက်ကျတော့ ကလျာမဂ္ဂဇင်းတိုက်မှာ အလှူရှိသဖြင့် ရောက်သွားသည်။ ခြံဝရောက်လို့ ကားပေါ်ကအဆင်းမှာ အိမ်ရှေ့နားက စောင့်ကြည့်နေသူတစ်ယောက်သည် အတွင်းသို့ လှစ်ခနဲ ပြေးဝင်သွားတာ လှမ်းမြင်လိုက်ရ၏။ ကျွန်တော်ရောက်လာလျှင် သတင်းပို့ဖို့အတွက် ကင်းချထားခြင်းဖြစ်လိမ့်မည်။ အင်း... သတိတော့ထားမှ။



ကျွန်တော်သည် အိမ်ထဲသို့ ဟန်မပျက် ဝင်လာခဲ့၏။ ဧည့်ခန်းထဲကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အစ်မကြီးသန်းမြင့်အောင် ဦးဆောင်သော မိန်းမကြမ်းအဖွဲ့ဝင်များမှာ နည်းနည်း ဣန္ဒြေပျက်နေကြသည်။ တစ်ခုခုကို အရေးတကြီး တိုင်ပင်စီစဉ်နေရာမှ ကိုယ်ရှိန်သတ်လိုက်ရသလို အိုးတိုးအမ်းတမ်းဖြစ်နေကြောင်း သတိပြုမိ၏။ ထို့ကြောင့် သူတို့ထဲက စိတ်ထားအနူးညံ့ဆုံးဟု ယူဆရသော နှန်ပွင့်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ပုံမှန်အားဖြင့် ကျွန်တော့်ကို မြင်တဲ့အခါ ပြုံးရယ်ပြီး နှုတ်ဆက်ရမည်။ ခုတော့ ဒီလိုမဟုတ် အကြည့်ကို ရင်မဆိုင်ဘဲ မျက်နှာလွှဲသွားသည်။ ဒါက သံသယဖြစ်စရာ အချက်တစ်ချက်။

ကျွန်တော်သည် ဒေါက်တာခင်မောင်ညိုဘေးမှာ ဝင်ထိုင်လိုက်သည်။ ဒီအခိုက်အတန့်လေးမှာပဲ မျက်နှာရိပ်မျက်နှာကဲနဲ့ အချက်ပြလိုက်တဲ့ ဝိုင်းဝိုင်းကို မျက်လုံးထောင့်စွန်းမှ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

ထိုအချိန်တွင် ရာသက်ပန်(တောင်ငူဆောင်)သည် အုန်းနို့ခေါက်ဆွဲပန်းကန်ကို လာချပေးပြီး 'ဝအောင်စားနော်'ဟု လောကဝတ်ပြုသည်။ တကယ်တော့ စားပွဲပေါ်မှာ ပြင်ထားသောခေါက်ဆွဲပန်းကန်တွေ ရှိပြီးသား။ ဟင်းရည်ဆမ်းပေးလိုက်ရုံသာ ရှိ၏။ ခုတော့ ဟင်းရည်အဆင်သင့်ထည့်ပြီးသား ပန်းကန်ကိုမှ တကူးတကန့် လာချပေးတယ်ဆိုတာ စဉ်းစားစရာပဲ။ ကျွန်တော့်မို့လို့ သီးသန့်စပယ်ရှယ် လုပ်ပေးတာဟု ပြောလို့မရ။ သူတို့ ကျွန်တော့်အပေါ် ဒီလောက်သဒ္ဓါထက်သန်စရာ အကြောင်းမရှိ။ ပြီးတော့ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကန်လာချပေးသော ရာသက်ပန်၏လက်များမှာ အတန်ငယ်တုန်ယင်နေတာကလည်း မသက်သာစရာပဲ။ ထို့ကြောင့်—

"ကျွန်တော်ဗိုက်မကောင်းလို့ အုန်းနို့ခေါက်ဆွဲစားလို့မဖြစ်ဘူး၊ အချိုပွဲပဲ စားတော့မယ်"

ဟု ပြောလိုက်သည်။ (အုန်းနို့ခေါက်ဆွဲထဲမှာ 'ဗဲဂျီလက်'ခေါ် ဝမ်းနုတ်ဆေးပြားတွေ ကြိတ်ထည့်ထားကြောင်း ကျွန်တော်၏ အတွင်းသူလျှိုဖြစ်သော အောင်နိုင်နိုင်က နောက်ပိုင်းမှာ ပြန်သတင်းပေးသည်။)

"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါလား"

ဟု ဘုမသိဘမသိ ဝင်ပြောသော ဆရာမကြီးခင်စောတင့်၏ စကားကို လျစ်လျူရှုလိုက်ပြီး ကျောက်ကျောပန်းကန်ကိုသာ ဆွဲယူလိုက်သည်။ ဒါလည်း သိပ်တော့ စိတ်မချရ၊ ဒါနဲ့ ပန်းကန်ကို ဘေးမှာထိုင်နေသော ဒေါက်တာခင်မောင်ညိုဘက် တိုးပေးပြီး–

"စားပါဦးဆရာ" ဟု သေဖော်ညှိလိုက်၏။

ဆရာဒေါက်တာခင်မောင်ညိုသည် ဓာတုဗေဒပါရဂူဘွဲ့ကို နိုင်ငံခြားမှ ရရှိလာခြင်းဖြစ်၏။ထို့ကြောင့် ဓာတ်သဘာဝတွေအကြောင်း လောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်ဟု ဆိုရမည်။ ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် သူ့ကို အရင်စမ်းခိုင်းလိုက်ခြင်းဖြစ်၏။

ဆရာညိုက ကျောက်ကျောတစ်တုံးကို ခက်ရင်းနှင့်ထိုးယူပြီး အနံ့ခံကြည့်သည်။ လျှာနှင့်တို့ကြည့်သည်။ ခေါင်းတစ်ချက်ဆတ်သည်။ အနည်းငယ်ကိုက်ဖဲ့ပြီး မြုံ့ကြည့်သည်။ ထို့နောက် 'အင်း... စတော့ချ်ရယ်၊ ဒက်ထရိုစ်ရယ်၊ ကော်လက်စထရောရယ် နည်းနည်းများနေတယ်၊ ဒါပေမယ့် စားလို့ကောင်းတယ်'ဆိုပြီးလျှင် ပါးစပ်ထဲသို့ တစ်တုံးလုံး သွတ်ထည့်လိုက်လေ၏။

ဒီလောက်ဆို အတော်စိတ်ချသွားရပြီ။ သို့ရာတွင် သတိဆို



တာက ပိုတယ်လို့မရှိ။ ထို့ကြောင့် ဆရာညိုတစ်ယောက် ပါးစပ်မှ အမြှုပ်တစီစီ ရုတ်တရက်ထွက်လာခြင်း မရှိ၊ မျက်နှာပြာနှမ်းလာခြင်း ရှိ မရှိ၊ ခဏကြာအောင် စောင့်ကြည့်နေလိုက်သည်။ ပြီးမှ ဗိုက်ဆံအိတ်ထဲက ငွေအပ်တစ်ချောင်းကိုထုတ်ပြီး ကျောက်ကျောတုံးထဲ စိုက်ထည့်သည်။ ပြန်ဆွဲထုတ်ကြည့်သည်။ ငွေအပ်က အရောင် ပြောင်းမသွား။ မည်းသွားလျှင် အဆိပ်ရှိသည်။ ထိုအခါကျမှ ကျောက်ကျောတုံးကို ယူစားလိုက်သည်။ (ထိုငွေအပ်မှာ ဆရာကြီးဒေဝစကြာက အကာအကွယ်အဖြစ် ပေးထားခြင်းဖြစ်၏။)

ထို့နောက် 'သူတို့'ဘက်ကို တစ်ချက်အကဲခတ်ရင်း ခပ်မိန့်မိန့်ပြုံးလိုက်သည်။ သူတို့အုပ်စုမှာ စိတ်ဓာတ်ကျသွားပြီး သက်ပြင်းချသူချ။ မသိမသာ ခေါင်းရမ်းသူရမ်း၊ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်သူကြည့် ဖြစ်ကုန်ကြ၏။

ဒီလိုစမ်းလို့ ဘယ်ရမလဲ။ ကျွန်တော်က ဘကြီးမိုး(ဆရာမောင်မိုးသူ) ရေးတဲ့ ဘာသာပြန်စပိုင်ဝတ္ထုတွေကို ကျေညက်အောင် ဖတ်ထားခဲ့တာပဲလေ။

(ပြောသာပြောရတာယ်။ ဘကြီးမိုးသည် သူကိုယ်တိုင်ကတော့ တစ်ခါမှ လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့ဖူးခြင်း မရှိပါ)

❖

မိန်းမကြမ်းအုပ်စုသည် အကြံအစည် မအောင်မြင်သဖြင့် အခဲမကြေ ဖြစ်နေကြသည်။ ထို့ကြောင့် ခပ်ပြောင်ပြောင်ပင် ဒုက္ခပေးဖို့ စီစဉ်ကြပြန်လေသည်။

သူတို့အကြောင်းတွေ ဝတ္ထုထဲထည့်ရေးတဲ့အတွက် သရုပ်ဆောင်ခအဖြစ် ကျွေးမွေးပြုစုရမည်ဟု တောင်းဆိုလာသည်။ တစ်ရက်မှာ သူတို့လူစုပြီး ကျွန်တော့်အိမ် ရောက်လာသည်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com






မှာ ရှောင်တိမ်းချိန်မရတော့သောကြောင့် အိမ်နှင့်မနီးမဝေးမှာ ရှိသော 'မီဂါစတား'စားသောက်ဆိုင်သို့ ခေါ်သွားရလေတော့သည်။

ဟိုရောက်တော့ ဝိုင်းဝိုင်းက ဖက်ထုပ်ဆီချက်၊ ပုဇွန်ကော်ပြန့်ကြော်၊ထောပတ်သီးဖျော်ရည် စသည်ဖြင့် တမင်ပိုက်ဆံကုန်အောင် မှာစားသည်။ အစ်မကြီး သန်းမြင့်အောင်ကိုမေးတော့...

"ငါ ဗိုက်မကောင်းလို့ ဆန်ပြုတ်ပဲသောက်မယ်"

ဟု ပြောသည်။ ဝိုင်းဝိုင်းက အ,ရန်ကောဆိုသော သဘောဖြင့် မျက်လုံးပြူးကြည့်သည်။ ရာသက်ပန်နှင့်ဇွန်ပွင့်တို့သည် ခေါင်းချင်းဆိုင်ပြီး တီးတိုးတိုင်ပင်နေကြသည်။ 'အားနာစရာကြီး'ဆိုသော အသံကိုလည်း နားစွန်နားဖျား ကြားရသည်။

"ကဲ...မှာကြလေ၊ ကြိုက်တာမှာကြ"

ဟု ဝိုင်းဝိုင်းက လောဆော်သောအခါ ရာသက်ပန်က



"ဒင်ဆမ်တစ်ပွဲကို တို့နှစ်ယောက်မျှစားလိုက်မယ်"

ဇွန်ပွင့်ကလည်း ခေါင်းညိတ်ထောက်ခံသည်။ ဝိုင်းဝိုင်းလည်း

"ဒါဆို မမွေးကော"

ဟု အောင့်သက်သက်လေသံဖြင့် မေးတော့ မမွေးက ကျွန်တော့်မျက်နှာတစ်ချက်ကြည့်ပြီး–

"အဲ...သိပ်တော့ မဆာလှပါဘူး၊ လက်ဖက်ရည်ပဲ သောက်တော့မယ်"

ဒီလိုနဲ့ ကျွန်တော့်မှာ ထင်သလောက် အကုန်အကျမများဘဲ အတော် သက်သာရာရသွားပြန်သည်။ တကယ်တမ်းကျတော့ သူတို့သာ တွက်ခြေမကိုက်ဘဲ ဖြစ်သွားတာ။ ကမာရွတ်၊ ဒဂုံမြို့သစ် စသောနေရာများမှ မြို့လယ်စုရပ်သို့ တကူးတကန့်လာရသည်။ ကျွန်တော်ရှိရာ သဃ်န်းကျွန်းသို့ တက္ကစီငှားလာရသည်။ အပြန်ကျတော့လည်း တစ်ယောက်တစ်နေရာစီ လှည့်ပတ်ပို့ရသဖြင့် ဦးဆောင်သူဝိုင်းဝိုင်းခမျာ တက္ကစီခ တော်တော် ကုန်သွားရှာလေသည်။ စားရတာနဲ့ မကာမိ။

ဝိုင်းဝိုင်းသည် ဆွေဆွေခုန်နေလေ၏။ သူက ထုတ်ဝေသူပီပီ စာရေးဆရာဆိုလျှင် အချဉ်ချည်းအောင်းမေ့နေတာ။ ဆောင်းဝင်းလတ်တို့ မောင်ညိုပြာတို့လို ရိုးရိုးအအ မှတ်နေသလားမသိ။

ပြီးတော့ သူမစဉ်းစားမိသော အချက်တစ်ချက် ရှိသေးသည်။ သူတို့အုပ်စုထဲမှာ အများစုက အနုပညာသမားတွေ။ ဒီတော့ အချင်းချင်း ဘယ်မှာဒုက္ခပေးချင်ပါ့မလဲ။

ကြည့်လေ။ အစ်မကြီး သန်းမြင့်အောင်ဆိုတာ 'ပြဟ္မစိုရ်နှလုံးသားနဲ့ ခရီးသွားနေတဲ့လူ'၊ ပန်းချီမမွေးက ကံ့ကော်ရွာအုပ်စုဝင်၊ တက္ကသိုလ်မှာကတည်းက ပန်းချီခန်းမှာ မောင်နှမတွေလို နေလာခဲ့တာ။ ရာသက်ပန်(တောင်ငူဆောင်)သည် တက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သောကြောင့် စိတ်ထားဖြူစင်သူဖြစ်၏။ ဇွန်ပွင့်ကျတော့လည်း ကာတွန်းဆရာကြီးဦးဖေသိန်းရဲ့သမီးပီပီ နူးညံ့သိမ်မွေ့တဲ့ သူတော်ကောင်းမလေးပါ။

(တွေ့လား၊ အဲဒါပညာပဲ။ သူတို့ချင်း စိတ်ဝမ်းကွဲအောင် သပ်တစ်ချောင်းလျှိုထည့်လိုက်တာလေ။ ဒါကို 'ဝဿကာရဗျူဟာ'လို့ ခေါ်တယ်၊ မှတ်ထား။)

❖

ကျွန်တော်သည် အထက်ပါအတိုင်း ဟုတ်တာရော မဟုတ်တာရော နည်းနည်းကို များများ ချဲ့ကားတာရော၊ ကိုယ့်ဘာသာ လုပ်ကြံဇာတ်လမ်းဆင်ထားတာရော ပေါက်တတ်ကရတွေ လျှောက်ရေးခဲ့သည်။ ဒါကိုပဲ စတိုင်တစ်မျိုးထူးခြားတယ်ဆိုပြီး ဆရာဇန်မြင့် တို့ ဆရာကိုခါး(ကွမ်းခြံကုန်း)တို့က မြှောက်ပေးသည်။ ဆရာကို ခါးဆိုလျှင် ကဗျာဆရာပီပီ 'စာပေကယ်ရီ ကေးချားတွေပဲ' ဟုနာမည်တောင် တပ်ပေးလိုက်သေးသည်။ တချို့ကလည်း အချင်းချင်း ချောက်တွန်းချင်တဲ့အခါ 'ဟိုလူ့အကြောင်းကြားပြီးပြီလား' ဟိုဟာလေး ထည့်ရေးလိုက်စမ်းပါ'ဟု သတင်းပေးတတ်ကြ၏။

ကျွန်တော်ကလည်း အဟုတ်မှတ်ပြီးအားတက်လာသည်။ အေးအေးဆေးဆေးနေတဲ့ လူကြီးတွေလည်း ချမ်းသာမပေး။ ကွယ်လွန်ပြီးတဲ့ လူတွေတောင် 'ဒေဝတာမြို့တော်' ဆိုတာကို ဖန်တီးပြီး ထည့်ရေးသည်။ အတင့်ရဲလာပုံကတော့ ကိုရီးယားဇာတ်လမ်းတွဲ'နန်းတွင်းရတနာ'ကို သရော်ထားသော 'ဓာတ်စာမှူး'အမည်ရှိ ဝတ္ထုထဲတွင် ဆရာမကြီးခင်ဆွေဦးကို စားတော်ကဲကြီးမယ်မယ်ဦးအဖြစ် ထည့်ရေးလိုက်ပြန်သည်။

ဒေါ်လေးခင်ဆွေဦးကတော့ စိတ်မဆိုးပါ။ စာပေအသိုင်းအ



ဝိုင်းကြားမှာ ပျော်စရာလေးတောင်ဖြစ်သွားခဲ့သေးသည်။

"ဒီကောင် တရားလွန်လာပြီ၊ လူကြီးကို မလေးမစားနဲ့ နတ်နေကိုင်းတောင် မချန်တော့ဘူး"

မြန်မာ့ရိုးရာအစဉ်အလာမှာ နတ်နေကိုင်းဆိုသော ဝေါဟာရတစ်ခုရှိ၏။ သစ်ပင်တိုင်းမှာ ရုက္ခစိုးရှိသည်ဟု ယုံကြည်ကြသည်။ အကြောင်းတစ်ခုခုကြောင့် သစ်ကိုင်းတွေခုတ်၊ ချိုင်တဲ့အခါ ရုက္ခစိုး ဘုံမပျောက်စေရန် သစ်ကိုင်းကြီးကြီးတစ်ကိုင်းကို ချန်ထားပေးရသည်။ ဒါကို 'နတ်နေကိုင်း'ဟု ခေါ်သည်။

တကယ်တော့ ကျွန်တော်သည် ဒေါ်လေးခင်ဆွေဦးကို နတ်နေကိုင်းလောက်သာမက နန်းတော်ကြီးနဲ့တောင် ထားချင်တာပေါ့။ ခက်နေတာကတော့ ဒေါ်လေးတစ်ယောက်ဟာ နတ်ဘုံနတ်နန်းပေါ်မှာ ခံ့ခံ့ညားညား မစံမြန်းချင်ဘဲ နတ်ဂျလေဘီများဖြစ်ကြသော ရွှေနပေဝိုင်းဝိုင်း၊ ဖျာလိပ်နတ် မမွေး၊ နတ်သူငယ် မဂျူးလေးတို့နဲ့ တွဲပြီး ကိုးကျင်းကိုးကျင်း လျှောက်သွားနေတာကိုး။

ကျွန်တော်တို့ စာပေလောကမှာ အတတ်ပညာကြောင့် လူလေးစားခံရသူ အများအပြားရှိသည်။ အကျင့်သိက္ခာကြောင့် အကြည်ညိုခံရသူတွေလည်း အတော်အသင့်ရှိသည်။ လူချစ်လူခင်ပေါတဲ့သူကတော့ သိပ်များများစားစား မရှိလှ။ အထက်ပါအချက်သုံးချက်လုံးနဲ့ ကိုက်ညီသူကတော့ ခပ်ရှားရှားပဲ။ ဒီထဲမှာ ဒေါ်လေးခင်ဆွေဦးလည်း ပါသည်။

ကျွန်တော့်စိတ်ကလည်း တစ်မျိုး။ ပညာတော်ပေမယ့် ဟိတ်ကြီးဟန်ကြီးနိုင်လျှင် ရှောင်ဖယ်ဖယ်လုပ်ချင်သည်။ ဣန္ဒြေကြီးလွန်းသူမျိုးကျတော့လည်း ရှိန်ပြီးလန့်နေသည်။လူတကာကသည်းသည်းလှုပ် အကဲပိုလွန်းပြန်လျှင်လည်း တစ်မျိုး အထင်ခံရမှာစိုးလို့ အနားမကပ်ချင်။ အဝေးကသာ ကြည်ညိုမိ၏။ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ပေါးလားဝါးလားသမားကိုး။ ထို့ကြောင့် လူငယ်တွေနဲ့ ရောရောနှောနှော နောက်လားပြောင်လား နေတတ်သော ဆရာကြီး၊ ဆရာမကြီးတွေနဲ့သာ ရင်းရင်းနှီးနှီး ရှိတတ်သည်။ (ဘကြီးမိုးတို့လိုပေါ့)

ဒေါ်လေးခင်ဆွေဦး လူချစ်လူခင်ပေါရခြင်း၏ အကြောင်းရင်းတွေထဲမှာ သူ၏'ရိုးဂုဏ်'ကြောင့်လည်း ပါသည်။ ကျွန်တော်ကဖြင့် 'အ–ဂုဏ်'ဆိုတာကိုပါ ထပ်ဖြည့်လိုက်ချင်သေးသည်။ သူကိုယ်တိုင်ကလည်း 'ဒေါ်လေးက သိပ်အ,တာကွယ့်'ဟု ဝန်ခံတတ်ပါသည်။

ဒေါ်လေးခင်ဆွေဦးသည် နိုင်ငံကျော်စာရေးဆရာမကြီးဆိုပြီး ဝင့်ဝင့်ဝါဝါမရှိ၊ နှိမ်နှိမ်ချချ၊ ရိုးရိုးကုပ်ကုပ်သာ နေတတ်သည်။ အေးအေးဆေးဆေးနေတတ်သော်လည်း တစ်ချက်တစ်ချက် မဟာဆွေသွေး ထုတ်ပြတတ်တာမျိုးတော့ ရှိ၏။ ကျွန်တော်တို့ကလည်း ဒါကြောင့်ပဲ ပိုချစ်ရတာ။

ကျွန်တော်သည် ဒေါ်လေးနှင့် တရင်းတနှီးနေရင်းက တစ်ခါတစ်ခါ စာပေထိပ်သီး ဆရာမကြီးဆိုတာကို မေ့လျော့ပြီး အရိုသေတန်ချင်သလိုဖြစ်မိတာကို ဝန်ခံပါသည်။ အိမ်က အမေလိုပေါ့။ ချစ်တော့ချစ်သည်။ လေးစားရကောင်းမှန်းမသိ။ အမေကို ပြဿနာရှာတာ၊ လိမ်လည်လှည့်စားတာ၊ အကြောင်းရိုက်တာမျိုးကို ပျော်စရာလို့ ထင်သည်။ အမေမရှိတော့မှပဲ တန်ဖိုးကိုသိတော့သည်။ ကျွန်တော်သည်လည်း ဒေါ်လေးခင်ဆွေဦး၏ တန်ဖိုးကို လျှစ်လျူရှုပြီး နှစ်ပေါင်းများစွာ နေချင်ပါသေးသည်။

မနှစ်က ဒေါ်လေး၏အသက် ခုနှစ်ဆယ့်ငါးနှစ်ပြည့် စိန်ရတုမွေးနေ့ပွဲ ကျင်းပသည်။ ဖိတ်ကြားခံရသူတွေ အားလုံးလိုလို မပျက်မကွက် တက်ရောက်ကြသည်။ သတင်းအကြားနဲ့ရောက်လာသူတွေလည်း အများကြီးမို့ စည်ကားလှသည်။ လူချစ်လူခင်ပေါများခြင်း၏ သက်သေခံပြယုဂ်ပဲ။



ဒေါ်လေးသည် အသက်ခုနှစ်ဆယ့်ငါးနှစ်ပြည့်သည့်တိုင် ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေသည်။ သွားနိုင်လာနိုင်တုန်း။ စားနိုင်သောက်နိုင်တုန်း။ ကြေးအိုးတစ်ပွဲကို အသာလေးဖြိုနိုင်သေးသည်။ ဒါနဲ့တောင် မတင်းတိမ်နိုင်ဘဲ 'ဟယ်၊ ဒီကော်ပြန့်ကြော်လေးတွေက ဘာလေးတွေပါလိမ့်၊ မြည်းကြည့်ဦးမှပဲ' ဆိုတာမျိုး လုပ်ချင်သေးသည်။

ဒီ အ တိုင်း ဆို လျှင် တော့ မိန်းစပွန်ဆာများဖြစ်ကြသော အလင်္ကာဝတ်ရည်ဆရာ မောင်ဟေမာ၊ ဆရာမကလျာ၊ ပြုံးစပေဒေါ်ပြုံး စသည်တို့မှာ 'ဘွားခင်ဦးရာပြည့်ပွဲ'အတွက် ပိုက်ဆံထပ်ကုန်ကြရပေလိမ့်ဦးမည်။ ဓာတာထဲက 'အသက်တစ်ရာနှစ်ဆယ်ရှည်စေသောဝ်'ဆိုတာကိုလည်း ပြင်ဆင်သတ်မှတ်ရဖွယ် ရှိနေလေသည်။


မယ်မယ်ဦး သက်တော် 'ဝမ်းဂစ်' ရှည်ပါစေသတည်း။

မင်းလူ

ကလျာမဂ္ဂဇင်း အမှတ် ၂၈၅၊ အောက်တိုဘာ၊ ၂၀၀၈)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## စာပေငွေပေါ်အရင်းပြုတ်ဈေးပွဲတော်ကြီး

ကမ္ဘာ့ စီးပွားပျက်ကပ်ကြီးက တဆင့်ခံသွယ်ဝိုက်ပြီး အဖျားခတ်လို့ ဆိုလား၊ ဒေါ်လာဈေးပြုတ်လို့ဆိုလား၊ ရေနံဈေး ဆင်းလို့ဆိုလား၊ ရွှေဈေးအိလို့ ဆိုလား၊ ခုတလော ကုန်ပစ္စည်းဈေးတွေ ထိုးကျနေသည်။

စားသောက်ကုန်တွေကတော့ အရမ်းဈေးမချဘဲ တတ်နိုင်သလောက် တင်းခံနေသည်။ ဒါတောင် ကြက်သွန်က သစ္စာဖောက်သွားသေးသည်။ ကြက်သွန်တစ်ပိဿာဈေးက လက်ဖက်ရည်တစ်ခွက်ဖိုးလောက် ဖြစ်သွားသည်။ တန်လှချည်ရဲ့ဆိုပြီး လက်ဖက်ရည်မသောက်ဘဲ တစ်နေ့ ကြက်သွန်တစ်ပိဿာ ဝယ်စားလို့မဖြစ်တော့လည်း ခက်သားကလား။

မော်တော်ကား ဈေးတွေကတော့ ဘရိတ်ပေါက်သလို လိမ့်ဆင်းသွား၏။ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းတွေ ဈေးကျပုံများ( ကိုယ်မဝယ်နိုင်ပေမယ့်)အားရစရာကြီးပဲ။ စစချင်းမှာ ရမလားလို့ ဆယ်ရာခိုင်နှုန်းလောက်ပဲလျှော့ပြီး မြူဆွယ်ကြည့်သေးသည်။ အဝယ်မလိုက်တော့ ဆယ့်ငါးရာခိုင်နှုန်း၊ ဒီနောက် နှစ်ဆယ်၊ နှစ်ဆယ့်ငါး၊ သုံးဆယ် နောက်ဆုံးထက်ဝက်ဈေးလောက်အထိ ရောက်လာသည်။

ဒါနဲ့တောင် လူတွေက သိပ်မဝယ်ကြ။ ဘယ်ဝယ်မလဲ။ ပိုက်



ဆံမှမရှိဘဲကိုး။ ခုနေခါ ရေခဲသေတ္တာကြီးတစ်လုံး အလကားပေးမယ်ဆိုရင်တောင် သယ်စရာကားခအတွက် ပူရမယ့်ကိန်း ဆိုက်နေတာကိုး။

ကုမ္ပဏီတွေကလည်း နည်းလမ်းမျိုးစုံနှင့် ကြံစည်ကြသည်။ ပစ္စည်းနှစ်မျိုးတွဲဝယ်လျှင် ဈေးထပ်လျှော့ပေးသည်။ ဒီဟာဝယ်လျှင် ဟိုဟာ လက်ဆောင်ပေးသည်။ ဈေးပွဲတော်ဆိုတာကလည်း တစ်လကို သုံးလေးခုလောက်ရှိ၏။ အကြောင်းအမျိုးမျိုးပြ နာမည်အမျိုးမျိုးတပ်ကြသည်။

သီတင်းကျွတ်အထူး၊ တန်ဆောင်တိုင် အထိမ်းအမှတ်၊ ခရစ်စမတ်ပွဲတော်၊ နှစ်သစ်ကူးဈေးရောင်းပွဲ စသည်ဖြင့်။ ဒီထဲမှာ 'ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ဆယ့်ငါးရာခိုင်နှုန်း ဒစ်စကောင့်လျှော့ဈေး'ဆိုတာကတော့ တစ်မျိုးကြီးပဲနော်။

❖

အရောင်းအဝယ်တွေပါးတဲ့အခါကျတော့ တစ်နွယ်ငင် တံစဉ်ပါဆိုသလို အနုပညာလုပ်ငန်းတွေလည်း ထိလာတာပဲ။ ဖျော်ဖြေရေးကိစ္စအတွက်ဆိုတာ ငွေပိုငွေလျှံရှိမှ သုံးနိုင်တာ မဟုတ်လား။

ဒီတော့ ရုပ်ရှင်ရုံတွေ လူအဝင်နည်းလာသည်။ ဗွီဒီယိုအခွေတွေ အငှားကျလာသည်။ ဗွီစီဒီကာရာအိုကေအခွေတွေကတော့ ပြောမနေနဲ့။ ခိုးကူးခွေထုတ်တဲ့လူတွေတောင် မကိုက်ဘူးတဲ့။ ဒီဒီတော့ကာ

စာအုပ်တွေဆိုတာကကော၊ ဘာသားနဲ့ ရိုက်ထားတာမို့လို့လဲ။ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ရဲ့ ဗုဒ္ဓဝင်ဇာတ်တော်ထဲက စကားလုံးမျိုးနဲ့ပြောရရင်

"မကောင်းဘူးမင်းကြီး၊ မကောင်းဘူး"

တက်ကျမ်းတွေလည်း မကယ်နိုင်။ တက်ကျမ်းတက်ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေတက်သလဲဆိုတော့ ကုန်ဈေးနှုန်းပဲတက်သည်။ ထို့ကြောင့် 'ကျကျမ်း'ပဲ ရေးတော်မူကြပါဟု တောင်းပန်ရမလို ဖြစ်နေ၏။




ခုချိန်မှာ ဟာသဝတ္ထုတွေနဲ့ တစ္ဆေသရဲဝတ္ထုတွေလောက်သာ ဈေးကွက်ထဲမှာ အတော်အသင့် တောင့်ခံနိုင်သည်။ ပြောသာပြောရတယ်။ ဒါတွေကလည်း နည်းနည်းအီလာပြီ။ လူတွေက ရယ်ရလွန်းလို့ ပျင်းလာကြပြီ။ ကြောက်ရတာကိုလည်း ငြီးငွေ့လာကြပြီ။ ဒီအခါမှာ ဘက်စ်ဆယ်လာ စာရေးဆရာတွေရဲ့ စာအုပ်တွေတောင် မော်ဒယ်မြင့်ကားတွေလို ပြိုစပြုလာလေသည်။

ဒီတော့ ရောင်းအားပြန်တက်လာအောင် နည်းလမ်းတွေရှာရသည်။ တချို့က ကြော်ငြာနဲ့ ဖိဖို့ကြိုးစားသည်။ တကယ်တမ်းကျတော့ ကြော်ငြာတိုင်းသာ ရောင်းအားကောင်းမယ်ဆိုရင် အီလက်



ထရွန်နစ်ပစ္စည်းတွေ လောက်မှာတောင် မဟုတ်ဘူးလေ။

တချို့ကျတော့ စာရေးဆရာတွေကိုယ်တိုင် အမှတ်တရလက်မှတ်ထိုးပြီး ပရိုမိုးရှင်းပွဲတွေ လုပ်ကြသည်။ အစပိုင်းတော့ ဟုတ်မလိုလိုပဲ။ ကိုယ်ခရေစီဖြစ်တဲ့ စာရေးဆရာကို မြင်တွေ့ခွင့် ရတဲ့အပြင် လက်မှတ်ပါ ထိုးပေးဦးမယ် ဆိုတာကိုး။ နောက်ပိုင်းကျတော့ ဒါလည်း ရိုးအီလာသည်။ လက်မှတ်ထိုးပွဲတွေက တစ်ပတ်တစ်ခါ လောက်လုပ်နေကြသဖြင့် ပရိသတ်နည်းပါးလာသည်။ ထိုအခါကိုယ့်မိတ်ဆွေအပေါင်းအသင်းတွေခေါ်'အင်...ပရိသတ်'အဖြစ် အစားထိုးပြီး လူစည်ကားသယောင် လုပ်ကြရသည်။

တချို့ထုတ်ဝေသူတွေလည်း စာအုပ်ဆိုင်မှာ အခန့်သားတင်ရောင်းလို့ အလုပ်မဖြစ်မှန်း သိလာကြသည်။ ထို့ကြောင့် ခရီးသွားဟန်လွှဲ ခလုတ်တိုက်ရင်း ဝယ်သွားနိုင်မယ့်နည်းလမ်းကို ရှာကြသည်။ လူစည်ကားတဲ့ပွဲမှန်သမျှ စာအုပ်ဆိုင်လိုက်ဖွင့်သည်။ အခါကြီးရက်ကြီး၊ နေ့ထူးနေ့မြတ်တွေမှာကျင်းပသော ပျော်ပွဲရွှင်ပွဲတွေ၊ ဘုရားပွဲတွေပါမကျန် လိုက်ရောင်းသည်။

အမျိုးသမီးထုတ်ဝေသူ တစ်ယောက်ဆိုလျှင် မကွေးမြသလွန်ဘုရားပွဲနှင့်ရွှေစက်တော်အထိတောင်ရောက်သည်။ ဘုရားပွဲဆိုတော့ ညမှာလည်း အိပ်ရေးပျက်၊ နေ့ကျတော့လည်း နေကပူ၊ ဖုန်က တထောင်းထောင်း၊ ရေလည်း မှန်မှန်မချိုးရသဖြင့် အသားတွေမည်းခြောက်၊ မျက်တွင်းတွေဟောက်ပက်၊ ဆံပင်တွေ နီကြောင်ဖွာလန်ကြဲ၊ ချေးညော်အထပ်ထပ်ဖြင့် တကယ့်ကို ဆယ့်နှစ်ပွဲဈေးသည်ရုပ် ပေါက်သွားရလေသည်။

ဒါနဲ့တောင် ဂိုဒေါင်ထဲက စာအုပ်ပုံတွေက လျော့သွားတယ်လို့ မရှိ။ ဒါတွေ မြန်မြန်ကုန်သွားစေချင်ရင်တော့ ခြတွေကိုအကူအညီတောင်းမှပဲ ဖြစ်တော့မည်။ ထုတ်ဝေသူတွေ စီးပွားပျက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာတွေလည်း စားပေါက်ဝိတ်တော့မည်။ သူဌေးကား ရောင်းလိုက်ရလို့ ဒရိုင်ဘာအလုပ်ပြုတ်မယ့်ကိန်း ဆိုက်နေပြီ။

ထိုအခါ စီးပွားဖက်တွေပေါင်းပြီး ကြံမိကြံရာ ကြံစည်ကြရလေတော့သည်။

❖

'စာပေငွေပေါ်အရင်းပြုတ် ဈေးပွဲတော်ကြီး'

ဖုန်တထောင်းထောင်းထနေသော ကွင်းပြင်ကြီးထဲမှာ စာအုပ်ဆိုင်တွေ တန်းစီနေသည်။ စာအုပ်ရောင်းရုံသက်သက်မဟုတ်။ စာဖတ်ပရိသတ်ကို သူ့ထက်ငါ အပြိုင်အဆိုင်ဆွယ်တဲ့အနေနဲ့ ဖျော်ဖြေမှုတွေပါ တွဲဖက်ထားကြရသည်။

ဒီထဲမှာ 'စာပေလောက စာအုပ်ဆိုင်တွေကလည်း မပါမဖြစ်ပေါ့။ သူတို့က မက်ဒေါနယ်၊ ကေအက်ဖ်စီ၊ စီးတီးမတ်၊ ရူပါဝမ်း၊ အောရင့်ချ်၊ စိန်ဂေဟာတို့လိုပဲ ဆိုင်ခွဲတွေ အများကြီးဖွင့်ထားတာ။ သူတို့ထဲမှာ စာပေလောက–၅ မှ နေမျိုးညွန့်သည် နည်းနည်းထွင်ချင်တတ်သူဖြစ်၏။ (သူ့အဖေ ဦးမျိုးညွန့်လိုပဲ နည်းနည်းကြောင်တတ်သည်) သူက စာရေးဆရာတစ်ဦးချင်းကိုဖိတ်ပြီး လက်မှတ်ထိုးခိုင်းတာမျိုး မလုပ်။ စာရေးဆရာတွေအများကြီး သူ့ဆိုင်မှာ ခေါ်ထားသည်။ စာအုပ်တစ်အုပ် လာဝယ်လျှင် သက်ဆိုင်ရာ စာရေးဆရာက လက်မှတ်ထိုးပေး၊ ဒါဆို စာအုပ်မျိုးစုံ ရောင်းရမည်။ ရောင်းအားပိုကောင်းမည်ဟု တွက်သည်။

သို့ရာတွင် တကယ်တမ်းကျတော့

"ရွှေဥဒေါင်း လက်မှတ်ထိုးပေးပါ"

"ဗန်းမော်တင်အောင် ကိုယ်တိုင်လက်မှတ်ထိုးပေးမှဝယ်မယ်"

"ဟင်…သော်တာဆွေလက်မှတ်လဲ မပါပါလား"

စသည်ဖြင့် ကွယ်လွန်လေပြီးသော စာရေးဆရာကြီးများကို



သာ ပရိသတ်က တောင်းဆိုကြသဖြင့် အခက်တွေ့နေရ၏။ နောက်ပြီး မအူမလည် မောင်နေမျိုးညွန့်တစ်ယောက် မစဉ်းစားမိသော အချက်တစ်ချက်လည်း ရှိသေးသည်။

မိန်းမတွေစုမိလျှင် 'အတင်း'ပါမှဖြစ်သလို စာရေးဆရာတွေဆုံမိလျှင်လည်း ပုလင်းပါမှအဆင်ပြေသည်။ ထို့ကြောင့် ညနေစောင်းတာနဲ့ သောက်ပွဲကြီး ကျင်းပကြတော့သည်။ ဒီကြားထဲမှာ ကိုကိုနိုင်တို့လို ပန်းချီဆရာကွေ၊ စိုးသော်တာတို့လို ကာတွန်းဆရာတွေ၊အောင်ဘညိုတို့လို ကဗျာဆရာတွေလည်း သတင်းအကြားနဲ့ ရောက်ရှိလာ၏။

သူတို့သည် လုံးချင်းစာအုပ်ထုတ်ဖူးတဲ့လူတွေလည်း မဟုတ်။ လက်မှတ်ထိုးပေးစရာ အကြောင်းလည်းမရှိ။ ဘာဆိုင်လို့လဲဟု ထင်စရာရှိသော်လည်း သူတို့ပုံတွေ၊ ကဗျာတွေပါသောမဂ္ဂဇင်းလာဝယ်တဲ့လူရှိရင် လက်မှတ်ထိုးပေးရအောင်ဟု အကြောင်းပြုပြီး ဝင်နွဲကြခြင်းဖြစ်၏။ နေမျိုးညွန့်ကလည်း စာပေလောက ထုံးစံအတိုင်း စာမူခပေးဖို့သာ လက်တွန့်တာ၊ သောက်မယ်စားမယ်ဆိုရင် ပိုက်ဆံအိတ်ဖွင့်ဖို့ ဝန်မလေးတဲ့လူ ဆိုတော့…ဘာပြောကောင်းမလဲ။

သောက်မငြီးပေါ့။

❖

စာအုပ်အရောင်းပြခန်းတစ်ခုရှေ့တွင် အရုပ်ကြီးတစ်ရုပ် ထောင်ထားသည်။ ပါးစပ်ကြီးဖြဲပြီး အားရပါးရ ရယ်မောနေသော စာရေးဆရာဖေမြင့်၏ပုံတူအရုပ်ကြီးဖြစ်၏။ ပါးစပ်နေရာကိုတော့ အပေါက်ဖောက်ပေးထားသည်။ ထိုအပေါက်ထဲသို့ တင်းနစ်ဘောလုံးကို ဝင်အောင်ပစ်ရမည်။ ဝင်သွားလျှင် ဆုကြေးအဖြစ် ဖေမြင့်၏ နှလုံးသားအာဟာရ စာအုပ်တစ်အုပ် ရရှိမည်။ ပရိသတ်တွေက

www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးကို သုံးလုံးတစ်ရာနဲ့ ဝယ်ပြီးတော့ ဝင်အောင်ပစ်နိုင်မှ စာအုပ်တစ်အုပ်ဆိုတော့ မတန်ဘူးကွ။ ဘီယာဘူးတို့၊ မျော့ ရည်ပုလင်းတို့ ပေးမယ်ဆိုရင် တော်သေးတယ်"

ဟု ငိုင်းပြီး ဝေဖန်ကြသည်။ ထို့ကြောင့် မူလအစီအစဉ်ကို ဖျက်သိမ်းပြီး 'နှလုံးသားအာဟာရစာအုပ်တစ်အုပ်ဝယ်လျှင် အမဲအူပြုတ်တစ်ပွဲတိုက်ပါမည်'ဟု ပြင်ဆင်သတ်မှတ်လိုက်ရ၏။

❖

'အမျိုးသမီးထုတ်ဝေသူများ စာအုပ်အရောင်းဆိုင်၊ ဝယ်ယူအားပေးသူပရိသတ်ကြီးကို စာအုပ်ယိမ်းဖြင့် ဖျော်ဖြေမည်'

စင်ပေါ်မှာ အမျိုးသမီးထုတ်ဝေသူများ တန်းစီနေရာယူထားကြသည်။ စာအုပ်အထူကြီးများကို မှောက်လျက်ဖြန့်ပြီး ခေါင်းပေါ်မှာတင်ထားသည်။ ဝင်းသူဇာပွင့်ရိုက် ဝမ်းဆက်တွေဝတ်ထား





ကြ၏။ သူတို့ထဲမှာ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှတစ်ယောက်မှမပါ။ ရွက်ကြမ်းရေကျို ကြည့်ပျော်ရှုပျော်ရှိသူ တစ်ယောက်စ နှစ်ယောက်စ ပါသော်လည်း အများစုမှာ ဝတုတ်ကြီးတွေ၊ ပိန်ခြောက်ခြောက်တွေ၊ ရှည်တောက်တောက်တွေ၊ ပုလုံးလုံးတွေသာ ဖြစ်၏။

သူတို့ရဲ့ယိမ်းအကကလည်း ညီညီညာညာမဟုတ်။ တစ်ယောက်က လက်မြှောက်စဉ် တစ်ယောက်က လက်ချ။ တစ်ယောက်က ညာဘက်လှည့်တုန်း တစ်ယောက်က ဘယ်ဘက်ချိုး။ ဘယ်လိုမှ ကြည့်လို့ အဆင်မပြေနိုင်သဖြင့် ပရိသတ်တွေ ထပြန်ကုန်ကြသည်။ ကလေးတစ်အုပ်စုသာ ကျန်ခဲ့၏။ ကလေးတွေကလည်း ကြည့်ကောင်းလွန်းလို့မဟုတ်။ ဒီအဒေါ်ကြီးတွေ အသက်ကြီးမှ စာမရလို့ စာအုပ်ခေါင်းပေါ်တင်ပြီး ဒဏ်ပေးခံရတာပဲဟု အထူးအဆန်းသဖွယ် ကြည့်နေကြခြင်းသာ ဖြစ်၏။(အကနည်းပြတွေကလည်း ဒေါ်တူးတူးမြင့်သိန်းနှင့်ဒေါ်လမင်းအိမ်ဆိုတော့ ကောင်းရောပေါ့)။

စာအုပ်တွေကတော့ မဖြစ်စလောက်သာ ရောင်းရသည်။ ဒီအတိုင်းဆိုလျှင် ဆိုင်ခန်းခတောင် ပြန်ရပါ့မလားဟု စိုးရိမ်လာကြသည်။ ခေါင်းချင်းဆိုင်တိုင်ပင်ကြပြီးနောက် စရိတ်စက ကြေလိုကြေညားဆိုပြီး စာအုပ်ဆိုင်ရှေ့မှာ ဘူးသီးကြော်ရောင်းကြလေသည်။ ပြုံးစာပေ ဒေါ်ပြုံးက ဘူးသီးကြော် ကောင်းကောင်းကြော်တတ်သဖြင့် အဆင်ပြေသွားသည်။

တောက်တိုမယ်ရနိုင်းလို့ရအောင်ဆိုပြီး ဖူးကျော်နှင့် စည်သူမြသန်းတို့ကို အဖော်အဖြစ် ခေါ်ထားရသည်။ တကယ်တော့ သူတို့နှစ်ယောက်မှာ လေးတိလေးကန် ငိုင်တိငိုင်တိုင်သမားတွေသာ ဖြစ်၏။ ဆလပ်ရွက်ပေးပါဦး ပြောတဲ့ငိုင်းကို လက်သုတ်ပဝါ သွား

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုပေး။ ဘူးသီးကြော်နဲ့ကြက်သွန်ကြော်များချ၊ ရေနွေးကြမ်းအိုး တော်တော်နဲ့မလာလို့ အဟောက်ခံရနဲ့ ယောင်ချာချာတွေ ဖြစ်နေကြ၏။

စည်သူမြသန်းကလည်း ညနေစောင်းပြီဆိုလျှင် လက်ကမငြိမ်ချင်တော့။ တစ်ခါတော့ အကြော်စားနေသော အမျိုးသမီး၏ပေါင်ပေါ်သို့ အချဉ်ပန်းကန် လွတ်ကျသွားသည်။ အူကြောင်ကြောင်နိုင်လှသော ဇူးကျော်က အမျိုးသမီး၏ ပေါင်ပေါ်က အချဉ်ရည်တွေကို လက်နဲ့ပွတ်ပြီး သွားသုတ်ပေးသည်။ ဟိုက စိတ်ဆိုးပြီး အကြမ်းပန်းကန်လုံးနဲ့ ထုလိုက်တာ ထိပ်ဖုသွားသေးသည်။

ဒီကြားထဲမှာ ဘုရားပွဲကန်ထရိုက်ရထားသူတစ်ယောက်က သူတို့ပွဲမှာ ဘူးသီးကြော်ရောင်းဖို့ လာစပ်သေးသည်။ ချွေးတလုံးလုံးနဲ့ ကြော်နေသော ပြုံးစာပေဒေါ်ပြုံးရဲ့ ပုံစံကလည်း တကယ့်ဘူးသီးကြော်သည်ကြီးနဲ့ တော်တော်တူပေတာကိုး။

❖

ကြောင်နှစ်ကောင်စာပေသည် များသောအားဖြင့် ဘက်စ်ဆယ်လာ စာရေးဆရာတို့၏ စာအုပ်များကိုသာ ထုတ်ဝေသူဖြစ်၏။ ဈေးကွက်ကောင်းစဉ်အခါကတော့ မောင်မျိုးတို့ ပြုံးပြုံးပြုံးပြုံးနဲ့ပေါ့။ စာအုပ်အရောင်းအဝယ် ပါးလာတဲ့အခါမှာတော့ အထက်ကားကို ဈေးကြီးနဲ့မိထားတဲ့လူလို ပြူးပြူးပြာပြာဖြစ်ရပြီ။ စာအုပ်လက်ကျန်များလေထိလေပဲ။

ဒီတော့ ရန်ကုန်သမ္မ ထေမိကာမိစေရန် ဈေးပွဲတော်မှာ အရောင်းဆိုင်လှာဖွင့်သည်။ နာမည်ကြီးစာရေးဆရာတွေရဲ့စာအုပ်တွေဖြစ်သည့်တိုင်အောင် ဝယ်လိုအားကတော့ ဖြိုးဖြိုးဖြောက်ဖြောက်သာ ရှိ၏။

မောင်မျိုးလည်း ကြံရာမရဖြစ်ပြီး ဓာတ်ရိုက်ဓာတ်ဆင်လုပ်



တတ်သော ဟိန်းလတ်ဆီမှာ အကူအညီသွားတောင်းသည်။ ဟိန်းလတ်က ယတြာချေဖို့ အကြံဉာဏ်ပေးလိုက်၏။ (တကယ်တော့ ဟိန်းလတ်ကိုယ်တိုင်တောင် သူရေးတဲ့အင်္ဂလိပ်စကား အလွယ်ပြောနည်းစာအုပ်လက်ကျန်တွေ တစ်ဝက်ဈေးနဲ့ ချရောင်းရကောင်းမလား စဉ်းစားနေတာ။)

မောင်မျိုးကတော့ ထုပူနေသဖြင့် ပြောသည့်အတိုင်း လိုက်လုပ်သည်။ သူ့တစ်ကိုယ်လုံးရွှေရောင်ဆေးတွေသုတ်၊ အရောင်းကောင်တာပေါ် ဆောင့်ကြောင့်ထိုင်ပြီး ဝယ်သူလာအောင် လက်ယပ်ခေါ်သည်။ တရုတ်ဆိုင်တွေမှာ ထားလေ့ရှိသော လာဘ်ခေါ်ကြောင်ရုပ်လို လူကိုယ်တိုင် သရုပ်ဆောင်ရခြင်းဖြစ်၏။

ဆိုင်မှာ လူကတော့ စည်ပါသည်။ အထူးအဆန်းအဖြစ် ဝိုင်းအုံ ကြည့်ခြင်းသာ ဖြစ်၏။ စာအုပ်တွေကတော့ သိပ်မရောင်းရ။ လက်ယပ်ခေါ်ရလွန်းလို့ ညောင်းလာပြီး ကြာတော့ ချိုမိုင်မိုင်လုပ်သလောက်သာ လှုပ်ရှားနိုင်တော့သည်။ သည်ကြားထဲ ရွှေရောင်ဆေးတွေကြောင့် ချွေးပေါက်တွေပိတ်ပြီး တစ်ကိုယ်လုံးယားယံလာသောကြောင့် မောင်မျိုးမှာ ကိုယ့်ကိုယ်ကို ပြန်ကုတ်ရသော ကြောင် ဖြစ်သွားလေတော့သည်။

❖

မှုခင်းသတင်းထဲက ခါးပိုက်နှိုက်တွေလို နာမည်အမျိုးမျိုးနှင့် လှုပ်ရှားတတ်သော ငါးမည်ရ အတ္တကျော်သည် ကိုယ်ပိုင်စာအုပ်တိုက် တည်ထောင်ထားသည်။ လက်တွဲဖော်စာအုပ်တိုက်ဟု အမည်ပေးထား၏။ သူသည် လူပေါ်လူဇော် လုပ်လိုက်ရမှ ကျေနပ်သူဖြစ်တဲ့အတိုင်း သူ့စာအုပ်တိုက်လိုဂိုတံဆိပ်ကို အကြီးကြီးရေးဆွဲပြီး အရောင်းဆိုင်ခန်းရှေ့မှာ ထောင်ထားသည်။

ဒီဇိုင်းခကုန်မှာစိုးလို့ သူ့ဘာသာဆွဲထားသလားတော့မသိ။

www.burmeseclassic.com

www.burmeseclassic.com





စာအုပ်တိုက်တံဆိပ်ပုံစံက ဘယ်လက်အပေါ်ထောင့်မှာ ဖြန့်ထားသောလက်ဝါးတစ်ဖက်နှင့် ညာဘက်အောက်ထောင့်မှာ စာအုပ်လိုလို စာတိုက်ပုံးလိုလို ဘာမှန်းမသိသာ အရာတစ်ခုပါသည်။ သူဟာသူတော့ အတော်သဘောကျနေပုံရသည်။

သို့ရာတွင် ထိုပုံစံသည် အချိုရည်ဘူးပေါ်မှာ ရိုက်နှိပ်ထားလေ့ရှိသော အမှိုက်ပုံးတွင် စွန့်ပစ်ရန် သတိပေးသည့်အမှတ်အသားလို ဖြစ်နေလေသည်။ ထို့ကြောင့် လူတွေက သူ့စာအုပ်တိုက် ဆိုင်းဘုတ်ကြီးရှေ့မှာ အမှိုက်တွေ လာပစ်ကြသည်။ ထိုအခါ သူတို့လက်တွဲဖော် ဇနီးမောင်နှံနှစ်ယောက်ခမျာ စာအုပ်ရောင်းတဲ့အလုပ်ထက် အမှိုက်သိမ်းတဲ့အလုပ်ကို ပိုပြီး အဓိကထားလုပ်နေကြရသည်။ ညနေဆိုလျှင် သူတို့၏စီးတော်ယာဉ် ဒဂုံဂျစ်ကားကြီးဖြင့် ရေသန့်ဘူးခွံတွေတင်ပြီး ဘော်တယ်ဆိုင်မှာ တစ်ဗူးတစ်ဆယ်နှင့် ပြန်သွင်းတာက စာအုပ်ရောင်းတာထက်ပိုပြီး တွက်ခြေကိုက်သယောင် ရှိလေ၏။

❖

"လျှပ်တစ်ပြက်ဂျာနယ် ဘာကြောင့် ကြိုက်ကြတာလဲ"

"လျှပ်တစ်ပြက်ဂျာနယ် ဘာကြောင့် ကြိုက်ကြတာလဲ"

မြတ်နိုင်သည် 'အပြတ်ချက်မယ့် လျှပ်တစ်ပြက်' ဆိုသောစာတမ်းပါ စလွယ်ကိုလွယ်လျက် ရှေ့ဆုံးက တိုင်ပေးလေသည်။ ဇေယျာနှင့်ရွှေညာတို့က 'ထူးလို့ ထူးလို့' ဟု နောက်မှလိုက်အော်သည်။ မောင်းကြီးကိုလည်း တဒူဒူ ထုသေးသည်။

သူတို့သည် ပရိသတ်တွေကြားထဲ လှည့်လည်သွားလာရင်း အော်ဟစ်ကြော်ငြာနေကြသည်။ ငှားထားသော လက်ပွေ့သမားဆယ်ယောက်ကလည်း ဂျာနယ်တွေပွေ့ပြီး လိုက်လာသည်။ ဂျာနယ်ကို အထူးလျှော့ဈေးနှင့်ရောင်းသော်လည်း သိပ်စိတ်မဝင်စားကြ။ နောက်ဆုံး ညှိနှိုင်းဈေးဆိုတာတောင် အလုပ်မဖြစ်သောကြောင့် 'လျှပ်တစ်ပြက်မှာ အမြတ်မထွက်ဘဲ' ဖြစ်နေလေသည်။

သို့တိုင်အောင် မြတ်နိုင်ကတော့ လုပ်ငန်းကန့်ထရိုက်တစ်ခုကို ရရှိသွားသဖြင့် နည်းနည်းထေမိကာမိသွားသည်။ မျက်နှာအသားချောလိမ်းဆေးခရင် ထုတ်လုပ်သောကုမ္ပဏီတစ်ခုက သူ့ကိုကြော်ငြာမင်းသားအဖြစ် လာငှားသောကြောင့်ဖြစ်၏။ ကြော်ငြာထဲတွင် မြတ်နိုင်က 'ဆေးမလိမ်းမီပုံ' အဖြစ် သရုပ်ဆောင်ရမည်ဖြစ်လေသည်။

❖

ရယ်စရာမဂ္ဂဇင်းအဖွဲ့သည် စရိတ်စကကို အစစအရာရာ ချွေတာကြသူများဖြစ်၏။ (စာမူခအပါအဝင်ပေါ့) ထို့ကြောင့် အကုန်အကျသက်သာစေရန် အရောင်းဆိုင်ကို ဘာအပြင်အဆင်မှမလုပ်။ ဘာဖျော်ဖြေရေးမှမပါဘဲ အယ်ဒီတာချုပ် မောင်မောင်စနေနှင့် တာဝန်ခံအယ်ဒီတာ မြေလတ်မောင်မြင့်သူတို့ နှစ်ယောက်သာ ငေါင်းစင်းစင်းထိုင်နေကြသည်။ လူများလျှင် စားသောက်စရိတ်ပိုကုန်မယ် မဟုတ်လား။

သူတို့နှစ်ယောက်သည် ရှေ့က ဖြတ်သွားသူများကို 'ဟဲဟဲ' 'ဟီးဟီး'ဆိုပြီး လှမ်းလှမ်းရယ်ပြနေသည်။ လူတွေက ဘာကြောင်တာလဲ ဆိုပြီး ပြူးပြဲကြည့်သွားကြ၏။ မောင်မောင်စနေသည် နဂိုကပင် အရှက်မရှိသူဖြစ်သောကြောင့် ပြဿနာမရှိ။ မြေလတ်မောင်မြင့်သူကတော့ အေးအေးတည်တည် နေတတ်သူဖြစ်သဖြင့် မျက်နှာကြီးနီပြီး ရှုံ့တွတွဖြစ်နေသည်။ ပရိသတ်တွေက ဂရုမစိုက်သဖြင့် နောက်ဆုံးတော့ သူတို့အချင်းချင်းကြည့်ပြီးတော့သာ ရယ်နေရလေတော့သည်။

စားပွဲပေါ်မှာ မှတ်တမ်းလွှာစာအုပ်တစ်အုပ် ချပေးထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ စာဖတ်ပရိသတ်များအနေဖြင့် ရယ်စရာမဂ္ဂဇင်းနှင့် ပတ်သက်ပြီး ဝေဖန်အကြံပေးစာများ ရေးသားနိုင်ရန်ဖြစ်၏။ ထိုစာအုပ်ထဲတွင် ရေးသားသွားကြသော စာဖတ်ပရိသတ်အချို့၏စာများမှာ

"ရယ်စရာမဂ္ဂဇင်းစတင်ထုတ်ဝေသည့်အချိန်မှ ယခုထိ စွဲမြဲစွာ ဆုပ်ကိုင်ထားသော အချက်တစ်ခုကို သတိထားမိပါသည်။ ထိုအချက်မှာ စာလုံးပေါင်းသတ်ပုံမှားခြင်းပင် ဖြစ်ပါသည်"

"နောက်ကို မဂ္ဂဇင်းထဲမှာ တက္ကသိုလ်စိန်တင်ရဲ့ဓာတ်ပုံကြီး မထည့်ပါနဲ့၊ စိုင်းစိုင်းတို့၊ စွမ်းစွမ်းတို့ပုံတွေပဲ ထည့်ပါ"

"ဖလင်ခွဲတာ သိပ်မသပ်ရပ်ဘူး။ တခြားနေရာ ပြောင်းအပ်သင့်သည်"

❖

တစ္ဆေသရဲ ဝတ္ထုရေးသူတွေစုပြီး ပရိုမိုးရှင်းလုပ်တဲ့အနေနဲ့ သူရဲရထားအစီအစဉ် ပြုလုပ်ထားသည်။ စာရေးဆရာများ ကိုယ်တိုင် သရဲများအဖြစ် ခြောက်လှန့်ပေးမည်ဖြစ်၏။

ဒေဝစကြာသည် ကိုယ်ပေါ်မှာ ဆေးအဖြူခြယ်ပြီး အရိုးခြောက်လို ပုံသဏ္ဌာန်ဖြင့် ခြေလှုပ်လက်လှုပ်လုပ်ပြသည်။ ရထားပေါ်မှာ ပရိသတ်တွေက မကြောက်လန့်ကြဘဲ

"ထိပ်ပြောင်ကြီးဟေ့..."

ဟု ဝိုင်းအော်ကြသည်။ နန်းကြေးသျှင်က အစွယ်အတုကြီးတပ်၊ ဟားဟား ဝါးဝါး အော်ပြီး ခြောက်သည်။ မကြောက်တဲ့ အပြင် လက်မြန်တဲ့ ချာတိတ်တစ်ယောက်က အစွယ်အတုကို ဆွဲဖြုတ်လိုက်တာ နှုတ်ခမ်းမွေး နှစ်ပင်သုံးပင်တောင် အဆစ်ပါသွားသေးသည်။

သတိုးတေဇကတော့ ဝတ်ရုံအမည်းကြီးခြုံ၊ ဓားကောက်သွားလုံကြီးနဲ့ ခုတ်မလိုလို ထိုးမလိုလို လုပ်ပြသည်။ ခပ်ကဲကဲကောင်မလေးတစ်ယောက်က အလစ်မှာမျက်မှန်ကို ဖြတ်ခနဲ ဖြုတ်ယူသွားသဖြင့် 'မျက်ကန်းတစ္ဆေမကြောက်' ဖြစ်သွားရ၏။



ဒဿကျော်စွာသည် သူ၏နာမည်ကျော် ဇာတ်ကောင်ပုံစံအတိုင်း မျက်နှာမှာ သနပ်ခါးထူထူလိမ်း၊ ဆံပင်တုဖားလျားကြီးစွပ်၊ ထဘီရင်လျားဝတ်ပြီး လက်ယပ်ခေါ်နေတဲ့ဟန် ပြုလုပ်ပြသည်။ ကောင်လေးတွေက

"မာမီမဖဲဝါ၊ မာမီကြီးမဖဲဝါ..."

ဟုအော်ဟစ် နှုတ်ဆက်ကြသည်။ ဒီလိုနဲ့ တဝါးဝါးတဟားဟား ရယ်မောရင်း သရဲရထားသည် ဂိတ်ဆုံးသို့ ရောက်ရှိလာခဲ့၏။ လူတစ်ယောက်က

"ကြောက်စရာလဲ မကောင်းဘူး။ သူရဲရထားလို့ မခေါ်ဘဲ ဟာသ ရထားလို့ ခေါ်ဖို့ကောင်းတယ်။ ဟားဟား၊ ဟား ဟား ဟား ဟ အမလေး၊ ဘာကြီးလဲ"

ရယ်နေရာမှ တစ်နေရာကို ကြည့်ပြီး လန့်ဖြန့်သွားသည်။ မှောင်ထဲကနေစင်းစင်းကြီး ကြည့်နေသော မျက်လုံးဝါဝါကြီး နှစ်လုံး။ ပြီးတော့ ဖွေးခနဲဖြစ်သွားသော သွားကြီးတွေ။ ဒါကလွဲပြီး ဘာမှမမြင်ရ။

"ဟာ...သရဲ၊ ဒါမှသရဲအစစ်၊ အမလေး လုပ်ကြပါအုံး"

မိမိကိုမြင်တာနဲ့ လူတွေက ဘာကြောင့် ထိတ်လန့်တကြားထွက်ပြေးကြရတာလဲဟု နားမလည်စွာ တွေးရင်း နေဝင်းမြင့်သည် ခေါင်းကိုကုတ်လိုက်မိလေသည်။

❖

တကယ်တော့ နေဝင်းမြင့်သည် သူ့ကိုယ်ပိုင်အစီအစဉ်မစတင်ခင်မှာ ပျင်းပျင်းရှိတာနဲ့ လမ်းလျှောက်ထွက်လာရင်း သရဲရထားရုံထဲ ဝင်လေ့လာခြင်းဖြစ်၏။ သူက မှောင်ရိပ်ထဲမှာပင်ရပ်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ သူ့ရဲ့ရထားကို ငေးကြည့်နေရာမှ လူတစ်ယောက်က သူ့ကို လက်ညှိုးထိုးပြတော့ ငါ့စာဖတ်ပရိသတ်တွေပဲဆိုပြီး ရယ်ပြမိရာက ခုလိုဝရုန်းသုန်းကားဖြစ်သွားရတာပါ။

နေဝင်းမြင့်နှင့်ခင်ခင်ထူးတို့သည် စာပေနယ်မှာ ရှားရှားပါးပါး ဇနီးမောင်နှံနှစ်ဦးစလုံး အောင်မြင်ကျော်ကြားသော စာရေးဆရာများ ဖြစ်ကြ၏။ နေဝင်းမြင့်၏စာများက လေးလေးနက်နက်ရှိသလို ခင်ခင်ထူးရဲ့ ဝတ္ထုတွေကလည်း ဝိတ်အပြည့်နဲ့ အနှစ်တွေချည်းပါပဲ။

သူတို့သည် မန္တလေးက ဆင်းလာသူများပီပီ သူများတကာထက် ထူးမှဖြစ်မည်ဟု ဆုံးဖြတ်ထားကြသည်။ အဓိကကတော့ ခင်ခင်ထူးကို ပိုပြီး ကျော်ကြားအောင် ပရိုမိုးရှင်းလုပ်ရမည်ဖြစ်၏။ ထို့ကြောင့် ပရိသတ်စိတ်ဝင်စားစေရန် ခင်ခင်ထူး၏ သရုပ်ပြအလေးမပွဲနှင့် တင်ဆက်မည်ဟု ကြေညာထားသည်။

ခင်ခင်ထူးသည် အလေးမဝတ်စုံပြည့်ကိုဆင်မြန်းပြီး စင်ပေါ်မှာခန့်ညားစွာ ရပ်နေသည်။ သူ့ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့် အမျိုးသမီး ပရိအလေးမသမားတစ်ယောက်နှင့်တူသဖြင့် အတော်ကြည့်လို့ကောင်းသည်။ သူသည် ရှေ့မှာချထားသော ကီလိုတစ်ရာ အမှတ်အသားရှိ ဝိတ်ပြားများကို အားမာန်အပြည့်ဖြင့် ဇွေခနဲမပြီး ခေါင်းပေါ်သို့ မြှောက်တင်လိုက်သည်။

လက်ခုပ်သံတွေ ဆူညံသွားသည်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း အတွင်းလူများဖြစ်ကြသော ညိုထွန်းလူ၊ ကျော်ရင်မြင့်၊ ကိုရိုးကွန့်တို့က ပရိသဝ်ယောင်ဆောင်ပြီး ပန်းကုံးတွေ ပန်းစည်းတွေ၊ ဆုငွေတွေ တက်ပေးကြသည်။ ညီပုလေးက မှတ်တမ်းတင်ဓာတ်ပုံများ တဖြတ်ဖြတ်ရိုက်လိုက်စဉ် သူ့ကင်မရာမှ'တွိုင်' 'တွိုင်'ဟူသောအသံများ ထွက်ပေါ်နေလေသည်။



တကယ်တော့ နေဝင်းမြင့်သည် ဆရာကြီးသော်တာဆွေရေးသားခဲ့သော 'ကျွန်တော်ဝိတ်တာဆွေ' အမည်ရှိဝတ္ထုကို ပြန်ဖတ်မိရာက ဒီအကြံအစည်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထိုဝတ္ထုထဲတွင် တောကတက်လာသော ငယ်ရည်းစားအထင်ကြီးစေရန် သံဖြူဖြင့် ပြုလုပ်ထားသော ခေါင်းပွဝိတ်ပြားများကို မ,ပြပုံအကြောင်း ရေးထားသည်။

ခုလည်း ခင်ခင်ထူးမပြသောဝိတ်ပြားများမှာ ဖော့တုံးများဖြင့် ပြုလုပ်ထားခြင်းဖြစ်၏။ ဝင်ရိုးဘားတန်းမှာလည်း ပီဗွီစီပိုက်ဖြစ်၏။ စတီးရောင်မှုတ်ဆေးနှင့် မှုတ်ထားသောအခါ အဝေးကကြည့်လျှင် တကယ့်အစစ်ဟုထင်ရ၏။

ထို့နောက် ဝိတ်ပြားဖော့ပြားတွေကို ထပ်ထပ်တိုးပြီး ၁၀ညွှ်သွားရာ ကမ္ဘာ့စံချိန်ကိုတောင် ကျော်သွားသဖြင့် အားကစားဂျာနယ်များမှ သတင်းထောက်တွေ အပြေးအလွှား ရောက်ရှိလာကြသည်။ 'မန္တလေးအရုဏ်ဦး'ဂျာနယ်ကလည်း မျက်နှာဖုံးသတင်းအဖြစ်တင်ရန် အင်တာဗျူးလုပ်ချင်သည်ဟု ကမ်းလှမ်းလာသည်။ ညီပုလေးကတော့ သူရိုက်ထားသော ဓာတ်ပုံတွေကို ခုသုံးမယ်ဆိုရင် မူပိုင်ကြေးတစ်သိန်းခွဲပေးရမည်ဟု ဆိုနေ၏။

ခုလို အောင်မြင်မှု အရှိန်တက်နေတဲ့အချိန်မှာပဲ ကံဆိုးချင်တော့ နွေနှောင်း၏ လေရူးခပ်ကြမ်းကြမ်း တစ်ချက်ဝင်မွှေသွားသည်။ ဖော့နှင့်လုပ်ထားသော ဝိတ်ပြားတွေ လေထဲလွင့်ပျံထွက်ကုန်ပြီး ပရိသတ်ကြားထဲကျသည်။ လန့်တဲ့လူလန့်၊ အော်တဲ့လူအော်၊ ပြေးတဲ့လူပြေး ဖြစ်ကုန်ကြ၏။ နဖူးတည့်တည့်ကို ဝိတ်ပြားမှန်သောလူတစ်ယောက်သည် ကွဲသွားပြီမှတ်လို့ စမ်းကြည့်ပြီးမှ ဘာမှမဖြစ်သောကြောင့် မသင်္ကာဖြစ်ပြီး စစ်ဆေးကြည့်ရာ–

"ဟာ…ဝိတ်ပြားအတုကြီးပေါ့၊ ဖော့နဲ့လုပ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..ဒါဆို လိမ်တာပေါ့။ ဒီလို မလိမ့်တပတ် လုပ်လို့ရမလား"

မကျေမနပ် ဆူပွက်သံတွေ ထွက်ပေါ်လာတော့ နေဝင်းမြင့်သည် ခင်ခင်ထူး၏လက်ကိုဆွဲပြီး

"မအိမ်ကံရေ၊ ရေကန်သာ ကြာတိုင်းပြေးပေတော့လကွယ်"

ဟု အချက်ပေးရင်း ကိုယ်ယောင်ဖျောက်လိုက်ရသည်။

❖

စိတ်ကူးချိုချို စာအုပ်တိုက်ပိုင်ရှင် မောင်စန်းဦးသည် စာရေးဆရာကဗျာဆရာဖြစ်သလို မော်ဒန်ပန်းချီဆရာတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် သူ၏စာအုပ်ဆိုင်ရှေ့မှာ ပါဖောမင့်ပြကွက်ဖြင့် ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ပြီး ဖျော်ဖြေသည်။

မောင်စန်းဦးသည် ဖရဲသီးကြီးတစ်လုံးပေါ်မှာ ကတ်သီးကတ်သတ်တက်ပြီး ဆောင့်ကြောင့်ထိုင်နေသည်။ရှေ့တည့်တည့်မြေကြီးပေါ်က ခြတွေတရွရွတက်နေသော စာအုပ်ပုံကြီးကို ငိုင်တွေတွေကြီး ငေးကြည့်နေသည်။ ထိုပါဖောမင့်ပြကွက်ကို 'စိတ်ကူးမှိုင်မှိုင်' ဟု အမည်ပေးထား၏။

ပရိသတ်တွေက အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုရင်း ထင်မြင်ချက် အမျိုးမျိုးပေးကြသည်။ အများစုကတော့ 'ဂေါက်' နေတာပဲဟု ထင်ကြသည်။ အရေးထဲမှာ ကလေးငယ်တစ်ယောက်က 'ဖရဲသီး စားမယ်၊ ဖရဲသီး စားမယ်'ဟု အော်နေသဖြင့် 'မှဒ်' အောက်သွားရသေးသည်။

ဘာပဲဖြစ်ဖြစ် လူစိတ်ဝင်စားတာတော့ အမှန်ပဲ။ မောင်စန်းဦးရေးသားသော 'နာနာဘာဝ မော်တော်ကား' အမည်ရှိ မော်ဒန်ဝတ္ထုမှာလည်း အတော်အသင့် ရောင်းလိုက်ရသည်။

အမှန်ကတော့ စာအုပ်နာမည်ကိုကြည့်ပြီး တစ္ဆေသရဲဝတ္ထုမှတ်လို့ ဝယ်သွားကြတာ။ ဖတ်ကြည့်တော့မှ ဘာတွေလျှောက်ရေး



ထားမှန်းမသိဘူးဆိုပြီး စိတ်ဆိုးမာန်ဆိုးနှင့် ပိုက်ဆံလာပြန်တောင်းကြသည်။

မောင်စန်းဦးကတော့ ဒါတွေဘာမှမသိ။ ပါဖောမင့်ပြကွက်၏ ဒုတိယအဆင့်အဖြစ် ကျွဲကောသီးကြီးတစ်လုံးကိုတောင် ခေါင်းပေါ်ထပ်တင်လိုက်ပြန်ပြီ။

❖

"သစ္စာနီ၊ မင်းလူ၊ ပဉ္စမံဒီရိုင်း...သုံးအုပ်တစ်ထောင်၊ သုံးအုပ်တစ်ထောင်"

'ငါတို့စာပေမှ စန်းမွန်အောင်၏ ဈေးခေါ်သံဖြစ်၏။ သူတစ်ယောက်ထဲ မအော်ရဲသဖြင့် လွန်းဆက်နိုးမြတ်နှင့် ဟန်ဇော်တို့ကိုပါ အကူအညီ ခေါ်ထားရသေးသည်။

"ဟင်း...ဒီစာအုပ်တွေများ သုံးအုပ်တစ်ထောင် ပေးရမလား ကွ။ ရပ်ကွက်ထဲက အငှားဆိုင်ကတောင် ဆိုင်မှရှုပ်လို့ဆိုပြီး အလကားပြန်ပေးနေတာတောင် ယူမယ့်လူမရှိဘူး"

ဟုဆိုပြီး ဘယ်သူမှ မဝယ်ကြ။ စိတ်ဝင်စားတဲ့လူဆိုလို့ တစ်ယောက်ပဲ ရှိ၏။ အရောင်းဆိုင်သို့ ဆာလာအိတ်ထမ်းလာသော ကုလားလေးတစ်ယောက် ရောက်ရှိလာပြီး-

"သုံးပိဿာတစ်ထောင်ရမယ်ဆိုရင်တော့ အကုန်လုံးယူသွားမယ်အစ်ကို"

ဟု လာစပ်လေသည်။

စန်းမွန်အောင်မှာ ကြံရာမရဖြစ်ပြီး သူ့အစ်ကိုဖြစ်သူ သားစိုးကို အကူအညီတောင်းရလေသည်။

သားစိုးလာမယ်ဆိုတော့ စိတ်ဝင်တစား စောင့်ကြည့်သူတွေရှိလာသည်။ ရိုးရိုးတန်းတန်းတော့ လာမှာမဟုတ်။ သူ့ထုံးစံအတိုင်း တစ်ခုခု ထူးခြားအောင်တော့ လုပ်လာမှာပဲ။ သူငယ်တော်လိုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားလာမလား။ ဦးရွှေရိုးလိုပဲ ဆင်မြန်းလာမလား။ ဇော်ဂျီလို ပဲ တောင်ဝှေးထမ်းလာမလား။

လာမယ့်လာတော့ ရွှေခေါင်ခေါင် ချွေးတပြိုက်ပြိုက်ကျနေတဲ့ အချိန်ကြီးမှာ စန်တာကလော့ခေါ် ခရစ်စမတ်ဘိုးဘိုးကြီးလို လုပ် ချလာလေ၏။ ကျောမှာပိုးထားသော အိတ်ကြီးထဲမှာတော့ စီဒီခွေ တွေပါလာသည်။

"စာအုပ်ဝယ်သူတိုင်းကို သားစိုး၏ လုံးဝ မစီစဉ်ရသေးသော စီဒီတစ်ချပ် လက်ဆောင်ပေးမည်"

ဟု ကြေညာလိုက်သောအခါ စာအုပ်တွေ အတော်ရောင်း လိုက်ရ၏။ ဒါတောင် တချို့က စာအုပ်မယူဘဲ စီဒီခွေချည်းပဲ မရ ဘူးလားဟု မေးကြသေးသည်။

စန်းမွန်အောင်ကတော့ အသက်ရှုချောင်မယ်မှတ်နေတုန်း






ဒေါသထွက်နေသော ဝယ်သူများဆိုင်ကိုလာဝိုင်းကြ၏။ အကြောင်း မှာ သားစိုး၏လုံးဝမစီစဉ်ရသေးသာ စီးရီးဆိုတဲ့စကားနဲ့အညီ ဘာ သီချင်းမှမပါသော အခွေလွတ်တွေ ဖြစ်နေလို့ပါပဲ။

ထို့ကြောင့် ပရိသတ်တွေကျေနပ်အောင် အစီအစဉ်တစ်ခု လုပ်ရပြန်သည်။ သားစိုးမှာ မထွင်ရမနေနိုင်သူဖြစ်တဲ့အတိုင်း အနု ပညာရှင်က လက်မှတ်ထိုးပေးတာမျိုးမဟုတ်ဘဲ ပရိသတ်တွေက ပြန်ပြီး လက်မှတ်ထိုးပေးသော ပုံစံကို ပြုလုပ်လိုက်သည်။

သူသည် ဘောင်းဘီတိုကလေးကလွဲပြီး ဘာအဝတ်အစားမှ မဝတ်ဘဲ ဒူးထောက်ထိုင်နေသည်။ ပရိသတ်များက သူ့ကိုယ်ပေါ် မှာ ဆော့ပင်နှင့် လက်မှတ်များထိုးကြသည်။ ခန္ဓာကိုယ်အနှံ့ နား ရွက်များပါမကျန် လက်မှတ်ဝိုင်းထိုးကြရုံမျှသာမက တချို့ဆိုလက် ဖွေရာတောင် နှိပ်သွားကြသေးသည်။ ဒီကြားထဲမှာ ကန့်ကလန့် လူကြီးတစ်ယောက်က သူများတွေ လက်မှတ်မထိုးရသေးတဲ့နေရာ မှ ထိုးချင်ပါတယ်ဆိုပြီး အတင်းဝင်ဆွဲလို့ သားစိုးမှာ 'ဘူးသီးနုနု မခူးရ'ဟု အော်ပြီး ထွက်ပြေးရသည်။

စန်းမွန်အောင်လည်း ဒီစာရေးဆရာတွေရဲ့ စာအုပ်တွေထုတ် နေလို့ကတော့ စီးပွားပျက်လိမ့်မယ်။ ကိုယ့်ဘာသာ ဝတ္ထုတွေ ကိုယ်တိုင်ရေးပြီး ထုတ်တော့မယ်ဟု ဆုံးဖြတ်လိုက်၏။ ကလောင် နာမည်ကိုလည်း သားစိုးထက်သာအောင် 'သားမြတ်'ဟု မှည့်ခေါ် မည်ဟု စဉ်းစားထားသည်။

❖

စာရင်းချုပ်လိုက်တော့ စာအုပ်ဈေးပွဲတော်မှာ အမြတ်ထွက် တဲ့စာအုပ်ဆိုင်ရယ်လို့ မရှိသလောက်ပဲ။ အလဲဗင်းမီဒီယာဂရုသာ နည်းနည်းပါးပါး ခုမိကာမိရှိ၏။ ဒါကလည်း ဗလာစာအုပ်တွေ ရောင်းရငွေက ဝင်ကယ်သွားလို့။ အများစုမှာ ဆိုင်ခန်းခတောင်

www.burmeseclassic.com



မကြေလို့ အခက်တွေကြုရသည်။

အခုလို စီးပွားရေး ထိုင်းမှိုင်းပြီး အရောင်းအဝယ်တွေပါးနေသော ကာလမှာတောင် အလုပ်ဖြစ်နေသေးသော လုပ်ငန်းတစ်ခု ရှိသေးသည်။ လက်ဖွေ့ပွဲများပင် ဖြစ်၏။ ရုံဝင်ခသောင်းနဲ့ချီပေးရတာတောင် လူတွေက ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြရ လက်မှတ်မှောင်ခိုတာတောင် ရှိသည်။

ထိုအခါ လက်ဖွေ့ပွဲသွင်းတဲ့ အတွေ့အကြုံရှိခဲ့ဖူးသော ဆရာကြီး ကျားဘငြိမ်းဘညိမ်း၏သားများဖြစ်တဲ့ ဝင်းငြိမ်း၊ ဆန်နီညိမ်း၊ မျိုးမြင့်ညိမ်းတို့ ညီအစ်ကိုများသည် အကွက်ကောင်းတွေ့ပြီဆိုပြီး 'စာပေလက်ဖွေ့စင်တင်ပွဲကြီး'ကို ဦးစီးကျင်းပကြလေတော့သည်။

'ခွက်တူရင် ပုလင်းမရွေးပါဘူး

စက္ကူတွင် သတင်းရေးတဲ့

ယောက်ျားဘသား…

မျိုးမြင့်ညိမ်းတဲ့ဟေ့…

"ဗေပုံထိုး၊ ဗေပုံထိုး…

လက်ဖွေ့ရေးပြ စိန်ခေါ်သံတွေ ညံနေသည်။ အကယ်ဒမီခင်မောင်ကြီးအဖွဲ့ကလည်း ဗိန်းဗောင်းဆိုင်းသံဖြင့် သွေးကြွအောင် နှိုးဆွပေးသည်။ "ဟိုက်ရော…ဟိုက်ရော"ဆိုသော ဦးဝင်းငြိမ်း၏ ဆော်သြသံကလည်း တစ်ချက်တစ်ချက်မှာ မိုးလုံးဟိန်းမျှ ထွက်ပေါ်လာနေ၏။

စာပေသမားများမှာ ကိုယ့်အုပ်စုနှင့်ကိုယ် အသင်းတွေဖွဲ့ပြီး ဝင်ပြိုင်ကြသည်။ မန္တလေးအသင်း၊ နေပြည်တော်၊ ပျဉ်းမနားအဖွဲ့၊ ကွမ်းခြံကုန်းအုပ်စု၊ အင်းစိန်သားများ၊ ရီယယ်လစ်ဇင်ဂရု(ပ်)၊ မော်ဒန် ပို့စ်မော်ဒန်ညွန့်ပေါင်း၊ ပီပီ၊ အယ်လ်ပီ၊ ပီအယ်ပီ စသည်ဖြင့်…

လက်ဖွေ့ပွဲများမှာ အကြိတ်အနယ် ရှိကြသည်။ ပရိသတ်တွေကလည်း ဝက်ဝက်ကွဲအောင် အားပေးကြသဖြင့် လက်မှတ်များ ရောင်းမလောက်ဖြစ်ပြီး မှောင်ခိုဈေး သုံးသောင်းအထိ တက်သွားသည်။ လုပ်ပွဲညာပွဲမဟုတ်ဘဲ တကယ်ထိုးကြသဖြင့် အလွန်ကြည့်ကောင်းသည်။

အထူးသဖြင့် ကဗျာဆရာအချင်းချင်း၊ စာနယ်ဇင်းသမားအချင်းချင်း ထိုးသတ်ကြသောပွဲများမှာ ပိုပြီး သည်းထိတ်ရင်ဖိုရှိလှသည်။ မူလစည်းကမ်း သတ်မှတ်ချက်မှာ ကတ္တီပါလက်အိတ်စွပ်ပြီး ထိုးရမည်ဖြစ်၏။ သို့ရာတွင် ထိုးရင်းက စိတ်ပါလာပြီး လက်အိတ်တွေချွတ်၍ ဗလာချီထိုးကြသည်။ တခြားပွဲတွေလို ငါးချီဆယ်ချီ ကန့်သတ်မှုမရှိတော့ဘဲ ကြောက်ရှုံး ကွဲရှုံး ရေကုန်ရေခမ်းဆော်ကြလေသည်။ ကြာတော့ နည်းပြဆရာတွေပါ အချင်းချင်းစိန်ခေါ်လာကြသည်။ ဒိုင်လူကြီးတွေတောင် လက်ခမောင်းထခတ်ချင် သလိုလို ဖြစ်လာလေတော့သည်။

ဤသို့ဖြင့် ကာလအတန်ကြာ လေးလံ ထိုင်းမှိုင်းနေသော စာပေလောကကြီးမှာ ပြန်လည်လှုပ်ရှား စည်ကားသိုက်မြိုက်လာခဲ့လေ၏။

ရယ်စရာမဂ္ဂဇင်း၊

အမှတ် ၄၂၊ မေ၊ ၂၀၀၉။



www.burmeseclassic.com

www.burmeseclassic.com

ငွေရတု



www.burmeseclassic.com

www.burmeseclassic.com

## ရွှေအမြုံရဲ့ငွေရတု

ဆရာ၊ ဆရာမ ခင်ဗျား...

ရွှေအမြုတေ စာပေဆုနှင်းသဘင်၊
နှစ်ဆယ့်ငါးကြိမ်မြောက် ငွေရတုအခမ်းအနားကို
အောက်ပါအစီအစဉ်အတိုင်း
ကျင်းပမည်ဖြစ်သဖြင့်
မပျက်မကွက်
ကြွရောက် ချီးမြှင့်ပါရန်
လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရွှေအဖွဲ့သားများ

အထက်ပါ စာသားများပါသော ဖောင်းကြွ အီးမေးလ်ဖိတ်စာများသည် စာပေလောကသားများထံသို့ တစ်ပြိုင်နက် ရောက်ရှိလာသည်။ ဖောင်းကြွ အီးမေးလ်ဖိတ်စာဆိုသည်မှာ အီးမေးလ်ရောက်လာလို့ ဖွင့်ကြည့်လိုက်လျှင် စာသားတွေက မော်နီတာပေါ်မှာ ဖောင်းကြွပြီး ပေါ်လာသည်။ စခရင်ကို လက်နှင့်စမ်းကြည့်လျှင် စာလုံးတွေ ဖုနေတာတွေ့ရ၏။ အီးမေးလ်အတု မလုပ်နိုင်အောင် တီထွင်ထားခြင်း ဖြစ်၏။ ပို့ခကတော့ ဈေးကြီးသည်။

❖



ဆရာကြီးဦးစိန်မျိုးမြင့်သည် ရုပ်မြင်သံကြားမှပြသနေသော သရီးဒီ ဘောလုံးပွဲကို စိတ်ပါဝင်စားစွာ ကြည့်နေသည်။ သူသည် ဘောလုံးကလပ်အသင်းတစ်သင်း၏ အကြံပေးအရာရှိချုပ်ဖြစ်၏။ သူ့အသက်အရွယ်နှင့် ကျန်းမာရေးအရ ကွင်းထဲအထိ သွားမကြည့်နိုင်တော့သဖြင့် အိမ်ကနေပဲ သရီးဒီတီဗွီနှင့်ကြည့်ရင်း တိုက်ရိုက်ညွှန်ကြားနေရခြင်း ဖြစ်၏။

သူက ခလုတ်နှိပ်၍ ကွင်းထဲက နည်းပြနှင့် ဆက်သွယ်လိုက်ပြီး–

'ဖော်မေးရှင်းကို သရီးဖိုက်တူးပြောင်း၊ ကွင်းလယ်ကိုစီးပြီး အတက်ကင်ကိုမြှင့်တော့'

ဟု အမိန့်ပေးလိုက်သည်။ ထိုစဉ်တွင် သူ့တပည့်လေးဘေးမှာ လာရပ်သည်။

"အီးမေးလ်ဖိတ်စာ ဝင်လာတယ်အဘ"

ဦးစိန်မျိုးမြင့်က လှည့်မကြည့်ဘဲ

"သေချာစစ်ပြီးပြီလား၊ စပမ်းမေးလ်လဲ ဖြစ်နေဦးမယ်"

"စစ်ပြီးပါပြီ၊ အမှန်အကန်ပါပဲ"

"ဘယ်က ဖိတ်တာလဲ"

"ရွှေအမြုတေ ဆုပေးပွဲတဲ့"

ဘောလုံးပွဲထဲ အာရုံရောက်နေသောကြောင့် နားစွန်နားဖျားကြားပြီး–

"ဘာ၊ ရွှေမျိုးတွေဆုပေးပွဲ၊ ဟုတ်လား၊ အဲဒါ ငါနဲ့ ဘာဆိုင်လဲ"

"ရွှေမျိုးတွေ မဟုတ်ပါဘူး၊ ရွှေအမြုတေစာပေဆုပေးပွဲပါ"

"ဟေ...ရွှေအမြုတေပွဲဆိုရင်တော့ သွားကိုသွားရမယ်၊ ဝီစကီကောင်းကောင်း မသောက်ရတာ ကြာပြီ"

ဟု ပြောလိုက်၏။

❖

www.burmeseclassic.com

www.burmeseclassic.com



၂၀၃၀ ပြည့်နှစ်၊ မေလ ၂၈ ရက်

ညနေခြောက်နာရီ

တိုက်ဂါးစင်တာ အဆောက်အအုံကြီး၏ ဆင်ဝင်အောက်သို့ စာပေသမားဧည့်သည်တော်များ၏ မော်တော်ယာဉ်များ တစ်စီးပြီးတစ်စီးဝင်ရောက်လာကြသည်။

တိုက်ဂါးစင်တာ အဆောက်အအုံကြီးမှာ နှစ်ဆယ့်ငါးထပ် ရှိသည်။ လက်ဝှေ့ကျော်ဆရာကြီး ကျားဘညိမ်း နောက်ဆုံးခေါင်းချသွားရာ ရန်ကုန်မြို့၊ ပုဇွန်တောင် ညောင်တန်းဆိပ်ကမ်းနယ်မြေအတွင်း၌ တည်ရှိသည်။ တိုက်ဂါးမျိုးဆက်များက ပိုင်ဆိုင်သည်။

အဆောက်အအုံ၏ ထိပ်နဖူးစည်းတွင် ကျားရုပ်ကြီးတစ်ခုတပ်ဆင်ထားသည်။ မော်ဒန်ပန်းပုဆရာကြီး ဦးဆန်နီညိမ်း၏ လက်ရာဖြစ်၏။ ကျားရုပ်ဆိုသော်လည်း အပြင်က တကယ့်ကျားနှင့်မတူ။






စတီးချောင်းများ၊ ကြေးပြားများ၊ သံကွင်းများနှင့် သင်္ကေတပြုထားခြင်းသာ ဖြစ်၏။ ကျား၏ကိုယ်ပေါ်က အစင်းကျားတွေကလည်း ဒေါင်လိုက်မဟုတ်ဘဲ ကန့်လန့်စင်းများ ဖြစ်နေ၏။ သူက 'အဲဒါကျားပဲ'ဟု ဆိုသဖြင့် ကျားရုပ်ဟု သတ်မှတ်လိုက်ရခြင်း ဖြစ်၏။

ရွှေအမြုတေစာပေဆုပေးပွဲ နှစ်ဆယ့်ငါးကြိမ်မြောက် ငွေရတုအခမ်းအနားကို အပေါ်ဆုံးထပ် လဟာပြင်ခန်းမတွင် ကျင်းပမည်ဖြစ်၏။ ခန်းမကြီးကို ဖိုက်ဘာဂရေးမှန်ကြီးဖြင့် မိုးထားသည်။ ထို့ကြောင့် နေပူလျှင် ညှို့မှိုင်းသွားပြီး ညဘက်ကျတော့ လုံးဝကြည်လင်နေသည်။ ကြယ်တွေလတွေကို ပကတိအတိုင်း မြင်နိုင်၏။

ဖျူးပို့ရှင့်အဖြစ်ပြုလုပ်ထားသော မျှော်စင်ပေါ်မှကြည့်လျှင် ရန်ကုန်တစ်ဝိုက်ကို အပေါ်စီးမှမြင်နေရသည်။ ငမိုးရိပ်/ပုဇွန်တောင်ချောင်း၊ ပဲခူးမြစ်နှင့် ရန်ကုန်မြစ်တို့ဆုံရာ ရေပြင်ကျယ်ကြီးမှတစ်ဆင့် ပင်လယ်ဝထိ လှမ်းတွေ့နိုင်သည်။

အနောက်မြောက်ဘက်ကို မျှော်ကြည့်လျှင် ဖန်ခွက်ထဲမှ ဖိတ်ကျထားသော ရေတစ်စက်တစ်ကွက်နှင့်တူသော ကန်တော်ကြီးနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြင်နိုင်သည်။ အနောက်ဘက်ယွန်းယွန်းမှာ ဒလနှင့်ရန်ကုန်ကို ဆက်သွယ်ထားသောမိုးပျံနှစ်ထပ်တံတားသစ်ကြီး။ အရှေ့ဘက်မှာတော့ သန်လျင်မြို့ရှိသည်။ အရှေ့ပိုင်းတက္ကသိုလ်မှာ အဆောက်အအုံပုံစံငယ်လေးလို ဖြစ်နေ၏။ သီလဝါစက်မှုဇုန်မှာ တလူလူလွင့်တက်နေသော မီးခိုးလုံးကြီးများမှလွဲလျှင် ရှုခင်းသည် အလွန်သာယာလှပနေ၏။ နေက ဝင်လုဆဲဆဲ။

❖

ဓာတ်လှေကားနှစ်စင်းသည် ဆင်းချည်တက်ချည်ပြုရင်း ဧည့်သည်များကိုပို့ဆောင်ပေးနေသည်။ ခန်းမအဝင်ဝတွင် ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးလင်းနိုင်ဦးနှင့် တာဝန်ခံအယ်ဒီတာဂျူနိုက်တို့က ဆီးကြိုနှုတ်ဆက်နေကြ၏။ အလင်းတန်းဂျာနယ် အယ်ဒီတာချုပ် ဒေါ်ခင်လေးမြင့်၊ တာဝန်ခံအယ်ဒီတာ ဒေါ်နေလွင်၊ သတင်းထောက်ချုပ် ဒေါ်သင်းပပတို့က ဧည့်သည်များကို စားပွဲဝိုင်းတွေဆီလိုက်ပို့ပြီး နေရာချပေးနေ၏။

အုပ်ချုပ်ရေးမှူးဒေါ်အေးမြတ်မြတ်ချိုနှင့်အခမ်းအနားပြင်ဆင်ရေး တာဝန်ခံဒေါ်တင်ဇာထွန်းတို့မှာ ဟိုပြေးသည်လွှား အလုပ်များနေကြသည်။သူတို့ခမျာ လွန်ခဲ့သော ဆယ်ရက်လောက် ကတည်းက ပင်ပင်ပန်းပန်း ကြိုတင်ပြင်ဆင်ခဲ့ကြရသဖြင့် ကိုယ်အလေးချိန်ငါးပေါင်စီလောက် ကျသွားသည်ဟု သိရ၏။

ဆရာကြီးဦးဝင်းငြိမ်းသည် အသက် ရှစ်ဆယ့်ငါးနှစ်ပြည့်ခဲ့ပြီ။ သို့တိုင်အောင် ကျန်းမာရေးကတော့ ကောင်းတုန်းဖြစ်၏။ မကောင်းဘဲ ဘယ်နေမလဲ။ သူ့ကိုယ်သူ သိပ်ဂရုစိုက်တာ။ ဝမ်းချုပ်တာတောင် နိုင်ငံခြားမှာ သွားကုတာကိုး။

ဦးဝင်းငြိမ်းသည် အသက်အရွယ်ထောက်လာပြီဖြစ်သောကြောင့် မဂ္ဂဇင်း၊ ဂျာနယ်အလုပ်မှအနားယူပြီး အိမ်မှာပင် ဘာသာပြန်စာပေများ ရေးသားလျက်ရှိသည်။ ဘင်လာဒင်၏လျှို့ဝှက်ချစ်သူအကြောင်းကို ရေးသားထားသော 'အိုစမာနှင့်ပျိုကညာ' ဆိုသောစာအုပ်မှာ အလွန်အောင်မြင်သည်။ စောင်ရေ သန်းနှင့်ချီရိုက်ရသည်။ ကမ္ဘာ့ဘာသာပေါင်းများစွာသို့ ပြန်ဆိုခြင်းခံရသည်။ ထိုစာအုပ်မှရရှိသော စာမူခငွေများကို မတည်ပြီး တိုက်ဂါးစင်တာကြီးကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်၏။

တိုက်ဂါးမီဒီယာဂရုစ်၏ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်ညိမ်းကတော့ ခုချိန်ထိ ဒေါင်ဒေါင်မြည်အောင် ကျန်းမာကြံ့ခိုင်နေတုန်းဖြစ်၏။ စားပွဲတစ်ခုမှတစ်ခုသို့ သွက်လက်ဖျတ်လတ်စွာ လှည့်





လည် ဧည့်ခံစကားပြောနေသည်။ သူ့နှုတ်ခမ်းဆန်းနေပုံကို ကြည့်ရတာ လိပ်ပြာလေးလို ပျံ့ဝဲပြီး ပျားပိတုန်းလိုတုပ်တတ်သော ကမ္ဘာ့လက်ဝှေ့ကျော် မိုဟာမက်အလီကို ပြန်လည်သတိရစေသည်။

❖

ကဲ့ကော်ဝတ်ရည်စာပေတိုက်ပိုင်ရှင် ကိုပြည့်စုံရောက်ရှိလာသည်။ သူနှင့်အတူ မိခင်ဖြစ်သူ ဒေါ်ဝိုင်းဝိုင်းလည်း လိုက်ပါလာသည်။ ဒေါ်ဝိုင်းဝိုင်း၏ ညာဘက်လက်ချောင်းကလေးများမှာ ဆေးပတ်တီး စည်းထားပြီး လက်ဖျံကို ပခုံးကြိုးဖြင့် သိုင်းထားရ၏။

"ဟင်…ဒေါ်ဝိုင်းလက်က ဘာဖြစ်တာလဲ"

ဟု ဦးလင်းနိုင်ဦးက နှုတ်ဆက်ရင်း မေးသည်။

"အို…ဘာမှမဟုတ်ပါဘူး။ တံခါးညပ်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်စုံက ပြုံးရင်း သူ့အမေကို အမိပွါယ်ပါပါ ကြည့်လိုက်သည်။ ဒေါ်ပိုင်းက မသိမသာမျက်စောင်းထိုး၏။

အဖြစ်မှန်က ဤသို့ဖြစ်သည်။ ဒေါ်ပိုင်းပိုင်းသည် စာအုပ်တိုက်မှ ဝင်ငွေများကို ဘဏ်မှာအပ်ထားရတာ စိတ်မချဘူးဆိုပြီး အိမ်က အခန်းတစ်ခုထဲမှာ ထည့်ထားသည်။ သော့ကိုလည်း ခါးကြားက မချဘဲ သိမ်းထားသည်။ ဘယ်သူ့ကိုမှလည်း မယုံကြည်။ သူ့ယောက်ျား ဦးဘုန်းတင့်ကျော်ကလည်း အလစ်မှာနှိုက်တတ်သည်ဟု သံသယဖြစ်နေသည်။

ထို့ကြောင့် ငွေတွေကို တစ်ပတ်တစ်ခါလောက် ရေတွက်စစ်ဆေးတတ်သည်။ ငွေက များတော့ တစ်ခါရေတွက်လျှင် နှစ်ရက်လောက်အချိန်ယူရသည်။ကြာတော့ လက်ဆစ်တွေက မခံနိုင်တော့ဘဲ ရောင်ကိုင်းလာသဖြင့် သမားတော်ဒေါက်တာအောင်ကြီးက ဆေးပတ်တီး စည်းပေးထားရခြင်းဖြစ်၏။

ထိုအချိန်တွင် ဓာတ်လှေကားအတွင်းမှ ဆရာမကြီးကလျာ (ဝိဇ္ဇာသိပ္ပံ)ထွက်လာသည်။ ဟိုအရင်ကဆိုလျှင် ဆရာမကြီးမှာ ခြေထောက်တွေ သိပ်မကောင်းလှ။ လမ်းလျှောက်လျှင် ဘက်ထရီကုန်ခါနီး ရိုဘော့စက်ရုပ်လို တုန်ချည့်တုန်ချည့်ဖြစ်နေတတ်သည်။ ခုကျတော့ ဒီလိုမဟုတ်တော့ပြီ။

ဆရာမကြီး ဒေါက်တာခင်မေစု၏ နိုင်ငံခြားပြန်လက်ဆောင်ဖြစ်သော လမ်းလျှောက်အထောက်အကူပြုဖိနပ်ကို စီးထားသည်။ လူက အားစိုက်စရာမလိုတော့။ ဖိနပ်က အလိုအလျောက်လျှောက်နိုင်အောင် အထူးစီမံထားခြင်းဖြစ်၏။ ခြေထောက် သိပ်မကောင်းတုန်းကတောင် ကိုးကျင်းကိုးကျင်း လျှောက်သွားနေခဲ့တာ။ ခုကျတော့ ဘာပြောကောင်းမတုံး။

ဆရာမကြီးသည် လာရောက်နှုတ်ဆက်သူတွေကို ဂရုမစိုက်



နိုင်အားဘဲ တစ်စုံတစ်ယောက်ကို ရှာသလို ဟိုမျှော်ကြည့်သည် မျှော်ကြည့် လုပ်နေသဖြင့် ဒေါ်ပိုင်းပိုင်းက

"အန်တီဝင်း၊ ဘယ်သူ့ရှာတာလဲ"

"ကိုမင်းလူလေ၊ ကိုမင်းလူ၊ စာမူတောင်းမလို့"

"အော်...အန်တီဝင်းနှယ်၊ ခုချိန်ထိ စာမူကို စိတ်ကစွဲနေတုန်းပဲကိုး၊ အဲဒီ ကိုမင်းလူက မရှိတော့ဘူးလေ"

"ဘာ...ဆုံးရှာပြီလား၊ ကြည့်စမ်း၊ နင်တို့က ငါ့ကို အသိမပေးဘဲ ဖုံးဖိထားကြတာပေါ့လေ"

ကိုပြည့်စုံက ရယ်လိုက်ပြီး

"မရှိတော့ဘူးဆိုတာ ဆုံးသွားပြီလို့ပြောတာ မဟုတ်ပါဘူးဘွားဝင်းရဲ့၊ ဦးမင်းလူက အခု အပြည်ပြည်ဆိုင်ရာ ဟာသစာရေးဆရာများအသင်းရဲ့ ဥက္ကဋ္ဌဖြစ်သွားလို့ ဖင်လန်နိုင်ငံ၊ ဟယ်ဆင်ကီမြို့မှာ ရောက်နေတယ်လို့ ပြောတာပါ"

"သြော်...ဒီလိုလား၊ အဆက်အသွယ်ရရင် ပြောလိုက်စမ်းပါ။ ကလျာမဂ္ဂဇင်းအတွက် စာမူ ရေးမပေးတာ ဆယ်နှစ်တောင်ကျော်သွားပြီလို့"

ဆရာမကြီးက အဆင်ပြေနေသော်လည်း လမ်းလျှောက်ဖို့ ဟန်မကျသူနှစ်ယောက်ကတော့

"တိုးရဲ့ခြေထောက် နခြေထောက်"

"တိုးရဲ့ခြေထောက် နခြေထောက်"

ဆရာအောင်ကျော်တိုးနှင့် ဆရာမနုနုရည်အင်းဝတို့ ဇနီးမောင်နှံပင်ဖြစ်၏။ သူတို့နှစ်ဦးသည် ငါးထန်းရွက်များကဲ့သို့လည်းကောင်း၊ လွန်းကြင်ငှက်ကဲ့သို့လည်းကောင်း အမြဲတမ်း တပူးတွဲတွဲနေတတ်ကြသူများဖြစ်၏။ ညှော်ခံပွဲတွေဆိုလျှင် (စားရတာ တန်အောင်)နှစ်ယောက်အတူ တက်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတစ်ခါတော့ နှစ်ယောက် မတွဲလိုက်ကို မဖြစ်တဲ့အခြေအနေပါပဲ။ ဆရာအောင်ကျော်တိုးသည် 'ဝိစကီဖရီးနီးယား'ခေါ် ရောဂါဆန်းတစ်မျိုးကြောင့် ဘယ်ဘက်ခြေထောက် အကြောသေနေသလိုဖြစ်နေသည်။ ဆရာမနုနုရည်အင်းဝကလည်း 'ဟိုက်ပါဝါယောကြောင့် ညာဘက်ခြေထောက်လှုပ်လို့မရ ဖြစ်နေ၏။

ထို့ကြောင့် သူတို့နှစ်ယောက်မှာ နှစ်ခြမ်းပေါင်းမှ အလုပ်ဖြစ်သော မွေးညှပ်လိုဖြစ်နေ၏။ တစ်နေရာရာသွားမယ်ဆိုလျှင် တစ်ယောက်ခါးကိုတစ်ယောက် အပြန်အလှန် တင်းတင်းကျပ်ကျပ်ဖက်ပြီး တစ်ယောက်က ဘယ်ခြေကိုလှမ်း၊ တစ်ယောက်က ညာခြေကိုလှမ်းပြီး သွားကြရသည်။ ဟိုးအရင်က ကောက်ရိုးခြေထောက်၊ မြက်ခြေထောက်ဆိုတာလိုပါပဲ တစ်ဖက်နှင့်တစ်ဖက်ဟန်ချက်ညီအောင်

ဆရာအောင်ကျော်တိုးက 'တိုးရဲ့ခြေထောက်'ဟု အော်ပြီးညာခြေကိုလှမ်း၊ နုနုရည်က 'နုခြေထောက်'ဟုအော်ပြီး ဘယ်ခြေကိုလှမ်း၊ ဒီလို သွားမှ ရှေ့ကိုရွှေ့သည်။ တချို့က သူတို့ကို လှမ်းနှုတ်ဆက်သည်။

"ဆရာတိုး နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ တိုးရဲ့ခြေထောက်"

"ဟော...ဒေါ်နုပါလား"

"ဟုတ်ကဲ့၊ နုခြေထောက်"

ဒီကြားထဲမှာ ဆရာအောင်ကျော်တိုးသည် စားပွဲတစ်လုံးပေါ်တင်ထားသော ပုလင်းဆီအာရုံရောက်သွားပြီး 'ဝိစကီခြေထောက်' ဟု မှားအော်လိုက်သေးသည်။ နုနုရည်ကလည်း ဟိုဘက်စားပွဲပေါ်က ဘဲကင်ကြီးကိုမြင်ပြီး 'ဘဲခြေထောက်'ဟု ပြန်အော်မိသဖြင့် အတော်ပဲဖြစ်သွားသည်။



(သူတို့နှစ်ယောက်ကိုကြည့်ပြီး ဟိုးအရင်တစ်ချိန်တုန်းဆီက နှစ်ယောက်တွဲပြီး လမ်းလျှောက်ရသော ဆရာကြီးဦးတက်တိုးနှင့် ဆရာမကြီး ဒေါ်နုယဉ်တို့ကို သတိရလွမ်းဆွတ်စရာဖြစ်ရသေးသည်။ တိုက်ဆိုင်တာကတော့ ဟိုဆရာကြီး၊ ဆရာမကြီးတွေကလည်း 'တိုး'နဲ့'နု'ပဲ။ အခုဒီနှစ်ယောက်ကလည်း 'တိုး'နဲ့'နု'ပါပဲ။

❖

ရွှေအမြုတေစာပေဆုပေးပွဲတိုင်းကို သတိထားကြည့်လျှင် ခန်းမ၏ နောက်ဆုံးထောင့်ဆုံးစားပွဲမှာသာ ထိုင်လေ့ရှိသော အုပ်စုတစ်စုရှိ၏။ သူတို့ကား ဝါရင့်ပုဂ္ဂိုလ်များဖြစ်၏။ စာပေမှာတော့ မပြောတတ်။ ယမကာကိစ္စမှာ ဝါရင့်နေတာတော့ အမှန်ပဲ။ သူတို့ထဲမှာ ပုလင်းနှင့် ကျန်းမာရေး လဲထားရသူတချို့လည်း ပါသည်။

ဆရာကြီးစိန်မျိုးမြင့်၊ ဆရာကြီးမောင်ဝံသ၊ ဆရာကြီးဖေမြင့်၊ ဆရာကြီးမောင်ဝဏ္ဏနှင့် စာပေလောက ဆရာကြီးဦးမျိုးညွန့်တို့ ရောက်ရှိနေကြပြီ။ လူမစုံတတ်သေးသော်လည်း ဝိုင်းကတော့ စနေပြီ။ ဒီနှစ်မှာ ယမကာကုမ္ပဏီတစ်ခုက စတင်မိတ်ဆက်ထုတ်လုပ်သော 'ရမ်စကီ'အမည်ရှိ အရက်တစ်မျိုးကို စပွန်ဆာပေးထားသည်။ တံဆိပ်သစ်ကို မြည်းစမ်းကြည့်ချင်သောကြောင့် ဝိုင်းကို စောစောစီးစီးပင် ဖွင့်လိုက်ခြင်းဖြစ်၏။

တချို့က ရေရောသည်။ တချို့က ဆော်ဒါထည့်သည်။ တချို့ကတော့ ရေခဲတုံးချည်းပဲ ဖန်ခွက်ကို ကလောက်ကလောက်လှုပ်ပြီး နည်းနည်းချင်းငုံပြီး အရသာခံနေသည်။စာပေလောကဦးမျိုးညွန့်ကတော့ ဟပ်ပက်လောက်ထည့်လိုက် မော့ချလိုက်၊ နောက်ဟပ်ပက်၊ အလွန်သွက်နေသည်။ သူ့ပုံစံမှာ မုန့်ခိုးစားနေတဲ့ကလေးလိုပဲ၊ မလုံမလဲ ဖြစ်နေပုံလည်း ရသည်။ ဟိုကြည့် ဒီကြည့် ဂဏ္ဍာ

www.burmeseclassic.com

www.burmeseclassic.com



မငြိမ် ဖြစ်နေ၏။

ခဏအကြာတွင် စားပွဲဝိုင်းတွေကြားမှာ လူလိုက်ရှာနေပုံရသောလူရွယ်နှစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်သည်။ ထိုအခါ စာပေလောက ဦးမျိုးညွန့်သည်

"ဟာ… လိုက်လာကြပြီ၊ ကျုပ်ကိုမေးရင် မတွေ့ဘူးလို့ပြောလိုက်"

ဆိုပြီး စားပွဲအောက်ထဲ ဝင်ပုန်းမည်ပြုသည်။ သို့ရာတွင် အပြာရောင်ဝတ်စုံဝတ်ထားသော လူရွယ်နှစ်ယောက်က မြင်သွားပြီး ခပ်သုတ်သုတ်ပြေးလာကြသည်။

"အဘ ကျွန်တော်တို့ကို တော်တော် ဒုက္ခပေးတာပဲ"

ဟုပြောပြီး ဦးမျိုးညွန့်၏ လက်မောင်းနှစ်ဖက်ကို ချုပ်ကိုင်လိုက်၏။

"ဟာ…နေပါဦး၊ လက်ကျန်ကလေး ရှင်းသွားပါရစေဦး"

တောင်းပန်သော်လည်း မရ။ ဘေးလူတွေကို အကူအညီတောင်းမလို့ လုပ်တော့လည်း မသိချင်ယောင်ဆောင်နေကြသည်။ ဒီလိုနဲ့ ဦးမျိုးညွန့်မှာ ရုန်းရင်းကန်ရင်း ပါသွားရှာ၏။

ဖြစ်ပုံက ဒီလို။

ဦးမျိုးညွန့်သည် နလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နေသောကြောင့် ဆရာဝန်က အရက်ဖြတ်ခိုင်းထားသည်။ သူက အလစ်မှာ ခိုးခိုးသောက်သဖြင့် နလုံးသွေးကြောကျဉ်းရာကနေ သုံးလုံးသွေးကြောကျဉ်းတဲ့အဆင့်ကိုရောက်လာသည်။ မဖြစ်ချေဘူးဆိုပြီး သူ့မိသားစုက သက်ကြီးစောင့်ရှောက်ရေးဂေဟာကို ပို့ထားရခြင်းဖြစ်၏။

ရွှေအမြုတေပွဲ ရှိတယ်ဆိုတော့ သူ နေမထိ ထိုင်မသာဖြစ်လာပြီ။ ထို့ကြောင့် သူငယ်ချင်းဖြစ်သူ ဆရာကြီးဖေမြင့်ကို ဖုန်းဆက်ပြီး အကူအညီ တောင်းသည်။ ဆရာဖေမြင့်ကလည်း ဓမ္မာဘေရီဆရာတော်ဘုရားကြီး၏ တရားပွဲ သွားမလို့ဟု အကြောင်းပြပြီး ခေါ်ထုတ်လာခဲ့၏။ ဆရာဖေမြင့်မှာ ဆရာဝန်လည်းဖြစ်၊ နိုင်ငံကျော်စာရေးဆရာကြီးလည်း ဖြစ်သောကြောင့် ဂေဟာမှ တာဝန်ရှိသူတွေက စိတ်ချလက်ချ ထည့်ပေးလိုက်တာပေါ့။

ဖြစ်ချင်တော့ ဆရာကြီးဦးမြတ်နိုင် ဦးစီးတဲ့ လျှပ်တစ်ပြက်မီဒီယာ၏လုပ်ငန်းခွဲဖြစ်သော မိုးကြိုးရုပ်မြင်သံကြားဌာနမှ ရွှေအမြုတေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးနေသည်။ တစ်ကွက်မှာတော့ ဖန်ခွက်ကိုင်ပြီး ပြုံးပြုံးကြီးဖြစ်နေသော ဦးမျိုးညွန့်ကို အနီးကပ်ရိုက်ပြလိုက်သည်။ ဒီတော့ ဂေဟာကလူတွေ မျက်လုံးပြူးကုန်ပြီး အပြေးအလွှား လိုက်လာကြခြင်းဖြစ်၏။

ဆရာဖေမြင့်သည် ခေါ်တုန်းက ခေါ်ခဲ့ပြီး ခုကျမှသူနှင့်မဆိုင်သလို မျက်နှာလွှဲရင်း စင်မြင့်ဘက် လှမ်းကြည့်ချင်ယောင်ဆောင်နေ၏။ ထို့ကြောင့် ဦးမျိုးညွန့်မှာ မကျေမနပ်ဖြစ်ပြီး

"ကိုဖေမြင့် ခင်ဗျားဟာ အဲဒီအတိုင်းပဲ၊ တွေ့မယ်၊ ခင်ဗျားစာအုပ်တွေ ကျုပ်တို့ဆိုင်ကို လာတင်ရင် ချောင်ထဲထိုးထည့်ထားလိုက်မယ်"

ဟု အော်ဟစ်ကြိုးဝါးရင်း ပါသွားရှာလေသည်။

❖

ဆရာမမသီတာ(စမ်းချောင်း)သည် ဟားဗတ်တက္ကသိုလ်မှာ ဧည့်ပါမောက္ခလုပ်နေရာမှ ရွှေပွဲအမီရောက်အောင် ပြန်လာခဲ့သည်။ ဟိုအရင်က သူပြုစုပျိုးထောင်ခဲ့သော ဖူးငုံမဂ္ဂဇင်း(teen) ကို လူငယ်လူရွယ်များဖြစ်သော ဟန်ဇော်၊ စပယ်ဖြူနု၊ ယုယတို့ကို လက်လွှဲပေးထားခဲ့သည်။ သူကတော့ တီ (TY)ဆိုသော မဂ္ဂဇင်းအသစ်တစ်စောင် ထပ်ကိုင်ဖို့ စီစဉ်ထားသည်။ တီ (TY)ဆိုသော နာမည်



www.burmeseclassic.com

www.burmeseclassic.com



အရ အသက်ကိုးဆယ့်ကိုးနှစ်အထိ အကျုံးဝင်သဖြင့် သူ့ဘဝရှေ့ရေးအတွက် စိတ်အေးရပြီဖြစ်၏။

သူနှင့်တစ်ဝိုင်းတည်းထိုင်နေကြသူများကတော့ ဒီဘက်မှာ မြူမြူရှိသည်။ မြူမြူသည် ဆရာကြီးမြသန်းတင့်၏သမီးပီပီ ကြီးလေ မျက်စိမှုန်လေဖြစ်၏။ တကယ်တော့ ခုခေတ်မှာ အဆင့်မြင့်မျက်ကပ်မှန်တွေလည်း ပေါ်နေပြီ။ လေဆာနှင့် ခွဲစိတ်ပြုပြင်လို့လည်း ရသည်။ သို့ရာတွင် သူက ကပ်စေးနှဲသူဖြစ်သောကြောင့် အကုန်အကျ သက်သာအောင် သူ့ဖခင်ဆီက အမွေရထားသော မျက်မှန်ထူထူကြီးကိုသာ တပ်ဆင်လာခဲ့လေသည်။

စားပွဲဝိုင်းရဲ့တစ်ဘက်ခြမ်းမှာ သီလရှင်အိုကြီးနှစ်ပါးသည် ဣန္ဒြေရရ မျက်လွှာချပြီး ထိုင်နေကြသည်။ ဒေါ်ခေမာခေါ် ဆရာမကြီးမစန္ဒာနှင့် ဒေါ်ဉာဏဝတီခေါ်ဆရာမကြီး စမ်းစမ်းနွဲ့ သာယာဝတီ)တို့ပင်ဖြစ်၏။

ဒီဘက်ဘေးမှာတော့ ယောဂီဝတ်စုံများ ဝတ်ထားသော ဦးနေဝင်းအောင်(ဂရပ်ဖစ်)နှင့် ဒေါ်နှင်းဝေငြိမ်းတို့ ဇနီးမောင်နှံ ရှိသည်။ သူတို့သည် ဆရာတော်ကြီးတွေကို ဆည်းကပ်ရင်း အကျွတ်တရားရပြီး တရားဘာဝနာနှင့် ပျော်မွေ့နေကြပြီဖြစ်၏။ လင်မယားဆိုသော်လည်း ဒုကုလနှင့်ပါရိကာကဲ့သို့သာ နေထိုင်ဆက်ဆံကြသည်ဟု ဆို၏။

ဆရာမကြီးဒေါ်ခင်ပန်နှင်းသည် ဤပွဲသို့မလာခင် ဗျူတီဆလွန်းကိုဝင်ပြီး မျက်နှာချေးချွတ်သန့်စင်ခြင်း၊ အသားဖြူဝင်းနုးညံ့အောင် တစ်ကိုယ်လုံး ပေါင်းတင်ခြင်းများ ပြုလုပ်ခဲ့သည်။ သူက သူများတကာထက် အချိန်နှစ်ဆပိုယူရသဖြင့် နောက်ကျသွားသည်။

သုတ်သီးသုတ်ပျာရောက်ရှိလာခဲ့ပြီး ထိုင်စရာနေရာရှာသည်။





ဝိုင်းတစ်ဝိုင်းတွင် ထိုင်ခုံတစ်လုံးလွတ်နေတာ မြင်ရသည်။ အနားကိုရောက်သွားတော့မှ လူရှိနေနှင့်ကြောင်း တွေ့ရသည်။ ခင်းထားသောထိုင်ခုံတွေရဲ့ကျောမှီကမြင့်နေသောကြောင့် နောက်ကကြည့်တော့ လူမရှိဘူးထင်ရတာ။ ထိုထိုင်ခုံမှာ ထိုင်နေသူကား ဆရာမဂျူးပင်ဖြစ်လေ၏။

❖

ခန်းမ၏ထောင့်တစ်နေရာတွင် ဧည့်သည်တချို့သည် ပန်းပုရုပ်တစ်ရုပ်ကို ဝိုင်းအုံကြည့်ရှုနေကြသည်။ လူတစ်ယောက် တင်ပျဉ်ခွေထိုင်ပြီး ဒူးပေါ် လက်နှစ်ဖက်တင်လျက် ခေါင်းငိုက်စိုက်ချနေပုံ ထုလုပ်ထားခြင်းဖြစ်၏။

"ကြည့်စမ်းပါဦး၊ ဦးဆန်နီညိမ်းတို့ တော်လိုက်ပုံများ၊ မော်ဒန်

www.burmeseclassic.com



တင်မကဘူး။ ပုံတူပန်းပုကျတော့လည်း ကြည့်စမ်း၊ မဒမ်တူးဆော့ပြတိုက်က လက်ရာတွေထက်တောင် သာသေးတယ်"

"ဟုတ်ပါရဲ့၊ တကယ့် လူအစစ်ကျနေတာပဲ၊ လက်ရာမြောက်ချက်ကတော့ အသက်ရှူနေသလားတောင် ထင်ရတယ်"

ဟု ဝိုင်းဝန်းချီးကျူးနေစဉ် ပန်းပုရုပ်ကြီးမှာ ဆတ်ခနဲခေါင်းထောင်လာပြီး

"တူမှပေါ့ဗျူ၊ လူအစစ်ပဲဥစ္စာ၊ ဒါ ပါဖော်မင့်လုပ်နေတာဗျ"

ဟု ပြောလိုက်တော့မှ ပန်းပုရုပ် မဟုတ်ဘဲ စိတ်ကူးချိုချို ဦးစန်းဦး ဖြစ်နေကြောင်း သိကြရလေသည်။

❖

ညှို့သည်နှစ်ယောက် ရောက်ရှိလာသည်။ သူများတွေအတွက်သာ အမြဲတမ်း အလုပ်ရှုပ်နေတတ်သူ နှစ်ယောက်ဖြစ်၏။ ဆရာမသန်းမြင့်အောင်နှင့် ဒေါ်ရွှေဇီးကွက်တို့ပင် ဖြစ်၏။ 'မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်'ဆိုသော နှုန်းနှင့် တွက်လျှင် ကျောင်းအခေါက်ရေပေါင်း သန်းနှင့်ချီသောကုသိုလ်တွေရဲ့အကျိုးအားကြောင့်လား မသိ၊ သူတို့သည် အသက်အရွယ် ကြီးရင့်လာသည့်တိုင် နုပျိုလှပနေကြဆဲ ဖြစ်၏။

"ဒီကို ထွက်လာနေတုန်း လမ်းတစ်ဝက်မှာ အသင်းရုံးချုပ်က ဖုန်းဆက်လို့ ပြန်သွားရသေးတယ်။ ဒါကြောင့် နည်းနည်းနောက်ကျသွားတာ"

ဟု ဒေါ်သန်းမြင့်အောင်က ပြောသည်။

"ဦးမောင်မောင်ကော၊ မပါဘူးလား"

မေးတော့

"ဦးမောင်က အရေးပေါ်ကိစ္စတစ်ခုရှိလို့ ဟယ်လီကော်ပတာကို ကိုယ်တိုင်မောင်းပြီး ထွက်သွားလေရဲ့"



ဟု ဒေါ်ရွှေဇီးကွက်က ဖြေသည်။

❖

တောင်ကြီးမီးပုံးပျံလွှတ်ပွဲမှ ဖောင်းကားနေသော လူရုပ်ကြီးတစ်ရုပ် ရွေ့လာသလား ထင်ရသည်။ အမျိုးသမီးကြီးတစ်ယောက်သည် အိပုံ့အိပုံ့ လျှောက်လာနေ၏။

"ဟော...ဒေါ်ကြီးစိုး၊ အရမ်းဝနေပါလား၊ ဝိတ်ကလေးဘာလေး မလျှော့တော့ဘူးလား၊

ဟု ဒေါ်ခင်လေးမြင့်က ဆီးကြိုနှုတ်ဆက်ရင်းမေးသည်။

"တော်ပါပြီ၊ တစ်သက်လုံး အစားရှောင်နေရတာ ငြီးငွေ့လှပါပြီ၊ ဒီအရွယ်ရောက်မှတော့ အငတ်မခံနိုင်တော့ဘူး"

ဟု အကယ်ဒမီငါးဆုရှင်မင်းသမီးကြီး ဒေါ်စိုးမြတ်သူဇာက ပြန်ပြောသည်။

နောက်ထပ်ရောက်ရှိလာကတော့ အာဆီယံအကယ်ဒမီဆုကို လောလောလတ်လတ်ရရှိထားသော မင်းသမီးကြီးဒေါ်မျိုးသန္တာထွန်းပင်ဖြစ်၏။

"အန်တီမျိုး၊ နောက်ကျတယ်နော်"

ဟု ဒေါ်မေစပယ်ညွှန့်က နှုတ်ဆက်သည်။ ဒေါ်မျိုးသန္တာထွန်းက–

"ပြောပဲ မပြောချင်ပါဘူးကွယ်၊ အားလုံး ပြင်ဆင်ခြယ်သပြီးတော့မှ သွားတုအံကပ်ပျောက်နေလို့ ရှာနေရတာနဲ့ နောက်ကျသွားတယ်"

သူတို့ကို ရုပ်ရှင်မင်းသမီးများထိုင်နေသော ဝိုင်းသို့လိုက်ပို့ပေးသည်။ ဘွားချိုပြုံးကား ကုလားထိုင်ပေါ်မှာ မှိုအိတ်ကြီးတင်ထားသလို ပုံ့ပုံ့ကြီးထိုင်ရင်း ဆီးကြိုနေသည်။

မန္တလေးမှဆင်းလာသော ဆရာနေဝင်းမြင့်၊ ဆရာကိုရိုးအွန့်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာညိုထွန်းလူနှင့်ဆရာကိုငြိမ်း(မန္တလေး)တို့မှာ ထူးခြားတိုက်ဆိုင်စွာ တူညီနေသောအချက် တစ်ချက်ရှိ၏။ သူတို့အားလုံး မိန်းမကြောက်ရခြင်းပင်ဖြစ်သည်။ တစ်ဝိုင်းတည်းထိုင်နေသော ဆရာအော်ပီကျယ်က

"ကျုပ်တော့ မကြောက်ပေါင်"

ဟု ပြောသည်။ သို့ရာတွင် သူ့လေသံမှာ 'သရဲမကြောက်ဘူး' ဟု ပြောရင်း ကြက်သီးထလာသော ပုံစံမျိုးဖြစ်၏။ နောက်ကိုလည်း မလုံမလဲ ကြည့်သေးသည်။ သူတို့ဝိုင်းထဲမှာ ဆရာဇော်မောင်တစ်ယောက်သာ ရဲရဲတင်းတင်း ရှိနေသည်။ သူကတော့ လူပျိုကြီးကိုး။

တစ်ဖက်မှာရှိသော ပန်းချီဆရာကြီးတွေရဲ့ဝိုင်းကတော့ စိုပြည်စပြုနေပြီ။ တကယ်ဆို သူတို့သည် အသက်ကြီးလှပြီဖြစ်သောကြောင့် ဝေဒနာကိုယ်စီ ရှိနေကြပြီ။

ဆရာကြီးဦးညိုဝင်းက မျက်စိမှုန်နေပြီ။ ဆရာကြီး ဦးမောင်မောင်သိုက်က ခါးနာသဖြင့် ကုန်းကုန်းကြီးထိုင်နေရသည်။ဆရာကြီးဦးကျော်သောင်းမှာ သွားတွေမကောင်းလို့ အရည်ပဲသောက်နိုင်တယ်ဟု ဆို၏။ ဆရာကြီးဖေညွန့်ဝေကတော့ ဒူးတွေကိုက်ကိုက်နေလို့တဲ့။

ဒါက ဝိုင်းမစခင်အခြေအနေကိုပြောတာ။ နှစ်ခွက်သုံးခွက်လောက်လည်း ဝင်သွားပြီးကြရော..ဆရာကြီးဦးညိုဝင်း၏မျက်လုံးများမှာ အရောင်လက်လာပြီး ငါးကင်ထဲပါလာသော အရိုးကိုတောင် ထွင်ထုတ်လိုက်နိုင်သေးသည်။ ဆရာကြီးမောင်မောင်သိုက်က ခါးကိုဆန့်ပြီး ထိုင်နိုင်လာသည်။ ဆရာကြီးဦးကျော်သောင်းက အသားလုံးကြော်တစ်ခုကို ကောက်ဝါးသည်။ ဆရာဖေညွန့်ဝေကတော့ ဒူးကလေးတန့်နှံ့ဖြစ်လာပြီ။



ပန်းချီဆရာတွေထဲမှာ ဆရာကြီးမောင်ဒီကတော့ ဒီအသက်ဒီအရွယ်အထိ ကျန်းမာသန်စွမ်းတုန်းပင် ဖြစ်၏။ ခုလို ကြံ့ခိုင်နေတာကတော့ တိုင်းရင်းသမားတော်ကြီး ဆရာစည် အထူးဖော်စပ်ပေးသော 'ဖွဲတစ်ဆုပ်အားဆေးကြီး' မှီဝဲနေသောကြောင့်ဖြစ်သည်ဟု လူပြောများနေသည်။ ဆရာကြီးမောင်ဒီကတော့ ဝန်မခံဘဲ ဆေးလိပ်ချိုးတက်နေသော သွားကြီးတွေကိုသာ ဖြဲလျက်တဟဲဟဲ ရယ်နေသည်။

ထိုသတင်းမှာ လုံးဝမှန်ကန်ပါသည်ဟု ဆရာမောင်မောင်စနေက အတည်ပြုချက်ပေးသည်။ ခုလို ရဲရဲကြီးပြောနိုင်တာကတော့ အဆိုပါ'ဖွဲတစ်ဆုပ်အားဆေးကြီး'မှာ ဆရာမောင်မောင်စနေကိုယ်တိုင် အသုံးပြုနေရာမှ ဆရာကြီးမောင်ဒီကို တစ်ဝက်ခွဲပေးခဲ့သောကြောင့်ဖြစ်ကြောင်း ဆရာမြေလတ်မောင်မြင့်သူက ဖော်ကောင်လုပ်လေသည်။

ဝါရင့်ပန်းချီဆရာကြီး ဦးမြင့်မောင်ကျော်သည် လူငယ်ပန်းချီဆရာလေးများကြားရပ်ရင်း အာဘောင်အာရင်းသန်သန် လက်ချာရိုက်နေသည်။ သူသည် တစ်လောတုန်းက လေဖြန်းသွားခဲ့သေးသည်။ ခုတော့ အတော်ပြန်ကောင်းနေပြီ။ ဘယ်ဘက်ပါးကလေးနည်းနည်းရွဲ့နေသေးသဖြင့် စကားပြောလျှင် တံတွေးတော့စဉ်တတ်သည်။ ထို့ကြောင့် လူငယ်များမှာ သူ၏ညာဘက်ခြမ်းတွင်သာ စုပြီးရပ်နေလေသည်။

❖

ဓာတ်လှေခါးနှစ်စင်း၏တံခါးများ တစ်ပြိုင်တည်းပွင့်လာပြီး လျှပ်စစ်တွန်းလှည်းကုလားထိုင်(ဝှီးချဲ)နှစ်စင်းသည်လည်း တစ်ပြိုင်တည်း ရှောခနဲထွက်လာသည်။ စကြံလမ်းထဲသို့ အရှိန်ရောက်အောင် လှဝင်ကြရင်း လှည်းနှစ်စင်း တိုးမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူတစ်ယောက်လုံး လာတာမမြင်ဘူးလား'ဟု အသက်ကိုးဆယ့်ရှစ်နှစ်အရွယ်ရှိ ဖြူဖြူဖိုင့်ဖိုင့် အဘွားအိုကစပြီး ရန်တွေ့လိုက်သည်။ ကိုးဆယ့်ငါးနှစ်ရှိပြီဖြစ်သော ခပ်ပိန်ပိန်၊ အသားဖြူဖြူ ဆံပင်ဖြူဖြူ၊ နှုတ်ခမ်းမွေးဖြူဖြူအဘိုးအိုကလည်း

"လှည်းတစ်စင်းလုံးလာတာ မမြင်ဘူးလား"

ဟု တုံ့ပြန်သည်။

"လေးဒီးစ်ဖတ်စ်ဆိုတာ မသိဘူးလား"

"ကျုပ်က လမ်းကြောင်းထဲ အရင်ဦးအောင်ရောက်တာ၊ ခင်ဗျားက ဝင်တိုက်တာ"

"ဘာပြောတယ်"

အဘွားကြီးက အတော်သတ္တိကောင်းပုံရသည်။ အပြုတ်ချတော့မည့်ဟန်ပြင်လိုက်ပြီးမှ မျက်လုံးကိုမှေး၍ အားယူကြည့်လိုက်ပြီး

"ဒီမျက်နှာ မြင်ဖူးပါတယ်"

အဘိုးကြီးကလည်း

"ဒီအသံ ကြားဖူးသလိုလိုပဲ၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ"

"မသိဘူးလား၊ ခင်ဆွေဦးဆိုတာငါပဲ"

"ဟင်မမဦး၊ ကျွန်တော် ဘကြီးမိုး၊ အဲ…မောင်မိုးသူရယ်လေ"

"ဟယ်…ကိုမိုးသူ၊ ကြည့်စမ်း၊ မတွေ့တာကြာပါပကော"

"မမဦး ဘယ်နားထိသွားသေးသလဲ"

"မထိပါဘူး၊ မမဦးလည်း ဝှီးချဲလိုင်စင်ရထားတာ မကြာသေးတော့ ကောင်းကောင်း မကျွမ်းကျင်ဘူး၊ ကိုမိုးသူလည်း ဘာဖြစ်သွားသေးသလဲ"

"မဖြစ်ပါဘူး"

ထို့နောက် စာပေမောင်နှမနှစ်ယောက် ဝမ်းသာအားရစကား



တွေ ပြောကြသည်။ ခဏနေတော့ ဆရာမကြီးဒေါ်ခင်ဆွေဦးက

"နောက်တောင်ကျနေပြီ၊ အစားအသောက်တွေ ကုန်သွားရင် ခက်မယ်၊ သန်းမြင့်အောင်တို့က သိပ်လက်မြန်တာ၊ ကဲ…သွားလိုက်ဦးမယ်နော် ကိုအောင်သင်း"

ဟု နှုတ်ဆက်ပြီး ဝှီးချဲကို ကွေ့ကွေ့ကောက်ကောက်မောင်းထွက်သွားသည်။ ဆရာကြီးမောင်မိုးသူမှာ ရုတ်တရက်ကြောင်စီစီဖြစ်သွားသည်။ ပြီးတော့မှ

"ဟားဟား…ငါ့ကိုများ ကိုအောင်သင်းတဲ့၊ အင်း…ဒေါ်ခင်နှင်းယုတစ်ယောက်တော့ အသက်ကြီးလာလို့ မေ့မေ့လျော့လျော့တွေဖြစ်ကုန်ပြီ ထင်တယ်"

ဟုပြောပြီး ဟက်ဟက်ပက်ပက် ရယ်သည်။ ထို့နောက် အကူအညီလိုရင် ပေးရအောင် ဘေးမှာအဆင်သင့်စောင့်နေသော ဆရာဇော်နိုင်ဦးကို မော့ကြည့်ပြီး

"ဟော့ကောင်…လေးလွင်လတ်၊ ကိုဗဂျမ်းတို့ရှိတဲ့ဝိုင်းကို လိုက်ပြပေးစမ်းကွာ"

ဟု ပြောလိုက်သည်။

*

မျိုးဆက်သစ် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၏ ဖျော်ဖြေမှုအစီအစဉ်ပြီးဆုံးသွားတော့

"ကြွရောက်လာကြသော ဧည့်ပရိသတ်များခင်ဗျား၊ ခုချိန်ကစပြီး ရွှေအမြုတေ စာပေဆု နှစ်ဆယ့်ငါးကြိမ်မြောက် ငွေရတုအခမ်းအနား စတင်ပါတော့မယ်ခင်ဗျား"

အခမ်းအနားမှူးဖြစ်သော ဆရာအတ္တကျော်စင်မြင့်ပေါ်တက်လာပြီး ကြေညာလိုက်သည်။ သူသည် ပထမအကြိမ်ကတည်းကစပြီး အခမ်းအနားမှူးအဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ နောက်ပိုင်း အသက်အရွယ်ထောက်လာတော့ စကားပြောတဲ့အခါ လေဆက်ပြတ်တာတို့၊ ဗလုံးဗထွေးဖြစ်တာတို့ ရှိလာသည်။ ထို့ကြောင့် လူငယ်တစ်ယောက်ကို တာဝန်လွှဲပေးဖို့ မေတ္တာရပ်ခံသော်လည်း သူက လက်မခံ။

"ကျုပ်က ရွှေမန်းတင်မောင်လိုပဲ စင်မြင့်ပေါ်မှာပဲ သေချင်သေပစေ"

ဟု ကြုံးဝါးသည်။ ထို့ကြောင့် သူ့ဆန္ဒပြည့်ဝအောင် စာပေနှင့်ပတ်သက်သော ပွဲမှန်သမျှကို သူ့ကိုပဲ အခမ်းအနားမှူးလုပ်ခိုင်းကြသည်။ အခုလည်း အသံတုန်တုန်ချည့်ချည့်နဲ့ပဲ ဆက်ကြေညာသည်။

"အဟမ်း၊ အခုပထမအစီအစဉ်အရ၊ အဟင်း ဆရာကြီးဦးဝင်းငြိမ်းက အဖွင့်အမှာစကားပြောကြားပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်"

ဆရာကြီးဦးဝင်းငြိမ်းကို ဆရာဦးရာပြည့်က ဖေးမပြီး စင်ပေါ်ခေါ်လာသည်။ ဆရာကြီးဦးဝင်းငြိမ်းက နှစ်ဆယ့်ငါးကြိမ်တိုင်သည်အထိ အားပေးကူညီကြသော စာပေလောကသားများနှင့်တကွ ပံ့ပိုးပေးသူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောပြီး စပွန်ဆာပေးကြသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ လူပုဂ္ဂိုလ်များ၏ အမည်များကို ဖတ်ကြားပြသည်။ စာရင်းမှာ ရှည်လျားလွန်းသဖြင့် ဖတ်ရင်းက မောလာပြီး ဘေးမှာရပ်စောင့်နေသော ဦးရာပြည့်၏လက်ထဲသို့ စာရွက်ကို ထည့်ပေးလိုက်ပြီး

"မင်းပဲ ဆက်ဖတ်ပြလိုက်တော့" ဟု ပြောလိုက်ရသည်။

နောက်အစီအစဉ်တစ်ခုကတော့

"အခု ဆက်လက်ပြီး အမှတ်တရ အမှာစကား ပြောကြားပေးဖို့ ဆရာကြီးမောင်ဝံသကို ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား"

သူ့အသံကလည်း လုံးလုံးထွေးထွေး၊ ဆရာကြီးမောင်ဝဏ္ဏက



လည်း နားစွန်နားဖျားဖြစ်ပြီး မောင်ဝံသကို မောင်ဝဏ္ဏဟုကြားလိုက်မိပြီး

"ဟာ…ဒီကောင်တွေ လုပ်ချလိုက်ပြန်ပြီ၊ ငါ စင်ပေါ်တက်ပြီး စကားမပြောချင်ပါဘူးလို့ အတန်တန်ပြောထားတဲ့ကြားက လှမ်းခေါ်နေတယ်"

ဟု ဆိုနေသဖြင့် ဘေးမှာရပ်နေသော ဆရာဝါဆိုကိုဦးက

"ဆရာကြီးကို ခေါ်တာမဟုတ်ပါဘူး၊ ဆရာကြီးမောင်ဝံသကို ခေါ်တာပါ"

ဟု အသံမြှင့်ပြောလိုက်ရသည်။

"ဪ…ဟုတ်လား"

ဆိုပြီး ဆရာကြီးမောင်ဝဏ္ဏသည် နားမှာတပ်ထားသော နားကြပ်ကလေးကို ထုတ်ယူပြီးကြည့်လိုက်သည်။ ထိုနားကြပ်မှာ နောက်ဆုံးပေါ် နာနိုနည်းပညာဖြင့် ပြုလုပ်ထားခြင်း ဖြစ်၏။ ဘက်ထရီထည့်စရာမလို။ နားဖာချေးမှ ထွက်လာသော NPG ဓာတ်ငွေ့စွမ်းအင်ကို အသုံးပြုပြီး အလုပ်လုပ်သည် ဆို၏။

"ဟင်း…ကိုတာဆိုတဲ့လူဟာ ပြောတော့ဖြင့် UK က ဝယ်လာတာ၊ ဘာညာနဲ့ ချိုင်းနားမိတ်ကြီးကို ငါ့ကို လာရောင်းသွားတာပဲ၊ ကဲ…သွားပေတော့ကွာ"

ဟု ပြောပြီး နားကြပ်ကို ရှေ့မှာရှိသော ဝိုင်ခွက်ထဲသို့ ပစ်ထည့်လိုက်၏။

"ကောင်းတယ်၊ ဘာမှ မကြားရတာ ပိုစိတ်ချမ်းသာတယ်"

ထို့နောက် အခမ်းအနားမှူးက ကြားဖြတ်အစီအစဉ်တစ်ခုကို ကြေညာပြန်သည်။

"အခမ်းအနားကို ကိုယ်တိုင်မတက်ရောက်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာ ဟာသစာရေးဆရာများအသင်းဥက္ကဋ္ဌ ဆရာကြီးမင်းလူက

www.burmeseclassic.com

www.burmeseclassic.com



ဖင်လန်နိုင်ငံ၊ ဟယ်ဆင်ကီမြို့ကနေ ဗွီဒီယိုဖုန်းနဲ့ တိုက်ရိုက်နှုတ်ခွန်းဆက်သပါတော့မယ်ခင်ဗျား…”

လက်မတစ်ရာ အယ်လ်စီဒီ ရုပ်မြင်သံကြားပေါ်တွင် ဆရာကြီးမင်းလူ၏ရုပ်ပုံပေါ်လာသည်။

“ဟိုင်း…ဘရာသာကျော်နီ၊ ဟက်ဖီးဘာ့သ်ဒေးထယူ”

ဟု စတင်နှုတ်ဆက်သည်။ ဆရာကြီးမောင်ဒီက

“ဒီကောင် အင်္ဂလိပ်စကားပြောတာ အသံထွက် မှားနေတယ်”

ဆိုပြီး ဝေဖန်လိုက်သေးသည်။

ဆရာကြီးမင်းလူမှာ အရင်ကလို ပိန်ခြောက်ခြောက်၊ ညိုညစ်ညစ်၊ ကုပ်ချောင်းချောင်း မဟုတ်တော့။ ဝဝဖြိုးဖြိုးဖြစ်နေသည်။ အသားအရေကလည်း စိုပြည်ဖြူဝင်းနေ၏။ အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ထားသဖြင့် အတော်သားနားနေသည်။

“ဒီကောင် တော်တော်ကောင်းစားနေပုံရတယ်”

ဟု စာနယ်ဇင်းသမားတစ်ယောက်က မှတ်ချက်ချသည်။

“ဟုတ်တယ်၊ သူဝတ်ထားတဲ့ဝတ်စုံက ပြင်သစ်နိုင်ငံ ပွဲဗေးကုမ္ပဏီက ချုပ်တာ သိပ်ဈေးကြီးတယ်”

“သူ စီးထားတဲ့ဖိနပ်က ကက်ဂလုပ်ပဲ”

ဟု ရှုးဂလယ်ရီမှ ဒေါ်မေမျိုးသူက ဝင်ပြောသည်။

မင်းလူကတော့ ဒါတွေမသိဘဲ ဆက်ပြောနေသည်။ အစပိုင်းမှာတော့ ရိုးရိုးနှုတ်ဆက်စကားပဲ။ နောက်ကျတော့ မိန့်ခွန်းပြောတဲ့လေသံမျိုးဖြစ်လာပြီး စာပေဆိုတာ ဘယ်လိုဖြစ်ရမယ်၊ ဝတ္ထုကောင်းတွေ ထွက်မလာတော့ဘူး၊ အရည်အသွေးတွေ ညံ့ဖျင်းလာပြီ၊ ကျုပ်ပြန်လာပြီး ကယ်တင်မှဖြစ်တော့မယ်၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာရေးဆရာတို့၏ တာဝန်သာဖြစ်ပါကြောင်း စသည်ဖြင့် အာပေါင်အာရင်းသန်သန် ပြောနေသည်။



“အမယ်၊ ဒီမှာတုန်းက ပေါက်ကရ ပေါတောတောတွေ လျှောက်ရေးခဲ့ပြီး ခုကျမှ လေကျယ်နေတယ်၊ အလကား ငကြောင်ကွ”

ဟု အကြောင်းသိကဗျာဆရာတစ်ယောက်က ထအော်လိုက်သည်။

❖

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့၏မှတ်ချက်များကို ဖတ်ခြင်း၊ ဆုရသူများကို ကြေညာခြင်း၊ ဆုပေးခြင်း၊ ကျေးဇူးတင်စကားပြောခြင်းများ ဆက်လက်ပြုလုပ်သည်။ ဆုရသူများအနေဖြင့် ကျေးဇူးတင်စကားပြောရာတွင် သုံးမိနစ်အတွင်း ပြီးအောင်ပြောရသည်။ နည်းနည်းလေးရှည်မိလျှင် အခမ်းအနားမှူးက လက်သုံးချောင်းထောင်ပြီး ချောင်းဟန့်၍ သတိပေးသည်။

ယခုနှစ်အတွက် ဆောင်းပါးဆုကို နေမျိုးကျော်ကျော်ကလည်းကောင်း၊ ဝတ္ထုတိုဆုကို ချိုမြတေးက လည်းကောင်း၊ အက်ဆေးဆုကို ပန်းနုကလည်းကောင်း၊ မျိုးဆက်သစ်ဆုကို မွေးမွေးကလည်းကောင်း ရရှိကြသည်။

ထူးခြားချက်ကတော့ ဝတ္ထုရှည်ဆုကို ဟာသစာရေးဆရာ ပုလုကွေးက ရရှိသွားခြင်းပင်ဖြစ်၏။

နောက် ထူးခြားချက်တစ်ခုရှိသေးသည်။ ကဗျာဆုရွေးချယ်ပုံ စနစ်ပင်ဖြစ်၏။ ကဗျာတစ်ပုဒ်ကို ဖတ်ကြည့်လို့ အစအဆုံး နားလည်လျှင် ပယ်သည်။ ဒုတိယအဆင့်မှာ ကဗျာတစ်ပိုဒ်ကို နားလည်လျှင် ပယ်သည်။ တတိယအဆင့် စာတစ်ကြောင်းကို နားလည်လျှင် ပယ်သည်။ နောက်ဆုံး စကားလုံးတစ်လုံးတောင်မှ နားမလည်သော ကဗျာကိုသာ ဆုပေးဖို့ ရွေးချယ်လိုက်သည်။ ကဗျာဆုကို ရရှိသွားသော အံ့ဘုန်းသစ်က ကျေးဇူးတင်စကားပြောကြား

www.burmeseclassic.com



ရာမှာ သူကိုယ်တိုင်လည်း သူရေးသောကဗျာကို ဘာမှ နားမလည်ပါဟု ဆိုလေသည်။

ဒီလိုနဲ့ ရွှေအမြုတေရဲ့ ငွေရတုဆုပေးပွဲကြီးသည် အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့သည်။ ရှေ့ဆုံးက ဆိုဖာကြီးပေါ်မှာ ထိုင်ရင်းပြုံးပြုံးကြီးလုပ်နေသော ဆရာကြီး ဦးဝင်းငြိမ်းအနီး တာဝန်ခံအယ်ဒီတာ ဂျူနိုက်ရောက်ရှိလာပြီး

"ဘယ်လိုလဲ ဘိုးဘိုး၊ ကျေနပ်ရဲ့လား"

ဟု မေးလိုက်သည်။ ဆရာကြီးဦးဝင်းငြိမ်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒါပေမယ့်.."

"ဒါနဲ့ သတို့သမီးက ခုထိလည်း ရောက်မလာသေးပါလားကွ"

ဟု ပြောလိုက်လေသည်။

◆ ◆ ◆

မင်းလူ

(ဤဝတ္ထုကို ရွှေအမြုတေစာပေဆုပေးရန် ရွေးချယ်ထားပြီးဖြစ် ကြောင်းသိရ၏။ သို့ရာတွင် ဒီနှစ်အတွက်တော့မဟုတ်။ နှစ်ဆယ့် ငါးကြိမ်မြောက် ငွေရတုကျမှ ပေးရန်ဆုံးဖြတ်ထားကြောင်း သတင်းရရှိပါသည်။)

(ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် - ၂၄၀၊ နိုဝင်ဘာ၊ ၂၀၀၉)

# ဘိုလ်မျက်ခွင်



www.burmeseclassic.com

www.burmeseclassic.com

## ဘိုလ်မျောက်ဒင်

တကယ်လို့ သူကြီးသမီးနဲ့သာ ဆက်နွယ်ပတ်သက်မှုမရှိခဲ့ဘူး ဆိုလျှင် မောင်မျောက်ဒင်အနေဖြင့် ဒီအခြေအနေမျိုးကို ရောက်ရှိလာခဲ့မည်မဟုတ်ချေ။

အမှန်တော့ မောင်မျောက်ဒင်မှာ လူရိုးလူအေးလေးသာ ဖြစ်၏။ မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိသောလယ်ကလေးငါးဧကနှင့် ရိုးသားစွာ လုပ်ကိုင်စားနေသူဖြစ်၏။ အလုပ်ကိုကြိုးစားလုပ်မည်၊ ရပ်ရေးရွာရေး တတ်စွမ်းသမျှ ဝင်ရောက်ကူညီမည်ဆိုသောကိစ္စကလွဲလျှင် တခြားဘာမှဝါသနာမပါ။ အချစ်ရေး၊ အိမ်ထောင်ရေးကိုလည်း စိတ်မဝင်စား။

သူက စိတ်မဝင်စားသော်လည်း သူ့ကို စိတ်ဝင်စားနေသူတော့ ရှိသည်။ သူကြီးသမီး မစံမေပင်ဖြစ်၏။ သူက မျောက်ဒင်ကို တစ်ဘက်သတ်မေတ္တာရှိနေသည်။ အခွင့်အရေးတွေ အမျိုးမျိုးပေးသည်။ မျောက်ဒင်က ဝေးဝေးမှ ရှောင်သည်။ သူကိုယ်တိုင်က အချစ်နှင့်ကင်းကင်း နေလိုသောကြောင့်တစ်ကြောင်း၊ အဆင့်အတန်းချင်း ကွာခြားလှသောကြောင့်တစ်ကြောင်း ဖြစ်၏။

ထိုအခြေအနေတွင် ကြားလူတစ်ယောက် ပေါ်ပေါက်လာသည်။ တဘက်ရွာမှ ဆန်စက်ပိုင်ရှင်၏သားက မစံမေကို သဘောကျနေသည်။ လူကြီးချင်းကလည်း ကျေနပ်သည်။



ထို့ကြောင့် မစံမေကို အမျိုးမျိုးဖျောင်းဖျနားချကြသည်။ မစံမေကလည်း ခါးခါးသီးသီး ငြင်း သည်။ မျောက်ဒင်မှမျောက်ဒင် ဖြစ်နေ၏။

ထိုအခါ မနရှင်တို့ထုံးစံအတိုင်း မျောက်ဒင်အပေါ်အကောက်ကြံဖို့ အကွက်ချောင်းနေကြလေသည်။ စက်ပိုင်သား၏တပည့်များက မကြာခဏဆိုသလို ရန်စပြီး ပြဿနာရှာသည်။ မျောက်ဒင်က အမြဲတမ်းအလျှော့ပေးပြီး ရှောင်ထွက်သည်။

တစ်ခါတော့ စက်ပိုင်သားအုပ်စုနှင့် လမ်းကျဉ်းကလေးမှာ ထိပ်တိုက်တိုးလေသည်။ ဘယ်လိုမှ တိမ်းလို့မရတော့။ သူတို့က လမ်းကို ပိတ်ဆို့ပြီး ရပ်နေသည်။ မျောက်ဒင်က

"လမ်းဖယ်ပေးပါဗျာ၊ ကျွန်တော် သွားပါရစေ"

"ရတယ်၊ ငါတို့ရှေ့ကနေ လေးဘက်ထောက်ပြီး သွားမယ်ဆိုရင် ဖယ်ပေးမယ်"

'ကျွန်တော် ခေါင်းငုံ့ပြီး သွားပါ့မယ်၊ ဒီလောက်ဆို ကျေနပ်ပါ'

"မရဘူးကွ၊ လေးဘက်မထောက်ချင်ရင် ခွေးလို ဝပ်ပြီးသွား"

ဒါတော့ တရားလွန်လာပြီ။ မျောက်ဒင်သည် ပြဿနာမဖြစ်ချင်သောကြောင့် တောင်းပန်နေခြင်း ဖြစ်၏။ သတ္တိနည်းလို့တော့ မဟုတ်။ ထို့ကြောင့်

"ဒါဆိုလဲ ပြီးရောပေါ့"

ဟုပြောရင်းရှေ့သို့တည့်တည့်ကြီး တိုးဝင်လိုက်သည်။ စက်ပိုင်သားက သူ့ရင်ဘတ်ကို ဆောင့်တွန်းသည်။ နောက်ကိုတစ်ချက်ယိုင်သွားပြီးမှ ရှေ့ကို တစ်လှမ်းတိုးပြန်သည်။ စက်ပိုင်သားက နောက်ကျောမှာ ဝှက်ကွယ်ထားသော လက်ကို ထုတ်လိုက်သည်။ ဓါးမြှောင်တစ်ချောင်း လက်ပြန်ကိုင်ထားရာမှ လှမ်းထွက်လိုက်သည်။ မျောက်ဒင်က နောက်ကို ခုန်ရှောင်လိုက်၏။ စက်ပိုင်သား

www.burmeseclassic.com

www.burmeseclassic.com



က ရှေ့တိုးလာပြီး ဓါးမြှောင်ကို မြှောက်လိုက်သည်။ ထိုအချိန်တွင် မျောက်ဒင်၏လက်သီးက စက်ပိုင်သား၏ မေးရိုးဆီသို့ ဝင်သွားသည်။ ခွပ်ခနဲ။

မျောက်ဒင်သည် ရန်မဖြစ်ဖူးပါ။ လူတစ်ယောက်ကို လက်သီးနဲ့ တစ်ခါမှမထိုးခဲ့ဖူးပါ။ သူ့လက်သီး ဒီလောက်ပြင်းကြောင်းကိုလည်း အရင်က မသိခဲ့ပါ။ စက်ပိုင်သားသည် နောက်သို့ နှစ်ပေလောက် လန်ထွက်ပြီးမှ မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွားသည်။ ပြန်မထနိုင်တော့။ တစ်ချက်ထဲနဲ့ သတိလစ်သွားပြီ။ သူ့တပည့်သတ္တိခဲတွေလည်း ထွက်ပြေးသွားကြသည်။

ညရောက်တော့ မျောက်ဒင်ကို လာဖမ်းကြသည်။ ပြီးတော့ သူကြီးအိမ်အောက်ထပ်ရှိ အချုပ်ခန်းထဲမှာ ထိပ်တုံးခတ်ထားလိုက်၏။ စက်ပိုင်သားမှာ အထိုးခံရလို့ နောက်ပြန်လဲကျသွားစဉ်က ကျောက်ခဲနှင့် ဆောင့်မိပြီးနောက် နောက်စေ့ထိသွားသည်။ ဒဏ်ရာက သိပ်ကြီးတာမဟုတ်။ ပေါက်သွားရုံလောက်ပဲ။ သို့ရာတွင် သူက ပတ်တီးကြီးစည်းပြီး အိပ်ရာထဲမှာ လဲနေသည်။ မျောက်ဒင်က ဝါးရင်းတုတ်နှင့် ရိုက်ပါသည်ဟု ဆိုသည်။ ပြီးတော့ ဓားနဲ့လဲ တွက်သေးသတဲ့။ အမှုကြီးအောင် လုပ်တာပေါ့။

ဒီလောက်နှင့် မကျေနပ်နိုင်သေးဘဲ သူကြီးရဲ့တပည့်တွေက မျောက်ဒင်၏အိမ်မှာ သွားရှာတော့ ဆေးခြောက်တွေ တွေ့တယ်ဆိုပြီး တစ်မှုထပ်တိုးလိုက်ပြန်၏။

ညသန်းခေါင်ကျော်အချိန်လောက်တွင် အချုပ်ခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်။ ထိုအချိန်တွင် မျောက်ဒင်က အိပ်ပျော်နေတုန်းဖြစ်၏။ ညဦးပိုင်းတုန်းက ရေဆာသဖြင့် တောင်းမိ၏။ ထိုရေကို သောက်ပြီးနောက် အလွန်အမင်းအိပ်ငိုက်လာပြီး အိပ်ပျော်သွားသည်။ အမှန်မှာ ရေထဲမှာ အိပ်ဆေးခတ်ပြီး တိုက်ခဲ့ခြင်း



ဖြစ်၏။ သူအိပ်ပျော်နေတုန်းမှာ ဓားမြှောင်၏လက်ကိုင်အရိုးကို လက်ထဲထည့်ဆုပ်စေပြီး လက်ဗွေရာထင်အောင် လုပ်ခဲ့ကြသည်။

"ကိုမျောက်ဒင်၊ ကိုမျောက်ဒင်..."

အတင်းလှုပ်နှိုးတော့ နိုးလာသည်။

"ဟင်...မစံမေ၊ ဘာလာလုပ်တာလဲ"

"ကိုမျောက်ဒင်ကို လာကယ်တာ"

မစံမေက ထိပ်တုံးက သော့ကို ဖွင့်ပေးသည်။

"ကဲ ကိုမျောက်ဒင်၊ မြန်မြန်ပြေးပေတော့"

"ပြေးလို့ဘယ်ဖြစ်မလဲ၊ ကျွန်တော် ဝရမ်းပြေးဖြစ်သွားမှာပေါ့။ ပြီးတော့ ကျွန်တော့်မှာမှ အပြစ်မရှိဘဲ"

"ရှင် ဘာသိလို့လဲ၊ သူတို့က အားလုံး အကွက်ကျကျစီစဉ်ထားပြီးပြီ"

ဆိုပြီး အမှုတွေ ဆင်ထားပုံကို ပြောပြသည်။ ငွေပေးပြီး သက်သေလိုက်နိုင်းဖို့လည်း စီစဉ်ပြီးပြီ။ ဘယ်လိုမှ လွတ်ဖို့လမ်းမမြင်။

"မနက်ကျရင် ကိုမျောက်ဒင်ကို မြို့ထဲက ရဲဌာနကို ပို့ကြလိမ့်မယ်၊ သုံးနှစ် ဒါမှမဟုတ် ငါးနှစ်တော့ ထောင်ကျမှာပဲလို့ ပြောနေသံကြားတယ်၊ အဖေကိုယ်တိုင်က သူတို့လူဖြစ်နေတာ၊ ကိုမျောက်ဒင် ပြေးမှဖြစ်မယ်"

မစံမေအတွက်ကတော့ ဘာမှထူးမှာမဟုတ်။ မျောက်ဒင် ထောင်ကျသွားလည်း ဝေးရမှာပဲ။ ထွက်ပြေးလွတ်မြောက်သွားလည်း စက်ပိုင်သားနဲ့ လက်ထပ်ရတော့မှာပဲ။ သူ့အတွက် ရွေးစရာလမ်းမရှိမယ့်တူတူ မျောက်ဒင်လွတ်မြောက်သွားမယ်ဆိုလျှင် ဖြေသာသေးသည်။ ထို့ကြောင့်

"ကဲ...လူတွေ မနိုးခင်မြန်မြန်ပြေးပါတော့၊ ညောင်ပင်လမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



မှာ မောင်မောင်စနေမြင်းနဲ့စောင့်နေလိမ့်မယ်၊ မြစ်ဆိပ်ရောက်ရင် မြင်းကို ပုတ်ပြီး ပြန်လွှတ်လိုက်၊ သူ့ဘာသာ ပြန်လာတတ်တယ်၊ ပြီးတော့ ဟောဒီဓားမြှောင်ကိုလဲ ယူသွား၊ ဒါက အရေးကြီးတဲ့သက်သေခံပစ္စည်းဖြစ်နေတယ်"

ဟုပြောပြီး ဓားမြှောင်ကိုပေးသည်။ ခုကျမှ သူ့အပေါ် မစံမေ ထားရှိသော စေတနာမေတ္တာမှာ သာမန်မျှမဟုတ်ကြောင်း မျောက်ဒင် နားလည်လာသည်။ မစံမေပေါ်မှာလည်း ဂရုဏာ သက်ဝင်လာမိ၏။ သို့ရာတွင် အခါနှောင်းခဲ့ပြီ။

❖

မောင်မောင်စနေသည် မျောက်ဒင်ဆီမှာ လယ်ကူညီအဖြစ် လာရောက်လုပ်ကိုင်နေသူဖြစ်၏။ လူဖလံကလေးဖြစ်သော်လည်း သတ္တိက မသေးလှ။ လက်ရဲဇက်ရဲရှိသည်။ မျောက်ဒင်ကလည်း တစ်ယောက်တည်းသမားဖြစ်သောကြောင့် မောင်မောင်စနေက အတူလာနေပြီး ချက်ပြုတ်ကျွေးမွေး၊ ခြေဆုပ်လက်နယ်ပြုပေးသဖြင့် တပည့်ရင်းလိုဖြစ်နေသည်။

"ကဲ...မင်းလဲ မိုးမလင်းခင် ရွာအရောက်ပြန်ပေတော့"

မြစ်ဆိပ်ကိုရောက်တော့ မျောက်ဒင်ကပြောသည်။

"ကျွန်တော်လဲ ဆရာနဲ့အတူ လိုက်ခဲ့မယ်"

"ဟာ...ဘယ်ဖြစ်မလဲ၊ ငါက ဝရမ်းပြေး၊ မင်းပါ ဒုက္ခရောက်လိမ့်မယ်"

"ဘာထူးမှာလဲ၊ ဆရာထွက်ပြေးသွားပြီဆိုရင် သူတို့က ကျွန်တော့်ကို ဖမ်းပြီးစစ်ကြမှာပေါ့၊ ကြံရာပါဆိုပြီး ဒုက္ခပေးမှာ သေချာတယ်၊ ပြီးတော့ ဆရာမရှိတော့ဘူးဆိုရင် ကျွန်တော်လဲ ဘာမှလုပ်ကိုင်စားတတ်မှာ မဟုတ်ဘူး တော်မှာပဲ၊ ကျွန်တော်ဟာ ဆရာ့အရိပ်ကို ခိုနေရတာပါ၊ သေအတူ ရှင်မကွာနေသွားဖို့ပဲ ရှိတယ်"



သူပြောတာမှန်နေသဖြင့် တစ်ခါတည်း ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ရသည်။

မြစ်တစ်ဘက်ကမ်းကို ကူးပြီးနောက် ဆက်လျှောက်ကြရသည်။ အင်းဝမရောက်ခင် ရွာငယ်လေးတစ်ရွာကို ဖြတ်ရသည်။ အခြေအနေက ဘာမှန်းမသိသဖြင့် ရွာထဲက ဖြတ်မလျှောက်ရဲ။ တစ်ညလုံး ပြေးရလွှားရ၊ လှော်ရခတ်ရ၊ တမနက်လုံးလည်း လမ်းလျှောက်လာရသဖြင့် ပင်ပန်းလာသည်။ မနေ့က ညနေကတည်းက ဘာမှမစားရသေးသဖြင့်လည်း အလွန်ဆာလောင်နေကြသည်။

အချုပ်ခန်းထဲကနေ တန်းထွက်လာရသဖြင့် ငွေလည်း သိပ်မပါလာ။ သွားကာနီးမှာ မစံမေက ချွေးခံအိတ်ထဲမှ ကမန်းကတန်း ထုတ်ပေးလိုက်သော ကျပ်ပြားတစ်ပြားသာ မျောက်ဒင်ဆီမှာ ရှိသည်။ မောင်မောင်စနေက မူးစေ့တစ်စေ့ ပါလာသည်။ ငွေရှိသည့်တိုင် ဝယ်စားစရာဆိုင်မရှိ။

ရွာထိပ်နားမှာ တဲကလေးတစ်လုံးကိုတွေ့သည်။ မောင်မောင်စနေက

"ကဲ...ဒီအိမ်ကိုပဲ ဝင်ကြရအောင်၊ မျက်နှာကို မမှတ်မိအောင် ပုဝါစည်းသွားမှ ဖြစ်မယ်"

"ဟင်...ဒါဆို ငါတို့ဟာ လူဆိုးဓားပြတွေနဲ့ တူနေတော့မပေါ့"

"ဒါဆိုလဲ မထူးတော့ပါဘူးဆရာရယ်၊ စားစရာအပြင် ငွေပါရအောင် လုပ်ကြတာပေါ့၊ ကျွန်တော်တို့လဲ ငွေလိုနေတာပဲ မဟုတ်လား"

မောင်မောင်စနေက မျက်နှာကို ပုဝါစည်းပြီး တဲအိမ်ဆီထွက်သွားသည်။ မျောက်ဒင်မှာ အတန်ကြာအောင် တုံ့ဆိုင်းနေပြီးမှ မျက်နှာကို ပုဝါစည်းပြီး တဲထဲသို့ လိုက်ဝင်သွားသည်။

မိန်းမကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သော အမူအရာများဖြင့် မြေပေါ်မှာ ဆောင့်ကြောင့်ထိုင်နေကြသည်။ မောင်မောင်စနေက စားမြှောင်ကို ကိုင်မြှောက်၍ မိုးထားရင်း..



"ကဲ... ကြာတယ်ဗျာ၊ အသက်မသေချင်ရင် စားစရာရော၊ ပိုက်ဆံရော ရှိတာအကုန်ထုတ်"

မိန်းမကြီးက လက်ဆုပ်ချီတော့မလို ပုံစံမျိုးဖြင့်

"ဘုရားစူးရပါစေ့မောင်ရင်ရယ်၊ ပိုက်ဆံတော့ တစ်ပြားမှမရှိပါဘူး၊ စားစရာတောင် အမင်းကြမ်းနဲ့ ပုန်းရည်ကြီးအကပ်အသပ်ပဲ ရှိပါတော့သယ်"

မိန်းကလေးကလည်း

"ဟုတ်ပါတယ်တော်၊ ကျွန်မတို့မှာ ပဲနုတ်တဲ့ရာသီမရောက်သေးလို့ အလုပ်အကိုင်ကလဲ မရှိပါဘူး၊ နေ့စဉ်နေ့တိုင်း ပုန်းရည်ကြီးနဲ့ပဲ စားနေရလို့ အသားအရေတောင် ပုန်းရည်ကြီးရောင်ဖြစ်နေပါပြီ၊ လူတွေကလဲ ကျွန်မနာမည်ကို နုနုရည်လို့ မခေါ်ကြတော့ဘဲ ပုန်းပုန်းရည်လို့တောင် ခေါ်နေကြပါပြီ"



မျောက်ဒင်က မိန်းကလေးကို အကဲခတ်ကြည့်လိုက်သည်။ သူပြောသလိုပဲ ပုန်းရည်ကြီးသာ နေ့တိုင်းမစားရဘဲ စားကောင်းသောက်ဖွယ်စားရလျှင် အသားအရေ စိမ်းညက်ညက်ဖြစ်နိုင်သည်။ မျက်လုံးမျက်ခုံးကောင်းကောင်း၊ သွားတက်ကလေးနဲ့၊ ပြင်လိုက်ဆင်လိုက်လျှင် ကွမ်းတောင်ကိုင်ဖြစ်နိုင်မယ့် ရုပ်ရည်မျိုး။ အသံကလေးကလည်း ကရုဏာသက်စရာကောင်းသည်။

မျောက်ဒင်သည် အစကတည်းက အစားအသောက်တောင်းဖို့သာ စိတ်ကူးရှိသည်။ မောင်မောင်စနေက စားမြှောင်ကြီးဝင့်နေလို့သာ ယောင်ကြောင်ပြီး ရပ်နေမိခြင်း ဖြစ်၏။ ထို့ကြောင့်

"သူတို့အမှန်အတိုင်း ပြောနေတာပါကွာ၊ ကဲကဲ..ထမင်းနဲ့ပုန်းရည်ကြီးသာ ထုပ်ပြီးယူခဲ့စမ်းပါ"

ဟု ပြောလိုက်ရသည်။ ထမင်းထုပ်ယူပြီး ပြန်ထွက်ခါနီးတွင် တစ်ခုသွားတွေးမိလိုက်၏။နောက်ဆုံးလက်ကျန် ပုန်းရည်ကြီးလေးတောင် မိမိတို့ ယူသွားလျှင် ရေ့လျှောက် ဒီသားအမိ ဘာနဲ့စားကြမလဲ။ သနားစိတ်ဝင်လာသောကြောင့် အိတ်ထဲက တစ်ပြားတည်းသော ကျပ်ပြားစေ့ကို ထုတ်၍ ပစ်ပေးလိုက်ပြီး

"ထမင်းဖိုးလို့ သဘောထားပြီး ယူလိုက်ပါဗျာ"

ဟု ပြောလိုက်သည် နုနုရည်ဆိုသော မိန်းကလေးက တအံ့တသြဖြစ်သွားပြီး ကျေးဇူးတင်ဟန် မျက်လုံးရွဲကြီးများဖြင့် လှမ်းကြည့်သည်။ မျောက်ဒင်၏စိတ်ထဲတွင် ဒီမိန်းကလေးနှင့် နောက်တစ်ကြိမ် တစ်နေရာရာမှ ပြန်ဆုံရလိမ့်ဦးမည်ဟု ထင်မှတ်လိုက်မိ၏။

✷

www.burmeseclassic.com

www.burmeseclassic.com



“ဆရာလုပ်တာနဲ့ သူတို့ဆီက တစ်ပြားမှမရတဲ့အပြင် မရှိမဲ့ရှိမဲ့ ကျပ်ပြားကလေးတောင် ပါသွားပြီ၊ အခုဆိုရင် ကျွန်တော်တို့မှာ ပိုက်ဆံတစ်မူးပဲ ကျန်တော့တာ၊ အဲဒါကလဲ ဧရာဝတီကိုကူးဖို့လှေခ ပေးလိုက်ရင် ကုန်ပြီ၊ ရှေ့လျှောက် ဘယ်လိုစခန်းသွားကြမလဲ”

“ကြုံရာအလုပ်တစ်ခုခု ဝင်လုပ်ကြတာပေါ့ကွာ”

“ကျွန်တော်က ဝရမ်းပြေးဖြစ်နေပြီနော်၊ မန္တလေးကတစ်ဆင့် ရန်ကုန်ထိဆင်းပြီး ကိုယ်ရောင်ဖျောက်နေမှ ဖြစ်မှာ အဲဒီအတွက် စရိတ်စကလဲ လိုသေးတယ်။ ဒီဘဝရောက်မှတော့ မထူးတော့ပါဘူးဆရာရယ်၊ သူတော်ကောင်း မလုပ်ချင်ပါနဲ့တော့၊ ကံကြမ္မာက လူဆိုးဖြစ်အောင် တွန်းပို့နေပြီပဲ၊ ကျွန်တော် စီစဉ်တဲ့အတိုင်းသာ လုပ်ပါတော့”

ထိုစဉ် မော်တော်ဆိုင်ကယ်တစ်စင်းမောင်းလာတာ လှမ်းမြင်ရသည်။ မောင်မောင်စနေက

“ကံကောင်းချင်တော့ သားကောင်က အဆင်သင့်ဝင်လာတာပဲ၊ အင်း… ဒီလို ဧနပုဒ်မှာ ဆိုင်ကယ်စီးနိုင်တယ်ဆိုတော့ သူဌေးသားဖြစ်မှာပဲ၊ ကဲ…မျက်နှာကို ပုဝါစည်းထားပေတော့ဆရာ”

မျောက်ဒင်မှာ မဟန့်တားနိုင်ခင်မှာပင် ဆိုင်ကယ်က ခပ်လှမ်းလှမ်းရောက်လာသည်။ မောင်မောင်စနေက ဓားမြှောင်ကိုဝှင့်ပြီး လမ်းပိတ်ထားလိုက်သဖြင့် မျောက်ဒင်လည်း ပုဝါအမြန်စည်းလိုက်ရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆိုင်ကယ်စီးလာသူမှာ စက်ပိုင်သားဖြစ်နေ၏။ မထူးတော့သဖြင့် မောင်မောင်စနေက ဓားမြှောင်နှင့်ချိန်ပြီး

“လက်စသတ်တော့၊ အဲလေ အသက်မသေချင်ရင် ရှိတာအကုန်ထုတ်”

စက်ပိုင်သားမှာ အုပ်စုနဲ့သာ ကျယ်ရဲသူဖြစ်၏။ တကယ်တမ်းတော့ သတ္တိရှိသူမဟုတ်သဖြင့် ပိုက်ဆံအိတ်ကို အလွယ်တကူထုတ်ပေးသည်။ မောင်မောင်စနေက လက်စွပ်၊ ဆွဲကြိုး၊ ရွှေလက်ကြယ်သီး၊ စိန်ပေါက်ကြယ်သီးတွေပါ ဖြုတ်ခိုင်းသည်။ ထိုအချိန်တွင် ကမန်းကတန်း ချည်လိုက်ရသဖြင့် လျော့လျဲလျဲဖြစ်နေသော မျောက်ဒင်၏မျက်နှာပေါ်မှပဝါလျောကျသွားသည်။ စက်ပိုင်သားမှာ တအံ့တသြဖြစ်ပြီး



“ဟင်..မင်း…မင်း”

မထူးတော့ပြီမို့ မျောက်ဒင်က ပင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်ရသည်။ ဟိုတစ်ခါလိုပဲ စက်ပိုင်သား တစ်ချက်ထဲနဲ့ မှောက်သွား၏။

❖

နောက်ငါးနှစ်ခန့်ကြာသောအခါ…

ဗြိတိသျှကိုလိုနီခေတ် ရန်ကုန်မြို့တော်ကြီးမှာ သန့်ရှင်းသပ်ရပ်တည်ငြိမ်အေးချမ်းပြီး ကြက်ပျံမကျ စည်ကားလှသည်ဟု အဆိုရှိ၏။ နေ့အချိန်မှာတော့ ဟုတ်ကောင်းဟုတ်ပါလိမ့်မည်။ ညပိုင်းဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။ ညဥ့်နက်ပိုင်းကျတော့…

ရန်ကုန်မြို့၏နေရာအများစုမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ လူသွားလူလာမရှိတော့ဘဲ ခြောက်ကပ်ရှင်းလင်းနေသည်။ ရန်ကုန်အနောက်ပိုင်း တရုတ်တန်းတဝိုက်မှလွဲ၍…။

ထိုနေရာမှာတော့ ဟိုတယ်များ၊ ပျော်ပွဲစားရုံများ၊ လောင်းကစားဝိုင်းများနှင့် စည်ကားနေသည်။ ငွေကြေးသုံးစွဲနိုင်သူများ၊ အပျော်အပါး ဝါသနာပါသူများ၊ လောင်းကစားသမားများ၊ ဝိုင်းဂျပိုးများ၊ ဟိုတယ်မယ်များ၊ ကျက်စားရာအရပ်ဖြစ်၏။ ငွေရွှင်သောနေရာဖြစ်သောကြောင့် မိုက်ကြေးခွဲမည့်သူ၊ လောင်းကစားဝိုင်းမှ နိုင်လာသူကို လမ်းကဖြတ်လုမည့် သူတွေလည်း ပေါများလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတစ်ကြောတွင် မင်းမူနေကြသူတွေကတော့ ညဘုရင်များဖြစ်ကြသော လမ်းမတော်မြတ်ခိုင်၊ ပုဏ္ဏားဟိန်းလတ်၊ ပန်ကာမောင်မျိုးတို့ ဖြစ်ကြ၏။ ထို့အတူ ရန်ကုန်အရှေ့ပိုင်းမှာလည်း ညောင်တန်းလူမိုက် သံလက်သီးမျိုးမြင့်ညိမ်းတို့ညီအစ်ကိုတွေ၊ ကမ်းနားတစ်ဝိုက်မှာကျတော့ ဓားချစ်ဝင်းမောင် စသည်ဖြင့် သူ့အပိုင်းနှင့်သူ ကြီးစိုးနေကြသည်။ ရန်ကုန်မြို့၏ ညဥ့်နက်ပိုင်းအုပ်ချုပ်ရေးကို သူတို့လူစုက လွှဲပြောင်း ရယူထားသလိုဖြစ်နေ၏။

ဒီလိုကာလမျိုးမှာပင် သူတို့နှင့်အပြိုင် နာမည်တစ်ခုက ထင်ပေါ်ကျော်ကြားလာခဲ့လေသည်။

"ဘိုလ်မျောက်ဒင်"

သူက တစ်မူခြားနားသည်။ ဟိုလူစုလို ရုပ်ကြမ်းကြီးတွေမျိုးမဟုတ်။ လူပုံခပ်သွယ်သွယ်၊ ဆံပင်ကို ကော့စမစ်တစ်နှင့် ပြောင်လက်ပိပြားနေအောင် တိုက်ထားသည်။ ရွှေကိုင်းမျက်မှန်၊ အယ်လ်ပါကားတိုက်ပုံ၊ ဘန်ကောက်လုံချည်တို့ ဆင်မြန်းထားသဖြင့် ရုတ်တရက် ကြည့်လျှင် ဘိုင်စကုပ်မင်းသားခင်မောင်ရင်လားထင်ရလောက်အောင် ချောမောခန့်ညားနေသည်။

ထို့ပြင် သူက ဟိုလူတွေလို လူမိုက်တွေအပေါ် မိုလ်ကျပြီး ဆက်ကြေး ကောက်စားနေတာမျိုးလည်းမဟုတ်။ ပွဲရုံကြီးတစ်ရုံကို ခမ်းခမ်းနားနား တည်ထောင်ဖွင့်လှစ်ထားသည်။တကယ်တော့ ဒါက ဟန်ပြပဲ။ နောက်ကွယ်မှာကျတော့ လျှို့ဝှက်ဂိုဏ်းကြီး တစ်ဂိုဏ်းကို ဦးဆောင်နေသူဖြစ်၏။

ပွဲရုံအလုပ်သမားများမှာ သူ၏ဂိုဏ်းဝင်တပည့်များ ဖြစ်ကြ၏။ ထိုသူများမှာ ပွဲရုံထဲမှာဆိုလျှင်တကယ့်အလုပ်သမားတွေအတိုင်းပဲ၊ အလွန်မှင်သေသည်။ လုပ်ငန်းကြီးလုပ်ပြီဆိုမှ ပရော်ဖက်ရှင်နယ်အဖြစ် ပြောင်းလဲသွားကြခြင်းဖြစ်၏။



ဘိုလ်မျောက်ဒင်က အလုပ် လုပ်ရာမှာ အလွန်သတိထားသည်။ စံနစ်တကျ အကွက်ချ စီစဉ်တတ်သည်။ ခြေရာလက်ရာ သဲလွန်စမကျန်အောင် အထူးဂရုစိုက်သည်။ သူ့တပည့်တွေကလည်း ဒီလိုကိစ္စမှာကျွမ်းကျင်တဲ့ လက်ရွေးစင်တွေချည်းပဲ။

သူက တော်ရုံကိစ္စတွေကို လက်ရှောင်သည်။ အကွက်ကောင်းကို စိတ်ရှည်လက်ရှည်စောင့်ပြီး အချီကြီးကျမှ အပိုင်ကြံသည်။ အဘက်ဘက်က ယောင့်စေ့အောင် ကြိုတင်စီမံထားသဖြင့် အမြဲတမ်း အောင်မြင်တာချည်းပဲ ဖြစ်၏။ မထင်မှတ်တဲ့အချိန်မှာ မထင်မှတ်တဲ့ပုံစံဖြင့် ဝင်တတ်သဖြင့် ခံရသူများမှာ အငိုက်မိသွားတတ်သည်။ စတီးဘရားသား အထူးကိုယ်စားလှယ် မင်းတိုင်ပင်အမှတ်ဆာမိုးသူအိမ်ကို ဝင်စီးတုန်းကဆိုလျှင် ဓားပြတိုက်နေမှန်းတောင် ရုတ်တရက် မရိပ်မိလိုက်ဘဲ မီးခံသေတ္တာဖွင့်ခိုင်းထားတော့မှပင် သိရတော့သည်ဆို၏။

ဘိုလ်မျောက်ဒင်တို့အဖွဲ့သည် တစ်ကြိမ် မြိုးမြိုးမြက်မြက်ရပြီးလျှင် လအတော်ကြာအောင် ငြိမ်ချက်သား ကောင်းနေလေ့ရှိသည်။ ထိုအတောအတွင်း နောက်ထပ် ကြံစည်မည့် နေရာကို ရွေးချယ်ပြီး အချိန်ယူ လေ့လာ စီစဉ်တတ်သည်။

ယခုရက်ပိုင်းတွင်လည်း သတင်းစာတိုင်းမှာ မျက်နှာဖုံးသတင်းအဖြစ် အထူး အသားပေး ဖော်ပြနေကြတာကတော့ 'စိန်ကလျာရွှေဆိုင်' အနုကြမ်းစီးခံရသော ကိစ္စပင်ဖြစ်၏။ လူတိုင်းကလည်း ဒီအကြောင်းကိုပဲ ပြောနေကြသည်။ သတင်းစာတွေလည်း စောင်ရေတိုးရိုက်ရသဖြင့် ဓားပြများကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေ၏။ နေ့ခင်းကြောင်တောင်ကြီး တခြားရွှေဝယ်သူတွေပါ ရှိနေတဲ့ကြားက ပိပိရိရိ လုယက်သွားခြင်းဖြစ်၏။ (သူတို့အကွက်ချဆောင်ရွက်သွားပုံမှာ ပညာသား ပါလွန်းလှသဖြင့် အခြား ဒုစရိုက်

www.burmeseclassic.com

www.burmeseclassic.com



သမားများ အတုခိုးကုန်ကြမည်ကို စိုးရိမ်ရသဖြင့် ဤနေရာတွင် အသေးစိတ်မဖော်ပြနိုင်သည်ကို ခွင့်လွှတ်တော်မူကြပါရန်။)

ထိုလုယက်မှုမှာ ဘိုလ်မျောက်ဒင်တို့အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း စီအိုင်ဒီအဖွဲ့က ရိပ်မိသည်။ သို့ရာတွင် မသင်္ကာစရာ သဲလွန်စ တစ်ခုတစ်လေကိုတောင် ရှာ၍မရသောကြောင့် အောင့်သက်သက်နှင့်ပင် အံတကြိတ်ကြိတ် ဖြစ်နေကြရ၏။

ဒါတွင်မကသေး။

❖

ပုလိပ်မင်းကြီး မစ္စတာဂျော်နီငြိမ်း (S.A.M.T)၏ ရုံးခန်းအတွင်းရှိ ပြောင်လက်တောက်ပနေသော စားပွဲကြီးရှေ့တွင် ခပ်ရို့ရို့ ခပ်ကုပ်ကုပ်ကလေး ထိုင်နေသူမှာ စီအိုင်ဒီမှဝန်ထောက်မင်း ဦးစောချစ် (L.T.T)ဖြစ်၏။ ပုလိပ်မင်းကြီးမှာ အလွန် ဒေါသဖြစ်နေပုံရသည်။ ယနေ့ထုတ် မြန်မာ့အလင်းတန်းသတင်းစာကို ဦးစောချစ်ရှေ့သို့ ဆောင့်ကြီးအောင့်ကြီးပစ်ချပေးလိုက်ပြီး–

" DA-KO- MAUNG- MIN-BA-PYAW-CHIN-THE-LÈ "

(ဒါကို မောင်မင်း ဘာပြောချင်သလဲ)

ဟု မေးလိုက်သည်။ သတင်းစာမျက်နှာဖုံးတွင် စိန်ကလျာရွှေဆိုင် အနုကြမ်းစီးခံရသောသတင်းနှင့် ဘေးချင်းယှဉ်လျက်တွင် ဝန်ထောက်မင်းဦးစောချစ်နှင့် ဘိုလ်မျောက်ဒင်တို့ လက်ဆွဲ နှုတ်ဆက်နေကြသော ဓာတ်ပုံကို ထည့်သွင်းဖော်ပြထားသည်။ ဘိုလ်မျောက်ဒင်က စီအိုင်ဒီအဖွဲ့ကို အိတ်ထဲထည့်ထားသောကြောင့် အနုကြမ်းစီးမှုတရားခံမပေါ်ဘဲ ဖြစ်နေသလိုလို ဦးစောချစ်ကပဲ မသိချင်ယောင် ဆောင်ပြီး ဖုံးဖိပေးထားသလို ထင်ယောင်ထင်မှား ဖြစ်အောင် သတင်းစာမှ ကလိလိုက်ခြင်း ဖြစ်၏။



အမှန်မှာ ဘိုလ်မျောက်ဒင်က အခင်းဖြစ်ပွားနေချိန်တွင် ဦးစောချစ်နှင့်အတူ ရှိနေပါသည်ဟု 'အယ်လီဘိုင်' ပြချင်သောကြောင့် တမင်ပြုလုပ်လိုက်ခြင်းဖြစ်၏။ ညှိခံပွဲတစ်ခုမှာ ဦးစောချစ်ထိုင်နေသောစားပွဲဆီသို့ ဘိုလ်မျောက်ဒင်ရောက်ရှိလာပြီး 'ဟဲလို–ဦးစောချစ်' ဟု နှုတ်ဆက်ရင်း လက်ကမ်းပေးလိုက်သည်။ ဦးစောချစ်မှာ ရုတ်တရက်မို့ယောင်ပြီး လက်ဆွဲနှုတ်ဆက်လိုက်မိ၏။ သတင်းထောက်တွေကလည်း အလွန်လျင်သည်။ ဒါမျိုးအကွက်ကောင်းချောင်းနေသူများဖြစ်သောကြောင့် ဖျတ်ခနဲ ဓာတ်ပုံရိုက်ယူထားလိုက်၏။ ထိုဓာတ်ပုံကို ကွက်တိ အသုံးချလိုက်ကြခြင်းဖြစ်၏။ ခုတော့ ပုလိပ်မင်းကြီးက ဖြေရှင်းချက်တောင်းနေပြီ။

"ဒီလို ရှိပါတယ်မင်းကြီး၊ သူကစပြီး လာပြီးနှုတ်ဆက်တော့..."

"SHUT UP"

ပုလိပ်မင်းကြီးက စကားဖြတ်၍ ဟောက်လိုက်ပြီးနောက်–

"MYAUK-DIN -KO- AH-MYAN -SONE -ME -AUNG-PHAN- BA- DA BÈ"

(မျောက်ဒင်ကို အမြန်ဆုံး မိအောင်ဖမ်းပါ ဒါပဲ)

❖

ဝန်ထောက်မင်း ဦးစောချစ်မှာ အတော်ပင် အကျပ်အတည်းဖြစ်နေရ၏။ သူတို့စီအိုင်ဒီအနေဖြင့် လူတစ်ယောက်ကို သက်သေအထောက်အထား မရှိဘဲ ဖမ်းလို့မရ။ မျောက်ဒင်တို့အဖွဲ့ကလည်း နည်းနည်းမှ အစွန်းမထွက်။ ထို့အပြင် ဘိုလ်မျောက်ဒင်သည် အထက်တန်းလွှာ မျက်နှာကြီးအသိုင်းအဝိုင်းမှာ ဝင်ဆန့်သူဖြစ်၏။ အများအယွင်း အတိမ်းအစောင်းဖြစ်လို့မရ။ ဘိုလ်မျောက်ဒင်ကို

www.burmeseclassic.com

www.burmeseclassic.com



မဖမ်းနိုင်ပြန်လျှင်လည်း ရတောင့်ရခဲ ချီးမြှင့်ခံထားရသော L.T.T ဘွဲ့ထူးကလေး ပြန် ရုပ်သိမ်းခံရလျှင် ခက်မည်။

အစဉ်းစားရကျပ်နေတုန်းမှာ နာမည်တစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။

"စုံထောက် အင်စပက်တော် အောင်ကျော်တိုး"

ခုတလော စီအိုင်ဒီလောကမှာ နာမည်ထွက်လာသူဖြစ်၏။ မနှစ်ကအထိ အိုင်ပီအဆင့်သာရှိသေးသည်။ စိန်ဘာဘူသူဌေး အငဲ၏အိမ်ကို ဝင်ရောက်ခိုးယူခဲ့သော ဖေါက်ထွင်းဝိဇ္ဇာဇော်ပိုင်ကို လက်ရဖမ်းနိုင်သောကြောင့် စုံထောက်အင်စပက်တော်အဖြစ် ရာထူးတိုးပေးခြင်းခံရသူဖြစ်၏။ ထိုစဉ်က သက်သေခံပစ္စည်းမရှိသဖြင့် အမှုတည်ဆောက်ဖို့ အခက်အခဲ တွေ့နေရသေးသည်။ နောက်တော့မှ သတင်းကွင်းဆက်အတိုင်း လိုက်စုံစမ်းပြီး ဇော်ပိုင်နှင့် စေ့စပ်ထားသော မီမီအမည်ရှိ မိန်းကလေး၏အိမ်တွင် သွားဝှက်ထားသည့် ခိုးရာပါပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းမိခြင်းဖြစ်၏။

အောင်ကျော်တိုးသည် မှုခင်းတွေ တစ်ခုပြီးတစ်ခု ဖော်ထုတ်ရင်း လက်စွမ်းပြနေသည်။ အခုလတ်တလောတွင်လည်း လော်ကယ်ရထားပေါ်၊ ဘတ်စ်ကားပေါ်၊ ဓာတ်ရထားပေါ်၊ ကူးတို့သင်္ဘောပေါ်တွေမှာ ကျက်စားနေသော နာမည်ကြီးခါးပိုက်နှိုက်တစ်ကိုယ်တော် ခမ်းလှိုင်ကို ဖမ်းဆီးနှိမ်နင်းနိုင်သဖြင့် အမှုထမ်းကောင်းလက်မှတ်ကို ပူပူနွေးနွေး ရရှိထားသေးသည်။

ထို့ကြောင့် အင်စပက်တော်အောင်ကျော်တိုးကို မိမိနှင့် အမြန်ဆုံးလာတွေ့ရန် ဆင့်ခေါ်လိုက်သည်။ သို့ရာတွင် အောင်ကျော်တိုးက ချက်ချင်းရောက်မလာ။ သုံးရက်လောက်ကြာမှ လာတွေ့သည်။ ပမာမခန့်လုပ်ရကောင်းလားဆိုပြီး ဝန်ထောက်မင်း ဦးစောချစ် ဒေါသဖြစ်နေသဖြင့်



"ဒါက ဘာသဘောလဲ၊ မင်းငါ့ကို မလေးမစားလုပ်တာလား၊ နယ်ပြောင်းခံချင်လို့လား"

မြင်မြင်ချင်း စွတ်ဟောက်တော့သည်။

"မဟုတ်ပါဘူး ဝန်ထောက်မင်း"

"ဒါဆို ဘာကြောင့် ချက်ချင်း မလာရသလဲ"

"ကွမ်းခြံကုန်းဘက် သွားနေရလို့ပါ"

"ဘာကိစ္စသွားတာလဲ"

"အဲဒီနယ်ဘက်မှာ သောင်းကျန်းနေတဲ့ လက်မရှိ ငခါးနောက်ကိုလိုက်နေရလို့"

"ငခါးကိုဖမ်းမိဖို့ကိစ္စအတွက် ဆားပုလင်းဂျက်သာချိုကို လွှဲပေးလိုက်၊ မင်းကိုငါ အထူးတာဝန်တစ်ခု ပေးစရာရှိတယ်"

"ဂျက်သာချိုက ဆပ်စပင်းရှင်းထိနေတယ်လေ ဝန်မင်း"

ဆားပုလင်းဂျက်သာချိုမှာ လူတော်တစ်ယောက် ဖြစ်၏။ သို့ရာတွင် ဂါတ်တဲမှာ ဘယ်တော့မှမရှိဘဲ ထန်းရည်တောထဲချည်း ရောက်နေတတ်သည်။ ခရိုင်ရာဇဝတ်ဝန် နယ်လှည့်စစ်ဆေးရာမှာ မိသွားသဖြင့် ဆပ်စပင်းရှင်း အချခံထားရခြင်းဖြစ်၏။

ဝန်ထောက်မင်းဦးစောချစ်က

"ကိစ္စမရှိပါဘူး၊ ငခါးကို ဖမ်းပေးရင် အပြစ်ကို ခွင့်လွှတ်မယ်လို့ ပြောလိုက်"

"ဒါနဲ့ ကျွန်တော့်ကို ဝန်ထောက်မင်း တာဝန်ပေးစရာရှိတယ် ဆိုတာက ဘာကိစ္စပါလဲခင်ဗျာ"

"ဘိုလ်မျောက်ဒင်ကို တစ်လအတွင်းမှာ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖမ်းပေးရမယ်"

"ဗျာ၊ ဒါ...ဒါတော့ မလွယ်ဘူးထင်တယ်၊ ဘိုလ်မျောက်ဒင်က နန်းရင်းဝန်ကြီးနဲ့တောင်..."

www.burmeseclassic.com

www.burmeseclassic.com



"ရှပ်တပ်၊ သစ်စ်အစ်စ်မိုင်အော်ဒါ"

"ယက်စ်ဆား"

❖

ဖြူဟ္ဘာ့ဥက္ကောင်းကို မိမိပခုံးပေါ် တင်ပေးလိုက်ခြင်းဖြစ်ကြောင်း အောင်ကျော်တိုး သိလိုက်ပြီ။ သို့ရာတွင် ဘာမှ မတတ်နိုင်။ တစ်နည်းနည်းနဲ့ ဖြစ်အောင် လုပ်ဖို့ပဲ ရှိတော့သည်။

ဘိုလ်မျောက်ဒင်ကို ဖမ်းဖို့ကိစ္စမှာ သိပ်လွယ်ကူလှတာမဟုတ်။ သူက သိပ်လျှင်သည်။ မျက်နှာကြီးအသိုင်းအဝိုင်းမှာလည်း ဝင်ဆံ့သူဖြစ်သောကြောင့် အဆက်အသွယ်ကောင်းသည်။ သူ့ကို မရရ အောင်ဖမ်းဖို့ ပုလိပ်မင်းကြီးက အမိန့်ထုတ်လိုက်ပြီဆိုတာ တစ်နည်းနည်းနဲ့ သတင်းရသွားလိမ့်မည်။

မှန်သည်။ ဘိုလ်မျောက်ဒင်တို့အဖွဲ့သည် ထိုရက်များအတွင်း ဘာလှုပ်ရှားမှုမှမရှိဘဲ သေသေဝပ်ဝပ် ရှိနေသည်။ ဒါတွင်မက အလှူအတန်းတွေတောင် လုပ်လိုက်သေးသည်။ ဂုဏ်သရေရှိ အထက်တန်းလွှာ အသိုင်းအဝိုင်းကို ဖိတ်ကြား၍ နာမည်ကျော်ပန်တျာမြနှောင်းညိုအငြိမ့်အဖွဲ့ကို ငှားပြီး ဧည့်ခံသည်။ ဘိုလ်မျောက်ဒင်က မြနှောင်းညို၏ဖေးဘာရိတ်ဖြစ်သော 'အသည်းပန်းမှာ ဆူးတွေနဲ့ရယ်' သီချင်းကို ပွဲတောင်းပြီး ရွှေဒင်္ဂါးတစ်ပြား ဆုချလိုက်သေးသည်။

သဲလွန်စတစ်ခုခုများ ရလေမလားဆိုသော မျှော်လင့်ချက်ဖြင့် ထိုအလှူပွဲသို့ အင်စပက်တော်အောင်ကျော်တိုး ရောက်သွားခဲ့သေးသည်။ ဘိုလ်မျောက်ဒင်က မှင်သေသေ လာရောက်နှုတ်ဆက်ရင်း

"အချိန်တွေကလဲ အကုန်မြန်လိုက်တာဗျာ၊ တစ်လဆိုတာ ခဏလေးလို့ ထင်ရတယ်နော်"

ဟု ရိသွားသေးသည်။

အောင်ကျော်တိုးမှာ အတော်ခံပြင်းသွားသည်။ ဟုတ်လည်း ဟုတ်သည်။ သူ့အတွက် အချိန်သိပ်မရှိတော့။ ဝန်ထောက်မင်း ဦးစောထွန်းက ဘိုလ်မျောက်ဒင်ကို ဖမ်းဖို့ အချိန်တစ်လပေးထားခဲ့ရာမှာ ခုပဲ ရက်သတ္တ သုံးပတ်ကျော်လာခဲ့ပြီ။ အချိန်စေ့လို့မှ မျောက်ဒင်ကို မဖမ်းနိုင်လျှင် နယ်စွန်နယ်ဖျားကို လွင့်ရတော့မည်။ ထို့ကြောင့် မဖြစ်ဖြစ်တဲ့နည်းနဲ့ အမှုတစ်ခုခုဆင်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကံကောင်းချင်တော့ နောက်တစ်နေ့မှာပဲ သူ့ရုံးခန်းသို့ လူတစ်ယောက် ရောက်ရှိလာပြီး အမှုတစ်ခုကို တိုင်ကြားလေသည်။ ထိုသူမှာ သီဟရတနာပုံနှိပ်တိုက်ပိုင်ရှင် မောင်သိမ်းစိုးဆိုသူဖြစ်၏။ သူ၏ အဘွားဖြစ်သူချန်ထားရစ်ခဲ့သော အမွေဆိုင်စိန်လက်စွပ်ကြီး လုယက်ခံရသောကြောင့် လာရောက်အမှုဖွင့်တိုင်ကြားရခြင်း ဖြစ်လေသည်။

အင်စပက်တော်အောင်ကျော်တိုးမှာ အကွက်ကောင်းရသွားသည်။ အခွင့်အရေးကိုလက်လွှတ်မခံတော့ဘဲ မောင်သိမ်းစိုးကို နှိမိတ်ပြမေးခွန်းများဖြင့် သိမ်းသွင်းပြီးနောက် ထိုကိစ္စလက်သည်တရားခံမှာ ဘိုလ်မျောက်ဒင်တို့အဖွဲ့ဖြစ်ကြောင်း ကောက်ချက်ဆွဲလိုက်တော့သည်။

ထို့နောက် အချိန်ဆွဲမနေတော့ဘဲ ဘိုလ်မျောက်ဒင်ကို သွားရောက်ဖမ်းဆီးလေသည်။ ဘိုလ်မျောက်ဒင်က အရေးမစိုက်သော ပုံစံဖြင့်

"အိုင်အေး အင်စပက်တာ၊ ကျုပ်လို လူကုံထံတစ်ယောက်က ဒီဘာမဟုတ်တဲ့ စိန်လက်စွပ်လေးတစ်ကွင်းကြောင့် အစစ်ဆေးခံရမယ်ဆိုရင် ယုတ္တိတန်ပါ့မလား၊ လူရယ်စရာဖြစ်နေအုံးမယ်၊ ကြည့်လဲ လုပ်ပါအုံးဆရာကြီးရယ်"

"စိန်လက်စွပ်ကလေး မဟုတ်ဘူးဗျ၊ လက်စွပ်ကြီး၊ လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ ရတီနှစ်ဆယ်ရှိတဲ့ ဆိုမာလီစိန်လုံးကြီးနဲ့လုပ်ထားတာ၊ ဒီလို စိန်လက်စွပ်မျိုးဟာ မိုးကုတ်ဒေါ်သက်ဆွေဆီမှာ တစ်ကွင်း၊ စမ်းချောင်းသူဌေးဒေါ်ခင်ဝင်းသစ်ဆီမှာတစ်ကွင်း၊ မြန်မာပြည်မှာ စုစုပေါင်းမှ သုံးကွင်းထဲရှိတာဗျ၊ နှယ်နှယ်ရရ မဟုတ်ဘူး"

"ထားပါတော့လေ၊ ဒါနဲ့မေးပါရစေအုံး၊ အဲဒီသိမ်းစိုးဆိုတဲ့လူက ကျုပ်ကို လက်ညှိုးထိုးတာနဲ့ပဲ ခင်ဗျားက ဖမ်းရရောလား၊ တကယ်လို့ သူက ဘုရင်ခံကို စွပ်စွဲမယ်ဆိုရင်ကော၊ ခင်ဗျားဘယ့်နှယ်လုပ်မတုန်း"

"ဥပဒေကို ချိုးဖောက်လို့ကတော့ ဘယ်သူဖြစ်ဖြစ် ဖမ်းရမှာပဲ၊ ဂျူတီးအစ်စ်ဂျူတီး"

ဘိုလ်မျောက်ဒင်က မခန့်လေးစားဟန်ဖြင့် ပခုံးတစ်ချက်တွန့်လိုက်သည်။ အင်စပက်တော်အောင်ကျော်တိုးက

"ဗဲရီးဆောရီး ဦးမျောက်ဒင်၊ ယူအာအန်ဒါအရက်စ်၊ သို့သော် ဦးမျောက်ဒင်ရဲ့ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် အချုပ်ခန်းထဲမှာတော့ ထည့်မထားပါဘူး၊ ကျွန်တော့်အိမ်မှာပဲ ခေါ်ထားပြီး စစ်ဆေးမှာပါ၊ ဧည့်သည်တစ်ယောက်လို သဘောထားပြီး ပြုစုပါ့မယ်၊ အဲ…အနားမှာ ပုလိပ်ဆာဂျင်တစ်ယောက် အမြဲစောင့်နေတာကိုတော့ နည်းနည်း သည်းခံလိုက်ပေါ့ဗျာ၊ လက်စ်ဂိုး"

❖

စုံထောက်အင်စပက်တော် ဦးအောင်ကျော်တိုး၏အိမ်မှာ ခြံဝင်းကလေးတစ်ခုအတွင်းရှိ သပ်ရပ်သော တိုက်ခံအိမ်ကလေးဖြစ်၏။ အိမ်ခြေအနည်းငယ်သာရှိသော လမ်းတစ်လမ်းအတွင်း တည်ရှိသဖြင့် တိတ်ဆိတ်သည်။

"ကဲ…သက်သောင့်သက်သာ နေနိုင်ပါတယ်၊ ခင်ဗျားအတွက် အခန်းတစ်ခန်းလဲ စီစဉ်ပေးထားပါတယ်၊ လောလောဆယ်တော့



ဧည့်ခန်းမှာ ထိုင်ပြီး အနားယူလိုက်ပါအုံး၊ ကော်ဖီလေးဘာလေး သောက်ကြတာပေါ့"

အောင်ကျော်တိုးက ကုလားထိုင်ကို ညွှန်ပြရင်းပြောသည်။ ထိုစဉ်တွင် အိမ်အတွင်းခန်းထဲမှ အမျိုးသမီးတစ်ယောက်ထွက်လာပြီး

"ကိုကိုတိုး ပြန်လာပြီလား၊ အော်…ဧည့်သည်လဲ ပါလာတာကိုး"

ဘိုလ်မျောက်ဒင်သည် မှင်မောင်းကောင်းသူဖြစ်သည့်တိုင် အမျိုးသမီးကို မြင်သောအခါ ရုတ်တရက် အံ့အားသင့်သွားရ၏။ ရွာမှထွက်ပြေးလာခဲ့ပြီးနောက် အင်းဝနားမှာ ပထမဆုံးဝင်ရောက်စားပြတိုက်ခဲ့သော အိမ်ကလေးမှ အမျိုးသမီး။ ဆင်းရဲလွန်းသဖြင့် ပုန်းရည်ကြီးတစ်မျိုးထဲနဲ့သာ ထမင်းစားနေရပါသည်ဆိုသူ။ ခုတော့ အရာရှိကတော်ဘဝဖြင့် တသွေးမွေးဖြစ်နေပြီ။ မိမိကိုတော့ မှတ်မိလိမ့်မည်မဟုတ်။ ဟိုတုန်းက မျက်နှာကို ပဝါစည်းထား ခဲ့သည်။

အောင်ကျော်တိုးကတော့ သူ့မိန်းမလှလွန်းလို့ ဘိုလ်မျောက်ဒင် အံ့သြသွားတာထင်ပြီး ဂုဏ်ယူနေဟန်ဖြင့်

"နှရေ၊ ဟောဒါ ဦးမျောက်ဒင်ပဲ၊ ကြားဖူးမှာပေါ့၊ ကိုကိုတို့အိမ်မှာ အလုပ်ကိစ္စနဲ့ ရက်အတော်ကြာနေရလိမ့်မယ်၊ အဲ…ဦးမျောက်ဒင် ဟောဒါကတော့ ကျွန်တော့်ဇနီးချောပါပဲ၊ နုနုရည်(အင်းဝ) ကလောင်နာမည်နဲ့ ဝတ္ထုလေးဘာလေးရေးပါတယ်"

ဘိုလ်မျောက်ဒင်က–

"အော်…ဟုတ်ကဲ့၊ ဒဂုန်မဂ္ဂဇင်းထဲမှာ ဟောဒီကနုမကြီးရေးတဲ့ အိုးလေးလှုပ်ပါအုံးမြင်စေချင်သည်ဆိုတဲ့ ဝတ္ထုဖတ်ဖူးပါတယ်၊ သိပ်ကောင်းတဲ့ အရေးအသားပါပဲ"

www.burmeseclassic.com



နုနုရည်မှာ အတော်ကျေနပ်သွားပြီး သွားတက်ကလေးပေါ်အောင် ပြုံးလိုက်သည်။ အောင်ကျော်တိုးကလည်း

"ကျွန်တော့်မိန်းမက ဟင်းချက်လဲကောင်းတယ်ဗျ။ ဦးမျောက်ဒင်ကို ဟင်းကောင်းကောင်း ချက်ကျွေးပါလိမ့်မယ်"

ဘိုလ်မျောက်ဒင်က–

"ဟင်းကောင်းကောင်းတွေ မလိုပါဘူးခင်ဗျာ၊ ကျွန်တော်က ပုန်းရည်ကြီးသုပ် တစ်ခွက်ရရင်လဲ စားလို့ဖြစ်ပါတယ်"

ဟုပြောပြီး နုနုရည်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ နုနုရည်က တွေခနဲ ဖြစ်သွား၏။ ဒီအသံကို ကြားဖူးတယ်၊ ဒီမျက်လုံးတွေကိုလည်း မြင်ဖူးသလိုလိုပဲဟုလည်း တွေးလိုက်မိ၏။

❖

သူ့အတွက်ပေးထားသော အခန်းကလေးထဲမှာ စာဖတ်နေစဉ် အပြင်မှ စကားပြောနေသံများကို ကြားရသည်။ နုနုရည်က အခန်းဝမှာစောင့်နေသော ပုလိပ်ဆာဂျင်ကို လှမ်းပြောသည်။

"ဆာဂျင်စောကြည်ဖြူ၊ ဦးမျောက်ဒင်ကို အိမ်ရှေ့ခန်းထဲ ခဏခေါ်ခဲ့ပေးပါ"

"မဖြစ်ဘူးထင်တယ်ဆရာကတော်၊ အင်စပက်တာက အခန်းပြင်မထွက်စေနဲ့လို့ မှာသွားပါတယ်"

"ကျွန်မ တာဝန်ယူပါတယ်၊ ဒီမှာ ကိစ္စလေးတစ်ခုရှိလို့"

ဆာဂျင်စောကြည်ဖြူက အခန်းတံခါးလာဖွင့်ပြီး

"ဆရာကတော်က ခေါ်ခိုင်းတယ်"

ဟုပြောပြီး ဧည့်ခန်းဆီခေါ်သွားသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ"

ဘိုလ်မျောက်ဒင်က မေးသည်။ နုနုရည်က

"ဟောဒီနဲ့က အသံကပ်နေတယ်၊ မှုတ်လို့မရဘူး၊ နားလည်ရင်





တဆိတ်လောက် ကြည့်ပေးစမ်းပါ"

ဆိုပြီး နဲ့ကြီးတစ်လက်ကို ကမ်းပေးသည်။

"ဟာဗျာ၊ စန္ဒရားအသံညှိနိုင်းတယ်ဆို တော်သေးတယ်"

"စန္ဒရားမဝယ်နိုင်သေးဘူး၊ ကိုကိုတိုးက ပတ္တလားတီး၊ ကျွန်မက နဲ့မှုတ်၊ ကျွန်မတို့က အဆိုအတီး ဝါသနာပါတယ်"

"အဲ...ဒီဟာကြီးကတော့..."

ပြောပြီးမှ တစ်စုံတစ်ခု အကြံရသွားပြီး

"အဲလေ၊ တတ်သလောက် မှုတ်သလောက် စမ်းကြည့်ပေးပါ့မယ်"

"နဲ့၏လျှာခင်ကို ဖြုတ်ပြီး ဟိုခေါက်ဒီခေါက်လုပ်သည်။ ပြန်မှုတ်ကြည့်တော့ အသံထွက်လာသည်။

"လျှာခင်ကပ်နေတာပါ၊ နည်းနည်း စမ်းမှုတ်ကြည့်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဘိုလ်မျောက်ဒင်က နှဲအသံစမ်းသလိုလုပ်ရင်း သံတိုသံရှည်မျိုးစုံကို မှုတ်လိုက်သည်။ အမှန်မှာ မော့စ်ခေါ် ကြေးနန်းသင်္ကေတများဖြင့် သတင်းပို့လိုက်ခြင်းပင်ဖြစ်၏။

"တော်-တီး-တော်-တီး-တော်...."

(ဒစ်-ဒါ--ဒစ်....ဒါ..ဒစ်.....)

(ငါ့ကိုလာကယ်၊ မော်တော်ကားတစ်စီးနဲ့ အသင့်စောင့်နေ)

ခြံဝင်းအပြင်ဘက် ခပ်လှမ်းလှမ်းမှာ မုန့်လက်ဆောင်းသည် ယောင်ဆောင်ရင်း အသင့်စောင့်ကြည့်အကဲခတ်နေသူမှာ ဘိုလ်မျောက်ဒင်၏ လက်စွဲတပည့်ကျော် မောင်မောင်စနေပင်ဖြစ်လေ၏။

❖

အခန်းရှေ့မှာ တစ်ချိန်လုံးစောင့်ကြပ်နေသော ပုလိပ်ဆာဂျင်စောကြည်ဖြူကို မသိမသာ အကဲခတ်ကြည့်သည်။ အရပ်အမောင်းကိုယ်လုံးကိုယ်ထည်က မိမိထက်အပုံကြီးသာသည်။ ကြံ့ခိုင်တောင့်တင်းပုံလည်း ရသည်။ ခါးမှာ ခြောက်လုံးပြူးချိတ်ထားသည်။ နံပါတ်တုတ်ကိုလည်း မချတမ်းကိုင်ထားသေးသည်။ လူချင်းယှဉ်ပြီး ထိုးသတ်ဖို့တော့ မလွယ်။

တစ်ခုတော့ရှိသည်။ သူ့မျက်နှာက နီစပ်စပ်ဖြစ်နေသည်။ ယမကာသမားဖြစ်ပုံရသည်။ ညနေလေးနာရီ ကျော်လာသောအခါ ခြေတုန်လက်တုန် ဖြစ်စပြုလာသည်။ အချိန်တန်လို့ မသောက်ရသဖြင့် ဂဏှာမငြိမ်ဖြစ်လာတာ။

ဒါအကွက်ကောင်းပဲ၊ ညနေငါးနာရီခွဲလောက်ဆိုလျှင် အောင်ကျော်တိုး ပြန်လာတော့မည်။ အချိန်ရှိတုန်း မြန်မြန်လုပ်မှဖြစ်မည်။ ဖန်ခွက်ထဲကို ရေတစ်ဝက်လောက်ထည့်၊ အသင့်ပါလာသော ဆေး



ပြားကို ထည့်ဖျော်လိုက်သောအခါ ပယင်းရောင်ဖြစ်သွားသည်။ အနံ့အရသာက ရမ်အတိုင်းပဲ၊ သို့ရာတွင် အရက်တော့ မဟုတ်။ အိပ်ဆေးသာဖြစ်၏။

"ဗျို့ဆာဂျင်၊ ပင်ပန်းနေပြီလား၊ တစ်ခွက်လောက်ချလိုက်ပါလား"

ဖန်ခွက်ကို မြှောက်ပြရင်း မေးလိုက်သည်။ ဆာဂျင်စောကြည်ဖြူ၏ မျက်လုံးများ အရောင်လက်သွားသည်။ ပြီးမှ ဣန္ဒြေဆည်လိုက်ပြီး

"မဖြစ်ပါဘူးဗျာ၊ ဂျူတီချိန်ကြီး...."

"တစ်ခွက်လောက်နဲ့တော့ ဘာမှမဖြစ်ပါဘူးဗျာ၊ ဂျမေကာရမ်နော်၊ အိုင်စီအက်စ်ဦးဇော်မြင့်ဆီက လက်ဆောင်ရထားတာ၊ သိပ်မွှေးတယ်၊ ဒါမျိုးသောက်ရခဲတယ်နော..."

ဟုပြောရင်း ဖန်ခွက်ကို မျက်နှာနား ဝှေ့ဝဲပြလိုက်သည်။ ရမ်အနံ့က သင်းခနဲပြန့်လွင့်သွား၏။ ဆာဂျင်မှာ တံတွေးတောင်ယောင်ပြီး မျိုချမိ၏။

"ကဲ...လုပ်ပါဗျာ၊ အားမနာပါနဲ့"

ဖန်ခွက်ကို အတင်းထိုးပေးလိုက်သောအခါ ဆာဂျင်လည်း ဟန်မဆောင်နိုင်တော့ဘဲ လှမ်းယူလိုက်သည်။ ဘယ်လောက်ဆာနေသလဲမသိ။ တစ်ကျိုက်ထဲ မော့သောက်ချလိုက်၏။

"အား...ထိတယ်ဗျ"

ဟု ပြောသည်။ ငါးမိနစ်လေယက်လည်းနေရော မျက်လုံးတွေစင်းလာပြီး

"ခင်ဗျား...ခင်ဗျား...ဘာတွေထည့်...ထည့်....ထည့်..."

စကားကိုတောင် ဆုံးအောင်မပြောနိုင်ဘဲ ခွေကျသွားသည်။ ပိုပြီးစိတ်ချသွားရအောင် လက်ကိုင်ပဝါမှာ ကလိုရိုဖောင်းအရည်

www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ပြီး နားခေါင်းပေါ်အုပ်ပေးလိုက်၏။

ထိုစဉ် ဘိုလ်မျောက်ဒင်အတွက် သံပရာရည်ဖျော်ပြီး လာပို့သော နုနုရည်က

"ဟင်...ဒါက ဘယ်လိုဖြစ်တာလဲ၊ ရှင် သူ့ကို...သူ့ကို..."

ဘိုလ်မျောက်ဒင်လည်း အချိန်ဆိုင်းမနေတော့ဘဲ နုနုရည်ကို ဖမ်းချုပ်ကိုင်လိုက်ပြီး လက်ထဲမှာ အဆင်သင့်ရှိနေသော ကိုရိုဖောင်းလက်ကိုင်ပဝါဖြင့် နှာခေါင်းပေါ်ဖိထားလိုက်သည်။ နုနုရည်မှာ ရုန်းကန်ရင်းက သူ့စိတ်ထဲမှာ ရုတ်တရက် လျှပ်စစ်မီးပျက်သွားသည်ဟု ထင်လိုက်မိပြီး မှောင်အတိကျသွားလေသည်။

❖

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်ဟု ထင်ရ၏။ အိပ်ရာကနိုးလာတော့ ကိုယ့်အိမ်မှာမဟုတ်ဘဲ တဲကလေးတစ်လုံးအတွင်းမှာ ရောက်နေကြောင်း တွေ့လိုက်ရသည်။ ဘေးမှာ ဝါးခြမ်းပြားစိပ်စိပ်ကာထားသော ပြတင်းပေါက်ရှိသည်။ အပြင်ကို လှမ်းကြည့်တော့ တောတန်းနှင့်တောင်ကုန်းတွေပဲ မြင်ရသည်။ ဘာဖြစ်နေတာလဲ သေသေချာချာ ပြန်စဉ်းစားကြည့်တော့မှ သဘောပေါက်သွားသည်။

ဘိုလ်မျောက်ဒင်က မိမိကို ဓားစာခံအဖြစ် ဖမ်းခေါ်လာခဲ့ခြင်းဖြစ်၏။ တံခါးပေါက်ဆီ ပြေးသွားပြီး တွန်းဖွင့်သည်။ အပြင်ကနေသော့ခတ်ထားပုံရ၏။ တဘုန်းဘုန်းထုတော့ ခဏအကြာမှာ တံခါးပွင့်လာပြီး ဘိုလ်မျောက်ဒင်ဝင်လာသည်။

"နိုးပြီလား၊ အိပ်ရေးဝရဲ့လားခင်ဗျာ"

"ရှင်...ဒါ ဘာလုပ်တာလဲ"

"ခွင့်လွှတ်ပါဗျာ၊ ဒီလိုမှ မလုပ်ရင် မဖြစ်လို့ပါ"

"ကိုကိုတိုး စိတ်ပူနေလိမ့်မယ်"



"ဒါတော့အမှန်ပဲ၊ သူ စိတ်ပူအောင် တမင်လုပ်ရတာပါ"

"ကိုကိုတိုးသာ ရှင့်ကိုမိရင် အမှုန့်ကြိတ်ပစ်လိမ့်မယ်၊ သိရဲ့လား"

"တယ်လဲစွာပါကလား၊ ပုန်းရည်ကြီးမလေးရဲ့"

"ဘာပြောတယ်၊ ရှင် ကျွန်မကို ဘယ့်နှယ်ခေါ်လိုက်တာတုန်း"

ဟုပြောရင်း တစ်ချက်တွေခနဲ ဖြစ်သွား၏။ ဘိုလ်မျောက်ဒင်က ပြုံးလိုက်ပြီး

"လွန်ခဲ့တဲ့ငါးနှစ်ခြောက်နှစ်လောက်တုန်းက အင်းငနားကျွာလေးတစ်ရွာမှာလေ၊ ထမင်းကြမ်းတစ်ခဲနဲ့ ပုန်းရည်ကြီးလေးတစ်ကော်စာလောက်ကို ကျပ်ပြားတစ်ပြားတောင်ပေးပြီး လဲယူသွားတဲ့ လူတစ်ယောက်ကို မှတ်မိသေးလား"

ဟု ပြောပြီး မျက်နှာအောက်ပိုင်းကို ပဝါစည်းပြလိုက်သည်။ နုနုရည်မှာ တအံ့တသြဖြစ်သွားသည်။ ဟယ်....သူပါလား။ ဒါကြောင့် ဒီအသံကို ကြားဖူး၊ ဒီမျက်လုံးကို မြင်ဖူးတယ်လို့ ထင်ခဲ့မိတာကိုး။ တစ်ပြိုင်နက်ထဲမှာပင် လက်ရှိ မိမိအခြေအနေကိုလည်း သဘောပေါက်လိုက်သည်။ တင်းလို့မရ။ အသနားခံမှဖြစ်မည်။ ထို့ကြောင့်

"အစ်ကိုကြီးဟာ သူတော်ကောင်းဖြစ်ရက်သားနဲ့ ဘာဖြစ်လို့ ဒုစရိုက်အလုပ်ကို လုပ်ချင်ရတာလဲဟင်"

"အခြေအနေက တွန်းပို့လိုက်လို့ပေါ့၊ မြေရှင်ယာရှင်စနစ်ဆိုးရဲ့သားကောင်ဖြစ်ခဲ့ရတယ်ဆိုပါတော့"

"ကျွန်မကို အိမ်ပြန်ပို့ပေးပါလားဟင်..."

"ပို့ပေးချင်ပါတယ်၊ ဒီလိုလုပ်လေ၊ မနုအနေနဲ့ ဦးအောင်ကျော်တိုးဆီကို စာတစ်စောင်ရေးလိုက်ပေါ့၊ ကျွန်တော့်ကို စွဲဆိုထားတဲ့အမှုကို ပြန်ရုပ်သိမ်းပေးရင် မနုကိုလဲ အိမ်ပြန်ပို့ပေးမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုတိုးက လက်ခံနိုင်မယ်မထင်ဘူး၊ သူက ဥပဒေကို သိပ်လေးစားတာ”

“ဒီတစ်နည်းပဲ ရှိတာပဲလေ၊ ဘာလဲ ဒီမှာပဲ တစ်သက်လုံး နေချင်လို့လား”

“အို…မနေချင်ပါဘူး၊ ဘယ်မှာလဲ စာရွက်နဲ့ ဖောင်တိန်ပေး”

❖

နုနုရည်ရေးပေးသောစာမှာ စုစုပေါင်း ဆယ့်ငါးမျက်နှာ ရှိ၏။ လိုရင်းက နည်းနည်း၊ ကိုကိုတိုးကို ဘယ်လောက် လွမ်းဆွတ် သတိရကြောင်း၊ အမြန်ဆုံးလာခေါ် စေလိုကြောင်းက အများကြီးရေးထားသည်။ တစ်နည်းတော့ ကောင်းသည်။ ဒီစာကို ဖတ်ပြီးလျှင် အင်စပက်တော် အောင်ကျော်တိုးတစ်ယောက် တင်းမခံနိုင်တော့ဘဲ အပေးအယူလုပ်ဖို့ အကြောင်းပြန်လာရမည်ဟု ကျိန်းသေတွက်ထားသည်။

သို့ရာတွင် စာပို့ပြီး ရက်သတ္တနှစ်ပတ်ခန့် ကြာသည်အထိ ဘာအကြောင်းပြန်ကြားချက်မှမရ။ အောင်ကျော်တိုးသည် ဥပဒေကို အလွန်လေးစားသူဖြစ်သည်ဟု နုနုရည်ပြောတာ မှန်နေပြီလားမသိ။

ထိုအတောအတွင်း ပြဿနာတစ်ခုဖြစ်လာ၏။ တပည့်ကျော် မောင်မောင်စနေ၏မိန်းမခင်စောဦးက လာရောက်တိုင်တန်းခြင်းဖြစ်၏။ ခင်စောဦးမှာ အရင်က ကြည့်မြင်တိုင် ဆင်မလိုက်ဈေးမှာ ဝက်သားရောင်းသည်။ မောင်မောင်စနေက ဝက်သားသွားသွားဝယ်ရင်းက ငြိသွားကြပြီး လက်ထပ်လိုက်ကြခြင်းဖြစ်၏။ ခင်စောဦးသည် အလွန်စွာပြီး သတ္တိလည်း ရှိသူဖြစ်သောကြောင့် အားကိုးရသည်။ အဖွဲ့အတွက် အိုးသူကြီးတာဝန်ကို ယူထားသည်။

“ဟို မိန်းမကို မြန်မြန်ပြန်ပို့လိုက်ရင် ကောင်းမယ်ထင်တယ်



ဆရာကြီး”

ဟု သူက ပြောသည်။ ဘိုလ်မျောက်ဒင်က

“ဘာဖြစ်လို့လဲ”

“သူက အင်မတန် အစားပုပ်တယ်၊ ကျွန်မချက်တဲ့ဟင်းရဲ့သုံးပုံတစ်ပုံလောက်ဟာ သူစားတာနဲ့ ကုန်တာပဲ”

“ဟုတ်တယ်၊ ဆရာကြီးက သူ့ကို ကောင်းကောင်းကျွေးရမယ်၊ ဝအောင် ကျွေးရမယ်ဆိုလို့ လိုက်လျောထားရတာ၊ အဲဒါသူက တစ်နေ့ကို ထမင်းငါးထပ်လောက် စားတယ်၊ တစ်ခါစားရင်လဲ သုံးပန်းကန် အနည်းဆုံးပဲ၊ ဒါနဲ့တောင် အားမရသေးဘဲ ညဘက်ဆာတယ်ဆိုပြီး ခေါက်ဆွဲပြုတ် လုပ်ခိုင်းသေးတယ်”

တကယ်တော့ ခင်စောဦးကလည်း အစားပုတ်တာပဲ။ ချက်



www.burmeseclassic.com

www.burmeseclassic.com



ရင်းပြုတ်ရင်း ဟင်းမြည်းသလိုလိုနဲ့ နှိုက်နှိုက်စား မနည်းလှ။ ခုတော့ နုနုရည်ကြောင့် သူလျှော့စားနေရတာကို မကျေမနပ်ဖြစ်နေပုံရသည်။

"မနက်ဆိုရင်လဲ ဆရာကြီးအတွက်သိမ်းထားတဲ့ ဘီစကွတ်တွေ၊ ကိတ်ခြောက်တွေ ထုတ်ထုတ်ကျွေးရတာ ကုန်တော့မယ်၊ ကြာရင် စခန်းအတွက် ရိက္ခာပြတ်သွားမှာတောင် စိုးရိမ်ရတယ်"

တမင်ချဲ့ကားပြောနေသလားမသိဟု တွေးနေတုန်းမောင်မောင်စနေ ရောက်လာပြီး သူ့မိန်းမဘက်က ထောက်ခံပြီးပြောပြန်သည်။

"ဟုတ်တယ်ဆရာကြီး၊ နေ့လယ်နေ့ခင်းကျရင်လဲ အဆာပြေစားမလို့ဆိုပြီး ဒန်ပေါက်၊ ကော်ပြန့်စိမ်း၊ ရေခဲမုန့်၊ ဖါလူဒါ သွားဝယ်ပေးစမ်းပါဆိုတာက ရှိသေးတယ်၊ ဒီတောထဲတောင်ထဲမှာ ဘယ်နား သွားဝယ်ရမှာလဲ၊ ဝယ်လို့မရဘူးပြောပြန်ရင်လဲ သီချင်းဆိုတော့တာပဲ"

"သီချင်းဆိုတယ်ဟုတ်လား"

"ဟုတ်တယ်၊ ပါးစပ်အငြိမ်မနေနိုင်တဲ့ရောဂါ ရှိတယ်ထင်တယ်"

"တစ်ခုခု စားရင်လဲ စားရ၊ မဟုတ်ရင်လဲ တွေ့ကရာတွေ လျှောက်ပြော၊ ပြီးရင် သီချင်းအော်ဆို သူ့အသံက တော်တော်ဆိုးပါတယ် ဆရာကြီးရယ်"

လင်မယားနှစ်ယောက် အတိုင်အဖေါက်ညီညီ လာလုပ်နေတာလား တွေးနေတုန်း ဦးရွှေမင်းသား ရောက်လာသည်။ သူက အသက်ကြီးပြီဖြစ်သောကြောင့် ပင်ပင်ပန်းပန်း မလုပ်နိုင်းတော့ဘဲ ခြံစောင့်ကြီးအဖြစ်သာ နေစေခဲ့ခြင်းဖြစ်၏။ လောလောဆယ်နုနုရည်၏တဲမှာ ညစောင့်အဖြစ် တာဝန်ပေးထား၏။



"ကျွန်တော် အလုပ်ထွက်ပြီး သာကေတမှာပဲ ပြန်နေပါရစေတော့ ဆရာကြီးရယ်"

ဟု ဦးရွှေမင်းသားက တောင်းပန်သည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ အစတုန်းကတော့ လူအိုရုံပို့ပေးပါမယ်ဆိုတာတောင် ကျွန်တော်နဲ့ပဲ ရာသက်ပန်နေပါရစေဆို"

"သူ့အသံ နားထောင်ရတာထက်စာရင် ဝက်သတ်ရုံမှာသွားနေရတာကမှ နားခံသာပါအုံးမယ်ဆရာရယ်"

"ဒီလောက်တောင် ဆိုးလို့လားဗျာ"

"ကျွန်တော်လဲ ဂီတသမားပါပဲဆရာ၊ ကျွန်တော့်တစ်သက်မှာ ဒီလောက် အော်ဂလီဆန်စရာကောင်းတဲ့ အသံမျိုး မကြားဖူးပါဘူး၊ သံစဉ်ကလဲ မမှန်၊ စာသားတွေကလဲ ကပေါက်တိ ကပေါက်ချာနဲ့"

စဉ်းစားစရာတော့ ဖြစ်လာပြီ။ ဦးရွှေမင်းသားကလည်း သီချင်းဆိုတာ ဝါသနာပါသည်။ တကယ်ဆိုလျှင် သူ့အသံကလည်း ပြာတာတာနဲ့ အတော်ဆိုးတာပဲ။ ပုဇွန်တောင်၊ အိုးဖိုဘက်မှာ ညဘက် ဂျာနာဂျီလိုက်ရောင်းသော ကုလားအဘိုးကြီး၏ အသံမျိုးဖြစ်၏။ သူသီချင်းဆိုမလို့ မယ်ဒလင်ကိုကောက်ကိုင်ပြီး အသံစမ်းလိုက်တာနဲ့ အနီးအနားမှာရှိတဲ့လူတွေ အကြောင်းအမျိုးမျိုးပြပြီး ရှောင်ထွက်ပြေးကုန်ကြတော့တာပဲ။ အခုတော့ သူကိုယ်တိုင်ကတောင် နုနုရည်၏အသံကို နားမခံသာပါလို့ ပြောလာရတယ်ဆိုတော့–

"ဆရာကြီးမယုံရင် ကိုယ်တိုင်လိုက် နားထောင်ကြည့်ပါ၊ ဒီအချိန်လောက်ဆိုရင် သူသီချင်းဆိုနေကျပဲ"

ဦးရွှေမင်းသားက တိုက်တွန်းနေသဖြင့် လိုက်သွားသည်။ တဲနားသို့ ရောက်သောအချိန်မှာပင် မီးသတ်ကားဥသြဆွဲသံကြားရသဖြင့် လန့်သွားမိ၏။ ဘယ့်နှယ်တောထဲမှာ မီးသတ်ကားကဟု

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင်ဖြစ်သွားပြီးမှ အဖြစ်မှန်ကို သဘောပေါက်သွားသည်။ နုနုရည်သီချင်းစဆိုဖို့အတွက် ခြေဆင်းအဖြစ် ညည်းလိုက်ခြင်းသာ ဖြစ်၏။ ထို့နောက် သီချင်းစဆိုသည်။

"……ရာသီချိန်ဘွေ၊ နေမိန္ဒရေ…ဝါခေါင်လပေမို့ တမ်းတပါသည်၊ ဂိန်ရာသီတော်သလင်းလမှာဖြင့် ဖော်ကင်းကြပါလို့ ခွေးတွေက အူသည်…၊ ဆီမီးဖိုင်နယ် ထိန်ဝါလင်းလို့ သီတင်းကျွတ်တော့မည်၊ အော်…သီတင်းကျွတ်တော့မည်၊ တန်ဆောင်မုန်းမှာ ယောင်ထုံးကြပါစို့၊ ရှက်လှပါပြီ ဆယ့်နှစ်လရာသီ၊ ရှိပြီမောင်ရဲ့ မေ့ကာနေသလား ရက်စက်လေ အား…ဟား သည်၊ အော်…ကိုကိုတိုး ကိုကိုတိုး၊ နုကလေးကို မေ့များ မေ့နေပြီလားကွယ်…"

သူ့အသံသည် နားထဲသို့ စူးစူးရှရှဝင်ရောက်လာသဖြင့် နားဖာချေးတွေတောင် တုန်ခါသွားပြီး တဂျစ်ဂျစ်မြည်နေ၏။ သစ်ပင်ပေါ်မှာ နားနေသော ကျီးကန်းများ လန့်ဖျပ်ပြီး ထပျံသွားကြသည်။ မြေတွင်းထဲမှကြွက်များ၊ ဖားများထွက်လာပြီး တောထဲဝင်ပြေးကြသည်။

ဘိုလ်မျောက်ဒင်မှာ နားကိုပိတ်ပြီး ထိုနေရာမှ အမြန်ခွာပြေးရသည်။ အတန်ကြာတဲ့အထိ နားထဲမှာ အူပြီး လေမုန်တိုင်းတိုက်သံမျိုးတွေ ကြားနေရသည်။ ဆယ်မိနစ်လောက်ကြာမှ ပုံမှန်ပြန်ဖြစ်သည်။

"ဆရာကြီး မျက်မြင်ကိုယ်တွေပဲ၊ ကြာရင်အဖွဲ့သားတွေအားလုံး ထွက်ပြေးကုန်လိမ့်မယ်"

ဟု မောင်မောင်စနေက ပြောသည်။ ကြာလျှင် ခက်တော့မည်။ ထို့ကြောင့် အင်စပက်တော်အောင်ကျော်တိုး၏ အခြေအနေကို သွားရောက်စနည်းနာရန် စေလွှတ်လိုက်ရ၏။

❖



နှစ်ရက်အကြာမှာ မောင်မောင်စနေ ပြန်ရောက်လာသည်။

"ကျွန်တော်တို့တော့ အလှည့်စားခံလိုက်ရပြီ ဆရာကြီး"

ဟု ခရီးရောက်မဆိုက် ပြောသည်။ ဖြစ်ပုံမှာ–

တကယ်တော့ အင်စပက်တော် အောင်ကျော်တိုးသည်လည်း နုနုရည်၏ဒဏ်ကို မရှုမလှခံနေရသူပင်ဖြစ်၏။ နုနုရည်မှာ အပျိုဘဝတုန်းက တေ်ခဲ့သမျှ အောင်ကျော်တိုးနှင့် လက်ထပ်ပြီးနောက် အတိုးချပြီး နင်းကန်စားလေတော့သည်။ အိမ်မှာ နေ့စဉ်ဟင်းကောင်းတွေ ချက်စားရုံနှင့်အားမရဘဲ ညစဉ်ညတိုင်းလိုလို မဂိုလမ်း (ယခုရွှေဘုံသာ)နှင့် တရုတ်တန်းဘက်သွားပြီး ပလာတာ၊ ပန်းသေးခေါက်ဆွဲ၊ ဘဲကင်၊ ဆီချက် စသည်တို့ တဝတပြစားတတ်သည်။ အောင်ကျော်တိုး အလုပ်ကပြန်လာလျှင်လည်း ဘာဝယ်ခဲ့ပါ၊ ညာဝယ်ခဲ့ပါ မှာသေးသည်။ ဒါနဲ့တွင် အားမရဘဲ အိမ်ရှေ့က ဖြတ်သွားသမျှ ဈေးသည်တွေကိုခေါ်ပြီး ဝယ်စားတတ်သေးသည်။ အောင်ကျော်တိုးခမျာ ရတဲ့လခနဲ့မလောက်ငတော့သဖြင့် ရွှေကြယ်သီး၊ လက်ပတ်နာရီ၊ ဘန်ကောက်လုံချည် စသည်တို့ကို ကြောင်နှစ်ကောင် အပေါင်ဆိုင်သို့ မကြာခဏပို့ထားရှာသည်။

အောင်ကျော်တိုးသည် အဆိုအတီးဝါသနာပါသူလည်း ဖြစ်၏။ ညနေတိုင်းကျလျှင် ဝါသနာတူဂီတသမားများကို အိမ်သို့ဖိတ်ပြီး ဆိုကြတီးကြသည်။ ဒီအခါမှာလည်း နုနုရည်က အတင်းဝင်ပြီး သီချင်းဆိုသည်။ ကီးကလည်း မမှန်၊ စည်းဝါးလည်း မကိုက်၊ အသံကလည်း ကြောင်သဖြင့် အားလုံးစိတ်ညစ်ကြရ၏။ ပြီးတော့ သူ့အသံ ကြားလျှင် အိမ်နီးနားချင်းမှ ကလေးတွေ လန့်ပြီးအော်ငိုကြသဖြင့် ပြဿနာဖြစ်ရသည်။ အိမ်ကို ခဲပေါက်ခံရတာလည်း မကြာခဏပဲ။

အောင်ကျော်တိုးမှာ နုနုရည်ကို အတော် စိတ်ကုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ နှဲမှုတ်သင်ပါမယ် လုပ်နေသေးသည်။ ထို့ကြောင့် နုနုရည်ကို ပု,ထုတ်ဖို့စိတ်ကူးနေတုန်း ဘိုလ်မျောက်ဒင်ကို ဖမ်းဖို့အမိန့်ညွှန်ကြားချက်ကို ရရှိသည်။

"ဒါနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုပြီး စိန်လက်စွပ်အမှုနဲ့ ဆရာ့ကိုဖမ်း၊ အိမ်ကိုခေါ်ထား၊ ဆရာကြီးက နုနုရည်ကို ခေါ်ပြီး ထွက်ပြေး၊ အဲဒီလိုဖြစ်အောင် အကွက်ဆင် လွှတ်လိုက်တာ၊ အောင်ကျော်တိုးက သူ့မိန်းမကို ဘယ်တော့မှ လာပြန်ခေါ်တော့မှာ မဟုတ်ဘူး"

အဲဒါမှတကယ့်ပြဿနာပဲ။ ဆက်ခေါ်ထားလျှင်လည်း တပည့်တွေအကုန် ထွက်ပြေးတော့မည်။ ပြန်ပို့တော့လည်း ဘိုလ်မျောက်ဒင် သိက္ခာကျတော့မည်။

"အောင်ကျော်တိုးအနေနဲ့ သူ့မိန်းမကို လာမခေါ်ဘဲ မနေနိုင်အောင် တစ်နည်းနည်းနဲ့ ဖြားယောင်းသွေးဆောင်ရတော့မှာပဲ"

မောင်မောင်စနေက

"ဒီကိစ္စ ကျွန်တော့်တာဝန်ထားလိုက်ပါ။ ကျွန်တော်နဲ့အရင်က အလုပ်တွဲလုပ်ဖူးတဲ့ အတ္တကျော်တို့ကို အကူအညီတောင်းရမယ်"

"သူတို့က ဘယ်သူတွေလဲ"

"ရွှေထုပ်ချပြီး လိမ်စားနေတဲ့ လင်မယားပါ။ ရုပ်ကလေးတွေ သနားကမားနဲ့ အပြောအဆိုကလည်း ညက်တော့ အောင်ကျော်တိုးကို ယုံလောက်အောင်ပြောပြီး မျှားခေါ်လို့ရမယ်ထင်တယ်"

"ဒါဆို မင်းပဲ ကြည့်စီစဉ်လိုက်တော့"

❖

အောင်ကျော်တိုးသည် အတော်ဇိမ်ကျနေ၏။ ညနေတိုင်ကျပြီဆိုလျှင် သူ၏ဂီတမိတ်ဆွေများဖြစ်ကြသော ဒုံမင်းခင်မောင်ကြီး၊ နှဲနိုင်ဇော်၊ ဘာဂျာသားစိုး စသူတို့နှင့်အတူ သီဆိုတီးမှုတ်ကြသည်။



အာခြောက်လာသောအခါ ဝီစကီလေး ပက်ထည့်လိုက်ကြသည်။ အနှောင့်အယှက်ကင်းကင်း အပျော်ကြီးပျော်နေကြ၏။ နုနုရည်ဆိုတာ မေ့တောင်မေ့နေသည်။

ဒီလိုနဲ့ တစ်နေ့မှာတော့ သူ့ထံ ရုပ်ရည်ခပ်သန့်သန့်လင်မယားနှစ်ယောက် ရောက်ရှိလာလေသည်။

"ကျွန်တော်တို့က လက်တွဲဖော်ရုပ်ရှင်ကုမ္ပဏီကပါ"

ဟု ယောက်ျားလုပ်သူက ပြောသည်။

"အော်...ဟုတ်ကဲ့၊ ဘာကိစ္စများရှိလို့ပါလဲ"

မိန်းမဖြစ်သူက

"ဆရာမ နုနုရည် အင်းဝနဲ့ တွေ့ချင်လို့ပါ"

"သူက အင်းဝကို ခဏပြန်သွားပါတယ်၊ ပြောစရာရှိရင် ကျွန်တော့်ကို ပြောနိုင်ပါတယ်"

"ဟုတ်ကဲ့ ဒီလိုပါ။ ကျွန်တော်တို့ကုမ္ပဏီက ဆရာမနုနုရည်ရဲ့ ထမိန်ကလေးတစ်ထည်ဆိုတဲ့ ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ဝယ်ချင်လို့ပါ"

"ဟင်...ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါတွင်မကဘူး၊ အဲဒီဇာတ်ကားမှာ ဆရာမကိုယ်တိုင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ဖို့လဲ ကမ်းလှမ်းချင်ပါတယ်"

"ခင်ဗျာ"

"ဟုတ်ပါတယ်၊ ဒီဇာတ်လမ်းက ဆရာမကိုယ်တိုင် သရုပ်ဆောင်မှ စရိုက်မှန်မှာလေ၊ ကာရိုက်တာကလဲ ကွက်တိပဲ၊ ဇာတ်သိမ်းခန်းမှာ ငါးကြီးကိုဖမ်းမိလို့ပျော်ပြီး ရေထဲကနေ ကမ်းပေါ်ကို ပြေးတက်လာတဲ့ အခန်းဆိုရင် တကယ့် အကယ်ဒမီရှော့ပဲ"

"အဲ...အဲဒီတော့"

"ဆရာမကို အမြန်ဆုံးတွေ့ချင်ပါတယ်၊ ဘယ်တော့ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ”

“ဟိုဒင်း…အင်း…တစ်ပတ်လောက်နေရင် ပြန်လာမှာပါ”

“ဒါဆို နောက်အပတ် လာခဲ့ပါ့မယ်၊ အဲဒီကျမှ ဝတ္ထုဖိုးငွေရော သရုပ်ဆောင်ခ စရန်ငွေရောပေးပါ့မယ်”

လက်တွဲဖော်လင်မယား ပြန်သွားကြသောအခါ အောင်ကျော်တိုးမှာ အပျော်ကြီးပျော်ပြီး စိတ်ကူးတွေယဉ်နေလေသည်။ နုနုရည်တော့ ရုပ်ရှင်မင်းသမီးဖြစ်တော့မည်။ အောင်မြင်မှာ ကျိမ်းသေသည်။ အကယ်ဒမီရမှာလည်း သေချာသည်။ဓာတ်ကားတွေအများကြီး ရိုက်ရပြီး ဝင်ငွေတွေသောက်သောက်လဲရတော့မည်။ ထိုအခါ ကျလျှင် အလုပ်ကထွက်မည်။ စတူဒီဘောကားကြီး ဝယ်စီးမည်။ညနေတိုင်း စကော့ဝီစကီသောက်မည်။ ရုပ်ရှင်ကုမ္ပဏီထောင်မည်။ ကိုယ်တိုင် မင်းသားတက်လုပ်မည်။ စတန့်မင်းသားကျော်ဟိန်းနှင့်အပြိုင် ကျော်တိုးဆိုပြီး နာမည်ကြီးလာမည်။ မယားငယ်ယူ…အဲ…ဒါတော့ မဖြစ်သေးဘူး။ နောက်မှ ကြည့်လုပ်။

ခုလောလောဆယ် အရေးကြီးနေတာကတော့ နုနုရည်ကို အမြန်ဆုံး ပြန်ခေါ်ဖို့ပင်ဖြစ်၏။ ထို့ကြောင့် ဘိုလ်မျောက်ဒင်၏ ကမ်းလှမ်းချက်ကို လက်ခံမည်ဟု အကြောင်းပြန်ကြားလိုက်၏။

❖

ချိန်းဆိုထားတဲ့အတိုင်း စုံထောက်အင်စပက်တော် အောင်ကျော်တိုးကို မောင်မောင်စနေက တောင်ခြေမှာသွားစောင့်ပြီး ခေါ်လာခဲ့သည်။ စခန်းကိုရောက်လာသောအခါ နုနုရည်သည် အောင်ကျော်တိုးကို ပြေးဖက်ပြီး

“ကိုကိုတိုး၊ ကိုကိုတိုး လိုက်လာတယ်နော်၊ နုကိုပစ်ထားလိုက်ပြီလို့ အောက်မေ့နေတာ၊ လွမ်းလိုက်တာကွယ်”



“ကိုကိုတိုးလဲ လွမ်းတာပါပဲ၊ စက္ကန့်နဲ့အမျှ သတိရနေပါတယ်”

ဘိုလ်မျောက်ဒင်က အလွမ်းသယ်ခန်းကို စိတ်မရှည်နိုင်တော့ဘဲ လိုရင်းကို ဝင်ပြောလိုက်သည်။

“ကဲ…အိုင်ဆေးဦးအောင်ကျော်တိုး၊ ကျွန်တော့်ကိုစွပ်စွဲထားတဲ့အမှုနဲ့ပတ်သက်ပြီး ဘယ်လိုရုပ်သိမ်းပေးမလဲဆိုတာသာ ပြောပါ”

အောင်ကျော်တိုးက

“အဲဒီအမှုက ပြီးသွားပါပြီဗျ၊ စွပ်စွဲချက်ကလဲ အလိုအလျောက်ပျက်ပြယ်သွားပြီ”

“ဟင်…ဘယ်လိုဖြစ်တာလဲ”

“လက်စွပ်က တကယ်လုယက်ခံရတာမှ မဟုတ်ဘဲ”

သီဟရတနာပုံနှိပ်တိုက်က သိမ်းစိုးလူလည်ကျတာပဲ၊ တကယ်တော့ သူက မြင်းလောင်းဖို့ ပိုက်ဆံမရှိတာနဲ့ လက်စွပ်ကို သွားပေါင်ပြီး ခင်ဗျားကို လွှဲချလိုက်တာ”

“တော်တော်ရှုပ်တဲ့လူပဲ”

“ဒါတွင်မကသေးဘူး၊ သိမ်းစိုးဆိုတဲ့ကောင်က လက်စွပ်အတုတစ်ကွင်းထပ်လုပ်ပြီး မန္တလေးမှာ သွားပေါင်သေးတယ်၊ ဟိုမှာရှိတဲ့ ငြိမ်းချမ်းခေါ် ညိုပုရဲ့ အကူအညီနဲ့ပေါ့၊ အဲဒီညိုပုဆိုတဲ့အကောင်ကလဲ ခြေစလက်နရှိတယ်၊ သူ့အမေ အမြတ်တနိုးသိမ်းထားတဲ့ သူ့အဖေရဲ့ ပက်ကားဖေါင်တိန်ကနစ်ကို ဖြုတ်ခိုးပြီး ရောင်းစားခဲ့ဖူးတယ်၊ ပတ်ကားဆိုတော့ ၂၁ ကာရက် ရှိတာကိုး”

“အပေါင်ခံတဲ့လူက စိန်အတုမှန်း မသိဘူးလား”

“ဒီကောင်တွေက လူလည်တွေလေ၊ မှုန်ကြီးခေါ် ထွန်းဦးဆီမှာ သွားပေါင်တာ၊ သူက မျက်စိတော်တော်မှုန်ရှာတာကိုး၊ အမယ် သူကလဲ လူပါးနော်၊ စိန်အစစ် ဟုတ်မဟုတ် သိရအောင် စားပွဲပေါ် ခင်းထားတဲ့မှန်ပေါ် ခြစ်ကြည့်သေးတယ်၊ အဲဒီအချိန်မှာ ညိုပုက

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ယူသွားတဲ့ လချေးပြားကို အောက်က မသိမသာထိုး ခံပေးလိုက်တော့ ဂျစ်ခနဲဖြစ်သွားတာပေါ့၊ ထွန်းဦးကလဲ စိန်က ကောင်းလွန်လို့ မှန်စတွေတောင် ပွဲထွက်သွားတာထင်ပြီး အပေါင် ခံလိုက်တာပဲ၊ ခုတော့ အဲဒီအမှုကိုလဲ မန္တလေးစီအိုင်ဒီက အိုင်အို ရှီးကွန့်က ဖော်ထုတ်လိုက်နိုင်ပါပြီ"

"လက်စွပ်အစစ်ကကော..."

"ရန်ကင်းက စိန်ပွဲစား ဒေါ်လမင်းအိမ်ဆီမှာ ရောင်းပေးဖို့ အပ်ထားတာ၊ ဒါလဲ ပြန်သိမ်းလို့ရပါပြီ"

"မောင်သိမ်းစိုးကကော ဘာဖြစ်သွားလဲ"

"ဝတ္ထုရားနှောင့်ယှက်မှုနဲ့ ကြိမ်ဒဏ်ဆယ်ချက် အပြစ်ပေး ခံလိုက်ရတယ်၊ ကဲကဲ...အဲဒီအမှုကလဲ ပိတ်သွားပြီ၊ ခင်ဗျားကိုလဲ အရေးယူစရာ အကြောင်းမရှိတော့ဘူး၊ ဒီတော့ ကျွန်တော့်မိန်းမ ကို ပြန်ခေါ်သွားလို့ ရပြီလား"

"ရပါတယ်၊ မြန်မြန်သာ ပြန်ခေါ်သွားပါဗျာ"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ဆရာကြီးရဲ့"

တပည့်ကျော်မောင်မောင်စနေက ဝင်ပြီး တစ်စခန်းထလေ သည်။

"ဆရာကြီးတို့နှစ်ယောက်စလုံးဟာ ကိုယ့်နယ်ပယ်မှာတော့ နာမည်ကျော် ထိပ်သီးတွေချည်းပဲ၊ ဒီလို ပုဂ္ဂိုလ် နှစ်ယောက် ထိပ် တိုက်တွေ့ဆုံမှုမှာ ခုလိုပဲ ဘာမှ မထူးခြားဘဲ ပြီးသွားမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့၊ အားပြိုင်မှုတစ်ခုခုတော့ ရှိသင့်တယ်"

ဂုဏ်သိက္ခာအရဆိုလျှင် သူပြောတာ သဘာဝကျနေသည်။ ထို့ကြောင့်

"ကောင်းပြီ၊ ဘယ်လိုယှဉ်ပြိုင်မလဲ"

အောင်ကျော်တိုးက မေးသည်။ ဘိုလ်မျောက်ဒင်က



"သေနတ်ချင်းယှဉ်ပစ်မလား"

"အို–မလုပ်ပါနဲ့၊ သေကုန်ရင်ခက်ပါ့မယ်"

နုနုရည်က တားသည်။ အောင်ကျော်တိုးက

"နှဲပြိုင် မှုတ်မယ်"

"ဟာဗျာ၊ တောထဲမှာ ဘယ်ကနှဲ ရှိမှာလဲ"

မောင်မောင်စနေကပင် ဝင်၍အကြံပေးသည်။

"ဒီလိုလုပ်ပါလား၊ ဆရာတို့လက်ကိုင်ပဝါတွေကို စားပွဲပေါ် တင်ထား၊ ဆရာမနုနုရည်မျက်စိကို အဝတ်နဲ့စည်းပြီး တစ်ထည်ကို ရွေး၊ လက်ကိုင်ပဝါပိုင်ရှင်က အနိုင်ရတယ်လို့ သတ်မှတ်ပေါ့"

"ဒါပဲ ရှိတော့တာပေါ့"

နုနုရည်၏မျက်လုံးများပေါ်မှအုပ်ပြီး အဝတ်နှင့်စည်းလိုက် သည်။ အောင်ကျော်တိုးနှင့် ဘိုလ်မျောက်ဒင်တို့က လက်ကိုင်ပဝါ များကို အသီးသီးပစ်ချလိုက်ကြသည်။

"ကဲ...စပြီး ရွေးပေတော့"

နုနုရည်၏လက်သည် စားပွဲပေါ်မှ ဟိုဟိုသည်သည်ရွေလျား ရင်း လိုက်စမ်းနေသည်။ အားလုံးရင်တထိတ်ထိတ် စောင့်ကြည့်နေ ကြသည်။ နုနုရည်၏လက်က ညာဘက်ယွန်းယွန်းသို့ တဖြည်း ဖြည်း တွားသွားနေသည်။ ဘိုလ်မျောက်ဒင်၏လက်ကိုင်ပဝါဆီ ရောက်တော့မည်။ ဘိုလ်မျောက်ဒင်မျက်လုံးပြူးသွားပြီး 'အဟမ်း' ဟု ချောင်းဟန့်သတိပေးလိုက်သည်။ နုနုရည်က သူ့လက်ကိုင်ပဝါ ကိုဆုပ်ကိုင်လိုက်သည်။ ဆွဲယူမည်ပြုပြီးမှ ပြန်လွှတ်ချလိုက်၏။ ဘိုလ်မျောက်ဒင်အသံထွက်အောင်ပင် သက်ပြင်းချမိသည်။ ထို့ နောက် နုနုရည်၏လက်သည် ဘယ်ဘက်သို့ရွေ့သွားပြန်သည်။ အောင်ကျော်တိုး၏လက်ကိုင်ပဝါကို ထိမိ၏။ ကိုင်တွယ်ပွတ်သပ် ကြည့်သည်။ ဆတ်ခနဲ ဆွဲယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ"

ဟုပြောရင်း မျက်နှာပေါ်က အဝတ်စကို ဆွဲဖြုတ်လိုက်သည်။ အောင်ကျော်တိုးက နုနုရည်ကို ဆွဲဖက်လိုက်ပြီး

"ကိုတိုးရဲ့လက်ကိုင်ပဝါမှန်း ဘယ့်နှယ်သိတာလဲ"

ဟုမေးသည်။ နုနုရည်က

"သိတာပေါ့၊ ကိုကိုတိုးဟာ ဘယ်သန်ဆိုတော့ လက်ကိုင်ပဝါကို ဘယ်ဘက်မှာထားလိမ့်မယ်လို့ ခန့်မှန်းမိတယ်၊ ပြီးတော့လဲ ကိုကိုတိုးက လက်ကိုင်ပဝါထဲကို နှပ်ချီးညှစ်ထည့်တတ်တယ် မဟုတ်လား၊ စေးကပ်ကပ်ဖြစ်နေတာကို စမ်းမိကထဲက ကိုကိုတိုးဟာပဲဆိုတာ သိသွားတာပေါ့"

"ဟာ...စုံထောက်ကတော်လို့ မပြောရဘူး၊ တော်လိုက်တာ"

ဘိုလ်မျောက်ဒင်မှာ ချီးမွမ်းခန်းကို နားကြားပြင်းကပ်လာတာ ကတစ်ကြောင်း၊ နုနုရည်စိတ်ပြောင်းသွားမှာ စိုးရိမ်တာကတစ်ကြောင်းကြောင့်

"ကဲ...ဦးအောင်ကျော်တိုး၊ ခင်ဗျားသွားနိုင်ပြီမဟုတ်လား၊ သူ့ကိုခေါ်ပြီး အမြန်ဆုံးပြန်ပေတော့... အချိန်မရှိဘူး"

ဟု အတင်းနှင်လွှတ်သည်။ ဒါတောင်မှ နုနုရည်က တောင်ခြေရောက်အောင် အဝေးကြီးသွားရမှာ လမ်းမှာ ဆာနေမယ်၊ ဗိုက်ဖြည့်သွားမှဆိုပြီး ထမင်းတွေ တဝတပြစားသွားသေးသည်။

တကယ်ဆိုလျှင်

'ဘိုလ်မျောက်ဒင် တစ်ကိုယ်တည်းမှာ အရှုံးကြီးပမာဖြစ်ခါ ဇာတ်သိမ်းပြီ'ဆိုပြီး အလွမ်းလေးနဲ့ အဆုံးသတ်ရမှာလေ။ ခုတော့ ဒီလိုမဟုတ်။ စခန်းတစ်ခုလုံး လွတ်ပြီကျွတ်ပြီဆိုပြီး အလွန်ပျော်ရွှင်နေကြသည်။ ညဘက်ကျတော့ မီးပုံပွဲကျင်းပပြီး အောင်ပွဲခံစားကြ သောက်ကြသေးသည်။ ဦးရွှေမင်းသားက မယ်ဒလင်တီးပြီး



'အန္တရာယ်ကင်း'သီချင်း အော်ဆိုတာကိုတောင် ကန့်ကွက်မယ့်သူမရှိ။

❖

စုံထောက်အင်စပက်တော် အောင်ကျော်တိုးခမျာမှာတော့ လက်တွဲဖော် ရုပ်ရှင်ကုမ္ပဏီကဆိုသော လင်မယားကို လာနိုးလာနိုးမျှော်လိုက်ရတာ၊ တစ်ပတ်နေလို့လည်းမလာ၊ တစ်လကြာလည်း ပေါ်မလာ။ သုံးလေးငါးလကြာတဲ့အထိ အရိပ်အယောင်တောင် မမြင်ရတော့။

ဒီကြားထဲမှာ နုနုရည်ကလည်း တောထဲမှာနေတုန်းက အစားအသောက် ဆင်းရဲခဲ့လို့ဆိုပြီး အတိုးချစားလိုက်တာ ကိုယ်အလေးချိန် ပေါင်သုံးဆယ်လောက်တိုးပြီး ဝတုတ်ပြဲကြီး ဖြစ်လာသည်။ အောင်ကျော်တိုး၏လက်စွပ်၊ ရွှေကြယ်သီး စသည်တို့မှာလည်း ကြောင်နှစ်ကောင်၊ ကုံ့ကော်ပိုင်းယူ၊ အတိုးချိုချိုစသော အပေါင်ဆိုင်များသို့ တစ်လှည့်စီ ပို့နေရလေသည်။

ဒီလိုနဲ့ ခြောက်လခန့် ကြာသွားသည်။ တစ်ရက်မှာတော့ အသားဖြူဖြူ အစဉ်အမြဲသွားဖြဲပြီး ပြုံးရယ်နေတတ်သော လူရွယ်တစ်ယောက်သည် သူတို့အိမ်သို့ ရောက်ရှိလာပြီး

"ကျွန်တော်က နာမည်ကျော်ရုပ်ရှင်ဒါရိုက်တာ ချိုတူးဇော်ပါ"

ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ ဒီနာမည်တစ်ခါမှ မကြားဖူးသော်လည်း

"အော်..ကြွပါ..ကြွပါ"

ဟုခရီးဦးကြိုပြုလိုက်ပြီး

"ဘာကိစ္စများပါလိမ့်"

ဟုမေးရင်း ဟိုလင်မယားလိုများ ဖြစ်နေမလားဟု အကဲခတ်ရသေးသည်။ လူပုံကတော့ ဟုတ်မလိုလိုပဲ။ ချိုတူးဇော်ဆိုသူက

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ ကျွန်တော့်ရဲ့မိတ်ဆွေ'ဆားတစ်တို့' ရုပ်ရှင်ကုမ္ပဏီက ဒီကဆရာမနုနုရည်ရေးတဲ့ ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါဆိုတဲ့ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ဝယ်ချင်တယ်ဆိုလို့ လာခဲ့တာပါ။ သဘောတူမယ်ဆိုရင် စရန်ငွေတစ်ခါထဲပေးခဲ့ပါ့မယ်"

ဒီတစ်ခါတော့ သေချာပြီဟု ဝမ်းသာသွားပြီး

"ရပါတယ်၊ ရပါတယ်၊ ဒါနဲ့မင်းသမီးငှားဖို့ကော အစီအစဉ်ရှိသေးသလား"

ဟု အောင်ကျော်တိုးကမေးတော့ ချိုတူးဇော်က

"မင်းသမီးတော့ မငှားပါဘူး၊ မင်းသားပဲ ငှားချင်တာပါ"

"ဗျာ"

"ဟုတ်ပါတယ်၊ အစကတော့ ကျွန်တော်ကိုယ်တိုင် မင်းသားလုပ်မလို့ပါပဲ၊ အခုတော့ ဆရာနဲ့ပိုပြီး လိုက်ဖက်မယ်ထင်လို့၊ အဲဒါ ဆရာအောင်ကျော်တိုးအနေနဲ့ အမိကနေရာက ပါဝင်သရုပ်ဆောင်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

အောင်ကျော်တိုးမှာ ထခုန်မိမတတ် ဝမ်းသာသွားပြီး

"သိပ်ကောင်းတဲ့စိတ်ကူးပါပဲ၊ ဒါနဲ့ကျွန်တော် ဘယ်ဇာတ်ရုပ်နေရာက ပါဝင်သရုပ်ဆောင်ရမှာလဲဟင်"

"မိန်းမလျာဒေစီကျိန်း"

အောင်ကျော်တိုးမှာ အခုမှ တကယ်ပင် ထခုန်မိလေ၏။ အကယ်ဒမီရျှေ့ပါပဲ။

မင်းလူ

ကလျာမဂ္ဂဇင်း၊ ဧက်တင်ဘာ၊ ၂၀၁၀။